ညောင်ရမ်းဇေယျပဏ္ဍိတ
ပြုစုသော

# ကုဒ္ဒံပါဒ်စာအုပ်

၁၀၀၀ • ဘာသာရေးခွင့်ပြုချက်အရ • ဒုတိယအကြိမ်

၁၄၁၉၂

၂၉၄•၃၁၂

အင်းဝညောင်ရမ်းဇေယျပဏ္ဍိတ

စီရင်ပြုစုသည်

# ဣဒ္ဓိပါဒ်စာအုပ်

---

ကာယသုခပုံနှိပ်တိုက်

အမှတ် ၁၂၉–၃၁–လမ်း၊ ရန်ကုန်မြို့။

သာသနာ ၂၅၂၃၊ ကောဇာ–၁၃၄၁

၁၉၇၉-ခု၊ မေလ

ဒုတိယအကြိမ် အုပ်ရေ ၁၀၀၀

ဘာသာရေးဆိုင်ရာစာပေခွင့်ပြုချက်
အမှတ် (၁၁၅၁၇)

ပုံနှိပ်ထုတ်ဝေသူ။ ။ဦးဇေယျ (၀၁၁၉၈) ညောင်ရမ်းဇေယျပလ္လိုဝ ရတနာဝုံစာပေ အမှတ် ၁၁/၁၃-အနော်ဘက်ရွှေဂုံတိုင် (၄)လမ်း၊ ရန်ကုန်မြို့ ကထုတ်ဝေ၏။ ။ဒေါ်လှမြင့် (မြဲ ၀၂၀၉၀) ကာယသုခ-ပုံနှိပ်တိုက်၊ အမှတ် ၁၂၉-၃၁-လမ်း၊ ရန်ကုန်မြို့က ပုံနှိပ်သည်။ အဖိုး ၁၅-ကျပ်။

# နိဒါန်း

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

ခပ်သိမ်းသောသတ္တဝါဟူသမျှတို့သည် (အရိယာမှတပါး) ကြောက်လန့်တတ်ကြသော သတ္တဝါများသာဖြစ်လေရာ ထိုကြောက်လန့်ခြင်းဘေးမှ ကင်းလွတ်စေကြရန် မှီခိုအားကိုးရာ၊ ကိုးကွယ်ရာ၊ ခိုကိုးစရာတို့ကို ရှာဖွေကြစမြဲပင်ဖြစ်လေသည်။

ယင်းသို့ မှီခိုအားကိုးရာ အသီးသီး ထားရှိကြရာတွင် တိရစ္ဆာန်များ၊ လူများ၊ နတ်များတို့တွင် အသီးသီးဘုရင်တင်၍ကာကွယ်စောင့်ရှောက်ကြစေရန်ထားရှိသောမူစနစ်မှာ ရှေးအကျဆုံးသော မူရင်းတခုအဖြစ် သိသာနိုင်လေသည်။ ထိုမှုဖြင့်ပင် အားမရကြသေးဘဲ ယုံကြည်ယူဆစရာဘာသာတရားအသီးသီးတို့ ထားကာလည်း ကိုးကွယ် ချဉ်းကပ်ကြပြန်လေသည်။

ယင်းသို့ ဘာသာအသီးသီး ကိုးကွယ်ကြခြင်းမှာ အသိပညာဉာဏ်ဖြင့် ယှဉ်သော သဘောတရား ပါဝင်စေလျက် ပစ္စုပ္ပန်ဘဝ၏ အားထားစရာများနှင့် သံသရာတမလွန်ဘဝများပါ အားထားဘွယ်ရာများဖြစ်ကြစေရန်ပင် တဆင့်တက်လှမ်း၍ ခိုလှုံလာကြပြန်လေသည်။

အမြော်အမြင် ဆင်ခြင်တုံတရားနှင့် ပြည့်စုံသူ ပညာရှင်တို့ကမူ ပစ္စုပ္ပန်ဘဝနှင့် သံသရာ နှစ်ဌာနတို့သည် ဘဝချည်းသာဖြစ်၍ ဘဝဟူသမျှတို့သည်လည်း ဆင်းရဲခြင်းဘေးဒုက္ခများသာ ဖြစ်ကြောင်း-ဟူသော အသိမျိုးကိုခံယူလျက်ဘဝဒုက္ခဇာတ်သိမ်း၍ ငြိမ်းရောမှန်တရားတို့ကိုပင် ထိုးထွင်းရှာကြံ မှီခိုအားထားရာ အစစ် တရားမြတ်တို့ကို ကြံစည်အားထုတ်ကြပြန်လေသည်။

ယင်းသို့ မှီခိုကိုးကွယ်ရာနှင့် ဘာသာတရားတို့၏ ပဓာနမှာ ယဉ်ကျေးမှုသဘောတရားပင်ဖြစ်လေသည်။ မကောင်းသောအပြုအမူ၊ အမူအယာ ဟုဆိုအပ်သော ရိုင်းမိုက်မှုတို့ကိုဖယ်၍ ကောင်းမြတ်သော အမူအရာ အကျင့်ဟူသမျှတို့ကို သိမ်မွေ့မြတ်နိုးဘွယ်ရာ လူ့ယဉ်ကျေးမှု ဟူသမျှတို့ကို ပြုမူကျင့်သုံးခြင်းဖြင့် ယဉ်ကျေးမှုသဘောတရားတို့ကို လူမျိုးအသီးသီးတို့သည် ဘာသာဘာဝအလျောက် ရေမြေဒေသကွဲပြားသကဲ့သို့ပင်ထိုလူ့ယဉ်ကျေးမှု

သဘောတရားတို့သည်လည်း ကွဲပြားခြားနားကြ ပြန်လေသည်။ မည်သို့ပင် ကွဲပြားခြားနားသော်လည်း ယဉ်ကျေးမှုဟူသည်မှာ မိမိတို့၏ဓလေ့ထုံးစံနှင့် တွဲလျက် ကောင်းမြတ်သည်ဟူ၍ပင် ယုံကြည်ယူဆ ရွက်ဆောင် နေကြလေသည်။

ယင်းသို့ ယဉ်ကျေးမှု အစုစုတို့မှ ယုံကြည် ယဉ်ကျေးမှု ပညာဟူသော တန်ခိုးသိဒ္ဓိ အပေါင်းတို့ကို ဖြစ်စေလျက် လောကီ အကျိုးကျေးဇူးနှင့် လောကုတ္တရာ အကျိုးကျေးဇူးတို့ကို အမှန်ဖြစ်စေကြောင်း သိရှိကြသဖြင့် ထိုတန်ခိုးသိဒ္ဓိ (ဣဒ္ဓိပါဒ်)တို့ကို ကျင့်သုံးလာကြခြင်းဖြင့် ဖော်ပြခဲ့သည့် အကျိုးကျေးဇူးအပေါင်းတို့ကို ပြီးပြည့်စုံသည် ဖြစ်ကြောင်း သိမြင်ကြကုန်သောပညာရှင်အပေါင်းတို့သည်ဗုဒ္ဓသာသနာတော်၏အစဉ်တလျှောက် တွင် ခံယူကျင့်သုံးခဲ့ကြလေသည်။ ယခုအခါ ရှေးယဉ်ကျေးမှုအနှစ်သာရ ဖြစ်သော (ဆယ်ဆောင်တွဲ)ကို ဌာပနာသွင်းလျက်ထိုယဉ်ကျေးမှုနှင့်တန်ခိုး သိဒ္ဓိအရာရာ ပြီးမြောက်စေသော ဤ(ဣဒ္ဓိပါဒ်) စာအုပ်ကို ပုံနှိပ်ထုတ်ဝေ အပ်ပါသည်။ ရည်သန်ရိုးရင်း နှလုံးသွင်းအပ်သည့် စေတနာအတိုင်း ခပ်သိမ်းသူ ပညာရှင်အပေါင်းတို့သည် ရွက်ဆောင် ကျင့်သုံးကြခြင်းဖြင့် မုချပင်အကျိုးကျေးဇူးအာနိသင်ကို ဒိဋ္ဌဓမ္မခံစားကြရပါစေသတည်း။

| | | |
|---|---|---|
| ၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ | ဘုရား | ပညာရှိ။ |
| ၂။ ဓမ္မံ သရဏံ ဂစ္ဆာမိ | တရား | နည်းကောင်း။ |
| ၃။ သံဃံ သရဏံ ဂစ္ဆာမိ | သံဃာ | မိတ်ကောင်း။ |
| ၄။ ယောနိသောမနသိကာရ | သဒ္ဓါ | စိတ်ကောင်း။ |
| ၅။ သပ္ပုရိသသံသေဝစက် | သစ္စာ | အမှီကောင်း။ |

"ဗုဒ္ဓဂုဏ်တန်ခိုးဖြင့်ချမ်းသာပါစေ"

ညောင်ရမ်းဇေယျပဏ္ဍိတ

# မာတိကာ


| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၁ | နတ်ပင့်ပဏာမရတနာသုံးပါးအနက်နှင့်သံကွန်ချာ ဂါထာတော် | ၁ |
| ၂ | မင်္ဂလသုတ်ပါဠိအနက်ကောက်နုတ်ချက်အမေးအဖြေ အဓိပ္ပါယ်နှင့်သံပေါက် | ၈ |
| ၃ | အပြင်အောင်ခြင်းရှစ်ပါးပါဠိအနက် | ၃၀ |
| ၄ | အတွင်းအောင်ခြင်းရှစ်ပါးပါဠိအနက် | ၃၄ |
| ၅ | ရတနာရွှေချိုင့်ပါဠိအနက် | ၃၈ |
| ၆ | နမက္ကာရပါဠိအနက် | ၄၃ |
| ၇ | လောကနီတိပါဠိအနက် . | ၆၁ |
| ၈ | ပရိတ်ကြီး(၁၁)သုတ်၊ ၁–မင်္ဂလသုတ်၊ ၂–ရတနသုတ်၊ ၃–မေတ္တသုတ်၊ ၄–ခန္ဓသုတ်၊ ၅–မောရသုတ်၊ ၆–ဝဋ္ဋသုတ်၊ ၇–ဓဇဂ္ဂသုတ်၊ ၈-အာဋာနာဋိယသုတ်၊ ၉–အင်္ဂုလိမာလသုတ်၊ ၁၀–ဗောဇ္ဈင်သုတ်၊ ၁၁-ပုဗ္ဗဏှသုတ် ပါဠိနှင့်အနက်များ | ၁၁၂ |
| ၉ | ဓမ္မစက္ကပ္ပဝတ္တနသုတ်အမွန်းပါဠိအနက်အဓိပ္ပါယ် | ၁၇၁ |
| ၁၀ | အနတ္တလက္ခဏာသုတ် | ၁၉၄ |
| ၁၁ | ဆဒိသာပါလသုတ်ပါဠိအနက် | ၁၉၈ |
| ၁၂ | စက်ပရိတ်တော်ပါဠိအနက် | ၂၀၇ |
| ၁၃ | ပရိမိတ္တဇာလသုတ်ပါဠိအနက် | ၂၁၃ |
| ၁၄ | ဓာရဏပရိတ်ပါဠိအနက် | ၂၁၇ |
| ၁၅ | မဟာသမယသုတ် | ၂၂၄ |
| ၁၆ | ဗောဇ္ဈင်သုတ် | ၂၃၃ |
| ၁၇ | ရာဟုလောဝါဒသုတ်အနက် | ၂၃၄ |
| ၁၈ | ဓာတ်တော်ပေါင်းစုံဘုရားပင့် | ၂၄၀ |

# မာတိကာ

| ဦးရေ | အခန်းကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၁၉ | ဝိဇ္ဇာဉာဏ်ဘုရားရှိခိုး | ၂၄၃ |
| ၂၀ | အနေကဇာတင်များ(အပြည့်အစုံ) | ၂၄၇ |
| ၂၁ | သိင်္ဂါလောဝါဒသုတ်အဓိပ္ပါယ်ကောက်လင်္ကာများ | ၂၄၉ |
| ၂၂ | စည်းဂါထာများ | ၂၅၃ |
| ၂၃ | သံဗုဒ္ဓေဂါထာတော် | ၂၅၅ |
| ၂၄ | တန်ခိုးကြီးဂါထာများ | ၂၅၆ |
| ၂၅ | အရှင်မဟာရဋ္ဌသာရဆုံးမစာ | ၂၆၅ |
| ၂၆ | ရှင်သီလဝံသဆုံးမစာ | ၂၆၉ |
| ၂၇ | တောင်ဘီလာဆရာတော်ဆုံးမစာ | ၂၇၆ |
| ၂၈ | ဘိုးသူတော်ဦးနုစကားပုံ | ၂၇၉ |
| ၂၉ | ဣဒ္ဓိပါဒ် ၄-ပါး | ၂၈၁ |



# ဇာတ်ပါဠိစာအုပ်

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"
"သာသနာတော် နေလပမာ ထွန်းတောက်ပါစေသတည်း"
ဗုဒ္ဓဂုဏ်တန်ခိုးဖြင့် ချမ်းသာပါစေ။

## ဇာတ်ပါဠိ (၁)

### ၁-နိပါတ် ပဌမ

ပါဠိ ၁။ သမန္တာ စက္ကပါဠေသု အာဂစ္ဆံသု ဒေဝတာ၊
၂။ သဒ္ဓမ္မံ မုနိရာဇဿ သုဏန္တိ သဂ္ဂမောက္ခဒံ၊
၃။ ဓမ္မသဝန ကာလော အယံ ဘဒ္ဒန္တာ၊

အနက် ၁။ သမန္တာ၊ ဤစကြာဝဠာတိုက်၏ ထက်ဝန်းကျင်သော အရပ်တို့၌ တည်နေကြကုန်သော။ စက္ကဝါဠေသု၊ တသောင်းသောစကြာဝဠာတိုက်တို့၌။ ဝသန္တာ၊ မိမိတို့၏ ဘုံဗိမာန်တို့ဖြင့် ကြည်သာရွှင်ပြုံး သီတင်းသုံးမွေ့လျော် နေတော်မူကြကုန်သော။ ဒေဝတာ၊ သမာဓိကောင်း အထက် သမ္မာဒေဝ သာသနာတော်စောင့် အရိယာနတ်ပြဟ္မာ ဟူသမျှ အပေါင်းတို့သည်။ အာဂစ္ဆ၊ ဤပရိတ်ကော် သုတ်တော် အဘိဓမ္မာ တရားတော် ဟောရွတ်ရာ ဌာနဖြစ်သော ဤအရပ်ဒေသ ဤ........သို့။ အာဂစ္ဆန္တု၊ တပါး မကျန် ကြားသိ၍ လာလှည့်ကြကုန်လော့။

ကာယသုခ I (ဒုတိယအကြိမ်)

၂။ မုနိရာဇသာ၊ သောဏမုနိ အသောဏမုနိ အာဂါရမုနိ အနာဂါရမုနိ ပစ္စေကမုနိဟု ဆိုအပ်သော ငါးပါးသောမုနိတို့၏ မင်းဖြစ်တော်မူတတ်ထသော မုနိမုနိမည်တော်မူသော မြတ်စွာဘုရားသခင်၏။ သဂ္ဂမောက္ခဒံ၊ လူ့,နတ်,နိဗ္ဗာန်,ကျိုးသုံးတန်ကို ကေန်ဆတ်ဆတ် ပေးတော်မူတတ်ထသော။ သဒ္ဓမ္မံ၊ သူတော်ကောင်း တရားတည်းဟူသော ပရိတ်တော် သုတ်တော် အဘိဓမ္မာတရားတော်ကို။ သုဏန္တု-ကြွရောက်၍ နာလှည့်ကြကုန်လော့။

၃။ ဘဒ္ဒန္တာ၊ အို .... နတ်မင်း - နတ်ကောင်း နတ်ပြဟ္မာ ဟူသမျှ အပေါင်းတို့။ အယံကာလော၊ ဤအခါသမယကြီးသည်ကား။ ဓမ္မသဝန ကာလော၊ ပရိတ်တော် သုတ်တော် အဘိဓမ္မာတရားတော်ကို နာကြားရ အံ့သောအခါကြီးပါပေတည်း။

၄။ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ (၃)

၄။ အရဟတော၊ ကိလေသာတည်းဟူသော မြူရမ္မက်တို့ကို အရဟတ္တ ဉာဏ်မဂ် ဓားသံလျက်ဖြင့် ပယ်ဖျက်ခုတ်ထွင် အောင်မြင်တော်မူ၍ လူနတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်ထသော။ သမ္မာသမ္ဗုဒ္ဓဿ၊ သစ္စာဉေယျ တရားဓမ္မအပုံ အလုံးစုံကို အကုန်မကျန် သယမ္ဘူဉာဏ်ဖြင့် မိမိကိုယ်တော်တိုင် အလိုလိုထိုးထွင်း၍ သိတော်မူတတ်ထသော။ တဿဘဂဝတော၊ ထိုဣဿရိယ ဓမ္မ, ယသ, သိရိ, ကာမ, ပယတ္တ တည်းဟူသော ဘုန်းတော် ခြောက်စုံ ဂုဏ်တော် အနန္တနှင့် ပြည့်စုံတော် မူသောမြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးအား။နမော၊ ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား....။

## ၂-ရတနာသုံးပါး ဂုဏ်တော်များ

၅။ ၁။ ဣတိပိ သော ဘဂဝါ အရဟံ, သမ္မာသမ္ဗုဒ္ဓေါ,ဝိဇ္ဇာစရဏ သမ္ပန္နော,သုဂတော,လောကဝိဒူ,အနုတ္တရော ပုရိသ ဒမ္မသာရထိ,သတ္ထာဒေဝ မနုဿာနံ, ဗုဒ္ဓေါ, ဘဂဝါတိ။

၂။ သွာက္ခာတော,ဘဂဝတာ ဓမ္မော သန္ဒိဋ္ဌိကော, အကာလိကော,ဟေိ ပဿိကော, ဩပနေယျိကော, ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ,တိ။

၃။ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော, သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ၊ ဧသ ဘဂဝတော သာဝကသံဃော၊ အာဟုနေယျော၊ ပါဟုနေယျော၊ ဒက္ခိဏေယျော၊ အဉ္ဇလိကရဏီယော၊ အနုတ္တရံ ပုညက္ခေတ္တံ လောကဿာတိ။

၁။ အနက်။ ။သောဘဂဝါ၊ထိုသက်တော်ထင်ရှား သဗ္ဗညုတမြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည်။ ဣတိပိ-ဣမိနာစကာရဏေန၊ဤသို့ ခပ်သိမ်းသောကိလေသာရန်တို့မှ ကင်းဝေးတော်မူ၍ လူနတ်ဗြဟ္မာသတ္တဝါ အပေါင်းတို့၏ ပူဇော်အထူးကိုခံတော်မူထိုက်သော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်, ဝိမုတ္တိဂုဏ်, ဝိမုတ္တိဉာဏဒဿနဂုဏ်တို့နှင့် ပြည့်စုံတော် မူသော ကြောင့်လည်း။ အရဟံ၊ အရဟ မည်တော်မူ၏။

သောဘဂဝါ၊ ထိုသက်တော်ထင်ရှား သဗ္ဗညုတ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည်။ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့သစ္စာလေးပါး တရားဓမ္မအပုံ အလုံးစုံကို အကုန်မကျန် သယမ္ဘူဉာဏ်ဖြင့် မိမိကိုယ်တော်တိုင် အလိုလို ထိုးထွင်း၍ သိတော်မူပေတတ်သော ကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏။

သောဘဂဝါ၊ ထိုသက်တော်ထင်ရှား သဗ္ဗညုတ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး သည်။ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး စရဏတဆဲ့ငါးပါးနှင့် ပြည့်စုံတော်မူပေသောကြောင့်လည်း။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏။

သောဘဂဝါ၊ ထိုသက်တော်ထင်ရှား သဗ္ဗညုတ မြတ်စွာဘုရားသခင် ကိုယ်တော် မြတ်ကြီးသည်။ ဣတိပိ- ဣမိနာစ ကာရဏေန၊ ဤသို့ ကောင်းသောစကားကို ဆိုတော်မူ၍ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ, မကပ်ငြိဘဲ မဇ္ဈိမပဋိပတ် ကောင်းမြတ်ဖြောင့်တန်း နိဗ္ဗာန်လမ်းသို့ ရှေးနန်းပုရီ ဘေးမဲ့ပြည်သို့ ကြွချီတော် မူပေသောကြောင့်လည်း။ သုဂတော၊ သုဂတ မည်တော်မူ၏။

သောဘဂဝါ၊ ထိုသက်တော်ထင်ရှား သဗ္ဗညုတမြတ်စွာဘုရား သခင်ကိုယ်တော်မြတ်ကြီးသည်။ ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့ကာမရူပအရူပဟုဆိုအပ်သော ဓလာကအပြင် ဘုံတခွင်ကို ကုန်စင်ခပင်း မကျန်ကြွင်းအောင် အလင်းထင်ပေါ် သိပေတော် မူတတ်သောကြောင့်လည်း။ လောကဝိဒူ၊ လောကဝိဒူ မည်တော်မူ၏။

သောဘဂဝါ၊ ထိုသက်တော်ထင်ရှား သဗ္ဗညုတ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးသည်။ ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့အတုမရှိမြတ်တော်မူသည်ဖြစ်၍ မယဉ်ကျေးသော လူယောကျ်ား နတ်ယောကျ်ား တိရစ္ဆာန်ယောကျ်ားတို့ကို ယဉ်ကျေးအောင် ဆုံးမတော် မူပေတတ်သောကြောင့်လည်း။ အနုတ္တရောပုရိသဒမ္မသာရထိ၊ အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူ၏။

သောဘဂဝါ၊ ထိုသက်တော်ထင်ရှား သဗ္ဗညုတ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးသည်။ ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့အတုမရှိမြတ်တော်မူသည်ဖြစ်၍ သတ္တဝါအပေါင်းတို့၏ ညွတ်ညောင်းခယ ဆိုဆုံးမခံရာ ဆရာသခင် ဦးထိပ်တင်ကြီး ဖြစ်တော်မူသောကြောင့်လည်း။ သတ္ထာဒေဝမနုဿာနံ၊ သတ္ထာဒေဝမနုဿာန မည်တော်မူ၏။

သောဘဂဝါ၊ ထိုသက်တော်ထင်ရှား သဗ္ဗညုတ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးသည်။ ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့သစ္စာလေးပါး တရားဓမ္မအပုံ အလုံးစုံကို လူနတ်အများ သိထင်ရှားအောင်ဟောကြားထုတ်ဖော် သိစေတော်မူပေတတ်သောကြောင့်လည်း။ ဗုဒ္ဓေါ၊ ဗုဒ္ဓမည်တော်မူ၏။

သောဘဂဝါ၊ ထိုသက်တော်ထင်ရှား သဗ္ဗညုတ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးသည်။ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့ဘုန်းတော်ကံတော်ဉာဏ်တော် တန်ခိုးတော်အနန္တ ကြီးမြတ်လှ၍ လောကသုံးပါး၌လူနတ်အများတို့၏ ချီးပကော်ရော် ပူဇော်အထူးကို ခံတော်မူပေထိုက်သောကြောင့်လည်း။ ဘဂဝါ၊ ဘဂဝါ မည်တော်မူ၏။ ဣတိ၊ ဤသို့သော

ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးကို။ နမော၊ ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပါ၏အရှင်ဘုရား။

၂။ အနက်။ ။ဘဂဝတော၊ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည်။ သွာက္ခာတတော၊ အစ,အလယ်,အဆုံး, သုံးပါးဂုဏ်နှင့် ပြည့်စုံစွာ ဟောကြားတော်မူအပ်သော။ ဓမ္မော၊ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ဟူသော သုတ်,ဝိနည်း,အဘိဓမ္မာ,လောကုတ္တရာ တရားတော်မြတ်သည်။ သန္ဒိဋ္ဌိကော၊ ကျင့်ဆောင်သူတို့အား ယခုဘဝ မျက်မှောက်၌ပင် ဒိဋ္ဌကိုယ်တိုင် တွေ့မြင်ခံစံကြရသော ကျေးဇူးအထူးနှင့်လည်း ပြည့်စုံတော်မူပါပေ၏။ အကာလိကော၊ ကာလမရွေး ကျင့်သည့်နေ့ပင် တွေ့မြင်ယုံကြည်ကြရသော ဂုဏ်ကျေးဇူးအထူးနှင့်လည်း ပြည့်စုံတော်မူပါပေ၏။ ဧဟိပဿိကော၊ လာရောက်ရှုမြင် ကျေးဇူးတင်မြဲဖြစ်၍ လာပါရှုပါ ကျင့်ကြပါဟု မပါ,ပါအောင် ခေါ်ဆောင် သွတ်သွင်း တိုက်တွန်းခြင်းငှာထိုက်တော်မူသော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံတော်မူပါပေ၏။ ဝိညူဟိ၊ ပညာရှိ သူတော်ကောင်းအပေါင်းတို့သည်။ ပစ္စတ္တံ၊အသီးသီးသောမိမိတို့၏ ခန္ဓာ၌။ ဝေဒိတဗ္ဗော၊ ချမ်းသာလေစွ ကောင်းလေစွဟု ကာယစိတ္တ သုခနှစ်ပြင် ထင်ထင်ရှားရှား ခံစားသိမြင်ရသော ဂုဏ်ထူး ဝိသေသနှင့် ပြည့်စုံတော်မူပါပေ၏။ ဣတိ၊ ဤသို့ဂုဏ်တော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော တရားတော်မြတ်အပေါင်းတို့ကို။ နမော၊ ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပါ၏အရှင်ဘုရား။

၃။ အနက်။ ။ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ဗုဒ္ဓမြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး၏။ သာဝကသံဃော၊ ကလျာဏပုထုဇဉ် သီလဝန္တအရှင်မြတ်တို့နှင့်တကွ အရိယာရှစ်ပါးသံဃာတော်မြတ်အပေါင်းသည်။

သုပ္ပဋိပန္နော၊အဓိသီလ အဓိစိတ္တ အဓိပညာ သိက္ခာသုံးရပ် လွန်ကောင်းမြတ်သော ပဋိပတ်ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

ဥဇုပ္ပဋိပန္နော၊အဓိသီလ အဓိစိတ္တ အဓိပညာ သိက္ခာသုံးရပ် လွန်ဖြောင့်မတ်သော ပဋိပတ်ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

ဉာယပဋိပန္နော၊ အဓိသီလ အဓိစိတ္တ အဓိပညာ သိက္ခာသုံးရပ် လွန်သင့်မြတ်သော ပဋိပတ်ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

သာမိစိပ္ပဋိပန္နော၊ အဓိသီလ အဓိစိတ္တ အဓိပညာ သိက္ခာသုံးရပ် ရှိသေအပ်သော ပဋိပတ်ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။ ဣမာနိ စတ္တာရိ ပုရိသယုဂါနိ၊ ဤလေးပါးသော ယောကျ်ားမြတ်အစုံတို့သည်။ သန္တိ၊ ရှိကုန်၏။ ဣမာနိ အဋ္ဌပုရိသပုဂ္ဂလာနိ၊ ဤရှစ်ပါးသောယောကျ်ားမြတ် အစုံတို့သည်။ သန္တိ၊ ရှိကုန်၏။ ဘဂဝတော၊ ဗုဒ္ဓမြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး၏။ သာဝကသံဃော၊ ကလျာဏပုထုဇဉ် သီလဝန္တအရှင်မြတ်တို့နှင့် အရိယာရှစ်ပါး တပည့်သား သာဝက သံဃာတော်မြတ်အပေါင်းသည်။ အာဟုနေယျော၊ အာဂန္တုကတို့အား ရည်မှတ်၍ ထားအပ်သော အလှူဝတ္ထုမျိုး အဝေးမှဆောင်အပ်သော အလှူဝတ္ထုမျိုးတို့ကိုလည်း ခံယူခြင်းငှာ ထိုက်တန်စွာသော ဂုဏ်ထူးဝိသေသနှင့်လည်း ပြည့်စုံတော်မူ၏။

ပါဟုနေယျော၊ လက်ဆောင်အလို့ငှာ ယူဆောင်၍လာအပ်သော အလှူဝတ္ထုမျိုးကိုလည်း ခံယူခြင်းငှာ ထိုက်တန်စွာသော ဂုဏ်ထူး ဝိသေသနှင့် ပြည့်စုံတော်မူ၏။

ဒက္ခိဏေယျော၊ မြတ်သော အလှူရေစက်ကို ခံယူခြင်းငှာ ထိုက်တန်စွာသော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံတော်မူ၏။

အဉ္ဇလိကရဏီယော၊ လူမင်းနတ်မင်း ဗြဟ္မာမင်းတို့၏ ဝပ်စင်းကော်ရော်ပူဇော်အထူးကို ခံတော်မူထိုက်သော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံတော်မူ၏။

လောကဿ၊ လူအပေါင်း၏။ အနုတ္တရံ၊ အတုမရှိ မြင့်မြတ်သော။ ပုညက္ခေတ္တံ၊ ကုသိုလ်မျိုးစေ့တို့ကို စိုက်ပျိုးချရာ လယ်ယာမြေကောင်း သဘွယ်လည်း ဖြစ်တော်မူပေ၏။ ဣတိ၊ ဤသို့ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသော သံဃာတော်မြတ် အပေါင်းတို့ကို။ နမာမိ၊ ရိုသေမြတ်နိုးလက်အုပ်မိုး၍ ရှိခိုးပါ၏အရှင်ဘုရား။

## ၃–သံကွန်ချာဂါထာမြွက်

၁။ သိရသ္မိံ မေ ဗုဒ္ဓသေဋ္ဌော၊ သာရိပုတ္တော စ ဒက္ခိဏေ။
ဝါမအံသေ မောဂ္ဂလာနော၊ ပုရတော ပိဋကတ္တယံ။
၂။ ပစ္ဆိမေ မမ အာနန္ဒော၊ စတုဒ္ဒိသာ ခီဏာသဝါ။
သမန္တာ လောကပါလာစ၊ ဣန္ဒာဒေဝါ သဗြဟ္မကာ။
၃။ ဧတေသံ အနုဘာဝေန၊ သဗ္ဗေ ဘယာ ဥပဒ္ဒဝါ။
အနေက အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

၁။ မေ၊ ဘုရားတပည့်တော်၏။ သိရသ္မိံ၊ ဆံရေရစ်ဖုံး ထိပ်အလုံး၌။ ဗုဒ္ဓသေဋ္ဌော၊ ချီးမွမ်းအပ်သောသူတို့ထက် ဆထက်လွန်ကျူး အထူးသဖြင့် ချီးမွမ်းအပ်တော်မူသော ဗုဒ္ဓမြတ်စွာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည်။ တိဋ္ဌတု၊ တည်နေကြွရောက် သီတင်းသုံးနေတော်မူပါစေသတည်း။ မေ၊ ဘုရားတပည့်တော်၏။ ဒက္ခိဏေ၊ လက်ယာ ပခုံးညာလက်ရုံး၌။ သာရိပုတ္တော၊ လကျာရံသီး ရှင်သာရိပုတြာ မထေရ်မြတ်ကြီးသည်။ တိဋ္ဌတု၊ တည်နေကြွရောက် သီတင်းသုံး နေတော်မူပါစေသတည်း။ မေ၊ ဘုရားတပည့်တော်၏။ ဝါမအံသေ၊ လက်ဝဲပုခုံး ဘယ်လက်ရုံး၌။ မောဂ္ဂလာနော တန်ခိုးပြင်းထန် ရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည်။ တိဋ္ဌတု၊ တည်နေကြွရောက် သီတင်းသုံးနေတော် မူပါစေသတည်း။ မေ၊ ဘုရားတပည့်တော်၏။ ပုရတော၊ နဖူးမုခ လည်ရင်ဝတွင်ရှေ့တခွင်၌၊ ပိဋကတ္တယံ၊ ပိဋကတ် သုံးပုံသည်။ တိဋ္ဌတု၊ တည်လာပါစေသတည်း။

၂။ မမ၊ ဘုရားတပည့်တော်၏။ ပစ္ဆိမေ၊ နောက်အဘို ဖြစ်သော လည်ကုတ်တခွင် ကျောတပြင်၌။ အာနန္ဒော၊ တေဒဂ်ငါးဖြာ ရှင်အာနန္ဒာ မထေရ်မြတ်သည်။ တိဋ္ဌတု၊ တည်လာပါစေသတည်း။ မမ၊ ဘုရားတပည့် တော်၏။ စတုဒ္ဒိသာ၊ အရှေ့ အနောက် တောင် မြောက်လေးမျက်နှာ ကိုယ် အင်္ဂါတို့၌။ ခီဏာသဝါ၊ ကိလေသာစင် ရဟန္တာ မထေရ်မြတ်အပေါင်း တို့သည်။ တိဋ္ဌန္တု၊ တည်လာကြပါစေသတည်း။ မမ၊ ဘုရားတပည့်တော်၏။ သမန္တာ၊ ထက်ဝန်းကျင်ဒိသာ အရပ်ဆယ်မျက်နှာတို့မှ။ သဗြဟ္မကာ၊ ဗြဟ္မာ မင်းနှင့်တကွဖြစ်ကုန်သော။ ဣန္ဒာဒေဝါစ၊ ဘိုးတော်ဝါသဝ သိကြားမင်းမ

စ၍ သုံးကျိပ် သုံးပါးသော သိကြား နတ်မင်းတို့နှင့် သမာဓိကောင်း အထက် သမ္မာဒေဝ သာသနာတော်စောင့် နတ်အပေါင်း တို့သည်ရင်း။ ဇလောကပါလာစ၊ စတုလောကပါလ နတ်မင်းကြီး လေးပါးနှင့်တကွ လောကပါလနတ်အပေါင်းတို့သည်ရင်း။ တိဋ္ဌန္တု၊ တည်နေကြွရောက် မ,စ စောင့်ရှောက်တော်မူလာကြပါစေသတည်း။

၃။ တေသံ၊ ဤသို့ဆိုအပ်ခဲ့ပြီးကုန်သော ဘုရားဘရားသံဃာသိကြား ဗြဟ္မာမင်းအပေါင်းတို့၏။ အာနုဘာဝေန၊ တန်ခိုးတေဇော် မေတ္တာတော် အာနုဘော်တို့ကြောင့်။ သဗ္ဗေ၊ ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော။ ဘယာ၊ ဘေးဒုက္ခကပ်ဆိုးအပေါင်းတို့သည်ရင်း။ ဥပဒ္ဒဝါစ၊ ၁၆ ပါးသော ဥပဒ္ဒဝေါ အပေါင်းတို့သည်ရင်း။ အနေကအန္တရာယာပိ၊ တပါးမက များလှသောင်းသောင်း အန္တရာယ်ဟူသမျှအပေါင်းတို့သည်ရင်း။ အသေ သတော အသေသေန၊ ကြွင်းကျန်တစ် မရှိသောအားဖြင့်။ ဝိနဿန္တု။ ကင်းစင်လွင့်ပျောက်၍ ချမ်းသာခြင်းသို့ရောက်ကြပါစေသတည်း။

[သူဘာပါးတွက် (မမ) အစား (တေ) ထည့်ပါ။ (မမ) အစား (တဝ) ထည့်ဆိုပါရန်]

ဣဒ္ဓိပါဒ် ၁– ပြီး၏။

---

# ဣဒ္ဓိပါဒ် (၂)

## မင်္ဂလသုတ်ပါဠိတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ယံ မင်္ဂလံ ဒွါဒသဟိ၊ စိန္တယိံသု သဒေဝကာ။
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊ အဋ္ဌတ္တိံသဉ္စ မင်္ဂလံ။

၂။ ဒေသိတံ ဒေဝဒေဝေန၊ သဗ္ဗပါပ ဝိနာသနံ။
သဗ္ဗလောက ဟိတတ္ထာယ၊ မင်္ဂလံ တံ ဘဏာမ ဟေ။

၃။ ဧဝံ မေ သုတံ။ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ၊ အထ ခေါ အညတရာ ဒေဝတာ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ။

၄။ ယေန ဘဂဝါ၊ တေနုပသင်္ကမိ။ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ၊ ဧကမန္တံ ဌိတာ ခေါ သာ ဒေဝတာ ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။

၅။ ဗဟူ ဒေဝါ မနုဿာ စ၊ မင်္ဂလာနိ အစိန္တယုံ။
အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလမုတ္တမံ။

၆။ အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာ စ ပူဇနေယျာနံ၊ ဧတံ မင်္ဂလမုတ္တမံ။

၇။ ပတိရူပ ဒေသ-ဝါသော စ၊ ပုဗ္ဗေ စ ကတပုညတာ။
အတ္တသမာ ပဏိဓိ စ၊ ဧတံ မင်္ဂလမုတ္တမံ။

၈။ ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယော စ သုသိက္ခိတော။
သုဘာသိတာ စ ယာ ဝါစာ၊ ဧတံ မင်္ဂလမုတ္တမံ။

၉။ မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော။
အနာကုလာ စ ကမ္မန္တာ၊ ဧတံ မင်္ဂလမုတ္တမံ။

၁၀။ ဒါနဉ္စ ဓမ္မစရိယာ စ၊ ဉာတကာနဉ္စ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလမုတ္တမံ။

၁၁။ အာရတီ ဝိရတီ ပါပါ၊ မဇ္ဇပါနာ စ သံယမော။
အပ္ပမာဒေါ စ ဓမ္မေသု၊ ဧတံ မင်္ဂလမုတ္တမံ။

၁၂။ ဂါရဝေါ စ နိဝါတော စ၊ သန္တုဋ္ဌီ စ ကတညုတာ။
ကာလေန ဓမ္မဿဝနံ၊ ဧတံ မင်္ဂလမုတ္တမံ။

၁၃။ ခန္တီ စ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ။
ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံ မင်္ဂလမုတ္တမံ။

၁၄။ တပေါ စ ဗြဟ္မစရိယဉ္စ၊ အရိယသစ္စာန ဒဿနံ။
နိဗ္ဗာနသစ္ဆိကိရိယာ စ၊ ဧတံ မင်္ဂလမုတ္တမံ။

၁၅။ ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ။
အ သောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလမုတ္တမံ။
၁၆။ ဧတာဒိသာနိ ကတ္ဝာန၊ သဗ္ဗတ္ထ မ ပရာဇိတာ။
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလမုတ္တမံ။

---

## မင်္ဂလသုတ်အနက်

၁။ သဒေဝကာ၊ နတ်နှင့်တကွသောလူတို့သည်။ ယံမင်္ဂလံ၊ အကြင်မင်္ဂလာ တရားတော်ကို။ ဒွါဒသဟိ၊ တဆဲ့နှစ်နှစ်တို့ ပတ်လုံး။ စိန္တယိံသု၊ ကြံကြကုန်၏။ သောတ္ထာနံ၊ စီးပွားချမ်းသာခြင်း၏ အကြောင်းဖြစ်သော။ အဌတိံသံ၊ သုံးဆယ့်ရှစ်ပါး အပြားရှိသော။ တံမင်္ဂလံ၊ ထိုမင်္ဂလာတရားတော်ကို။နာဓိဂစ္ဆန္တိ-နအဓိဂစ္ဆန္တိဝေ၊ မသိနိုင်ကုန်သလျှင်ကတည်း။

၂။ ဒေဝ ဒေဝေန၊ နတ်တကာတို့ထက် မြတ်သော ဝိသုဒ္ဓိနတ်ဖြစ်တော်မူသော ဘုရားသခင်သည်။ သဗ္ဗလောကဟိတတ္ထာယ၊ အလုံးစုံသော သတ္တလောက၏ အစီးအပွားအလို့ငှါ။ ဒေသိတံ၊ ဟောတော်မူအပ်သော။ သဗ္ဗပါပ ဝိနာသနံ၊ အလုံးစုံသောမကောင်းမှုကို ပယ်ဖျောက်ပေတတ်ထသော။ တံမင်္ဂလံ၊ ထိုမင်္ဂလာတရားတော်ကို။ ဟေ၊ သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။

၃။ ဘဒ္ဒန္တေကဿပ၊ ငါ့ ရှင်မဟာကဿပ။ ဣဒံသုတ္တံ၊ ဤမဟာ မင်္ဂလသုတ်တော်ကို။မေ-မယာ အာနန္ဒတ္ထေရေန၊အကျွန်ုပ်အာနန္ဒာမထေရ်သည်။ ဘဂဝတော၊မြတ်စွာဘုရား၏။ သံမုခါ၊ မျက်မှောက်တော်မှ။ ဧဝံ၊ ဤသို့။ သုတံ၊ ကြားလိုက်ရ၏။ဥပလက္ခိတံ၊ မှတ်လိုက်ရ၏။ဥပဓာရိတံ၊ ဆောင်လိုက်ရ၏။ ကေံ၊ တပါးသော။ သမယံ၊ အခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ အနာထပိဏ္ဍိကဿ၊ အနာထပိဏ်သေဌေး၏။ အာရာမေ၊ နှလုံးမွေ့လျော် ပျော်ဘွယ်ရာဖြစ်သော။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ ဝိဟာရတိ၊ နေတော်မူ၏။ အထခေါ၊ ထိုသို့နေတော်မူသောအခါ၌။ အညတရာ၊ အမျိုးအမည်အားဖြင့် မထင်ရှားသော။ ဒေဝတာ၊နတ်သားသည်။အဘိက္ကန္တာယ၊ ညဥ့်ဦးယံလွန်ပြီးသော။ ရတ္တိယာ၊

သန်းခေါင်အခါ၌။ အဘိက္ကန္တဝဏ္ဏာ၊ အလွန်နှစ်လိုဘွယ်သော အဆင်း ရှိသည်ဖြစ်၍။ ကေဝလကပ္ပံ၊ အလုံးစုံသော။ ဇေတဝနံ၊ ဇေတဝန်ကျောင်း တော်ကို။ ဩဘာသေတွာ၊ ကိုယ်ရောင်ကိုယ်ဝါဖြင့် ထွန်းလင်းစေဦး၍။

၄။ ယေန၊ အကြင်အရပ်၌။ ဘဂဝါ၊ မြတ်စွာဘုရားသခင်သည်။အတ္ထိ၊ ရှိတော်မူ၏။ တေန၊ ထိုဘုရားရှိတော်မူရာအရပ်သို့။ ဥပသင်္ကမိ၊ ကပ်လေ၏။ ဥပသင်္ကမိတွာ၊ ကပ်လေပြီး၍။ ဘဂဝန္တံ၊ ဘုရားသခင်ကို။ အဘိဝါဒေတွာ၊ အလွန်ရိုသေစွာ ရှိခိုးဦး၍။ ဧကမန္တံ၊ တင့်အပ်လျောက်ပတ်သောအရပ်၌။ အဋ္ဌာသိ၊ ရပ်လေ၏။ ဧကမန္တံ၊ တင့်အပ်လျောက်ပတ်သော အရပ်၌။ ဌိတာခေါ၊ရပ်ပြီးသော။ သာဒေဝတာ၊ ထိုနတ်သားသည်။ဘဂဝန္တံ၊မြတ်စွာ ဘုရားကို။ဂါထာယ၊ဂါထာဖြင့်။အဇ္ဈဘာသိ၊ဤသို့နားတော်လျှောက်ပေ၏။

၅။ ဘန္တေဘဂဝါ၊ ဘုန်းတော်ကြီးသောအရှင်ဘုရား။ ဗဟူ၊ များစွာ ကုန်သော။ ဒေဝါစ၊ နတ်တို့သည်လည်းကောင်း။ မနုဿာစ၊ လူတို့ သည်လည်းကောင်း။ သောတ္ထာနံ၊ စင်ကြယ်စွာသော။ နိဗ္ဗာနံ၊ နိဗ္ဗာန် ချမ်းသာကို။ အာကင်္ခမာနာ၊ လိုချင်တောင့်တကုန်သည်ဖြစ်၍။ မင်္ဂလာနိ၊ စီးပွားချမ်းသာခြင်း၏ အကြောင်းဖြစ်ကုန်သော မင်္ဂလာတရားတော်တို့ကို။ ဒွါဒသဟိ၊ တဆဲ့နှစ်နှစ်တို့ပတ်လုံး။ အစိန္တယုံ၊ ကြံကြကုန်၏။ စိန္တယန္တာပိ၊ ကြံကြကုန်သော်လည်း။ နာဓိဂစ္ဆန္တိ၊ မသိနိုင်ကုန်။ တံ၊ ထိုမင်္ဂလာတရား တော်မြတ်ကို၊ တွံ၊ အရှင်ဘုရားသည်။ ဗြူဟိ၊ ဟောတော်မူပါလော့။

၆။ ဘောဒေဝပုတ္တ၊ အိုနတ်သား။ ဗာလာနံ၊ သူမိုက်တို့ကို။ ယာ- အသေဝနာစ၊ အကြင်မမှီဝဲ မဆည်းကပ်ရခြင်းသည်လည်းကောင်း။ ပဏ္ဍိ တာနံ၊ ပညာရှိသောသူတို့ကို။ယာသေဝနာစ၊ အကြင် မှီဝဲဆည်းကပ်ရခြင်း သည်လည်းကောင်း။ပူဇနေယျာနံ၊ ပူဇော်ထိုက်သောသူတို့ကို။ ယာပူဇာစ၊ အကြင်ပူဇော်ရခြင်း သည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤသုံး ပါးသော တရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ ဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၇။ ဘောဒေဝပုတ္တ၊ အိုနတ်သား။ ပတိရူပဒေသဝါသောစ၊ တင့်အပ် လျောက်ပတ်သောအရပ်၌နေရခြင်းသည်လည်းကောင်း။ ပုဗ္ဗေ၊ ရှေးဘဝ၌။

ကတပုညတာစ၊ မိမိပြုခဲ့ဘူးသော ကောင်းမှုရှိသောသူ၏ အဖြစ်သည် လည်းကောင်း။ အတ္တသမာပဏိဓိစ၊ မိမိကိုယ်ကို ကောင်းစွာ ဆောက်တည် ရခြင်းသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ တေ၊ ဤသုံးပါးသော တရား သည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍၊ တွံ၊ သင် နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၈။ ဘောဒေဝပုတ္တ၊ အိုနတ်သား။ ဗာဟုသစ္စဥ္စ၊ အကြားအမြင် များသောသူ၏အဖြစ်သည်လည်းကောင်း။ သိပ္ပဥ္စ၊ လက်မှုပညာအစရှိသော အတတ်တို့ကို တတ်ရခြင်းသည်လည်းကောင်း။ သုသိက္ခိတော၊ ကောင်းစွာ သင်အပ်သော။ ဝိနယောစ၊ ဝိနည်းတရားသည်လည်းကောင်း။ သုဘာ သိတာ၊ ကောင်းစွာ ဆိုအပ်သော။ ယာဝါစာစ၊ အကြင်စကားသည် လည်းကောင်း။ အတ္ထိ၊ ရှိ၏။ တေ၊ ဤလေးပါးသော တရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၉။ ဘောဒေဝပုတ္တ၊ အိုနတ်သား။ မာတာပိတု၊ အမိအဘတို့ကို။ ဥပဋ္ဌာနဥ္စ၊ လုပ်ကျွေးမွေးမြူရခြင်း သည်လည်းကောင်း။ ပုတ္တဒါရဿ၊ သားမယားတို့အား။ သင်္ဂဟောစ၊ သင်္ဂြိုဟ်ထောက်ပံ့ရခြင်း သည်လည်း ကောင်း။ အနာကုလာ၊ အနှောက်အရှက်မရှိကုန်သော။ကမ္မန္တာစ၊အမှုတို့ကို ပြုရခြင်းသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ တေ၊ ဤသုံးပါးသော တရား သည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်ဟူ၍။ တွံ၊ သင် နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၁၀။ ဘောဒေဝပုတ္တ၊ အိုနတ်သား။ ဒါနဥ္စ၊ အလှူပေးရခြင်းသည် လည်းကောင်း။ ဓမ္မစရိယာစ၊ မြတ်သောအကျင့်ကို ကျင့်ရခြင်းသည်လည်း ကောင်း။ဉာတကာနံ၊ အဆွေအမျိုးတို့အား။ သင်္ဂဟောစ၊သင်္ဂြိုဟ်ထောက်ပံ့ ရခြင်းသည်လည်းကောင်း။ အနဝဇ္ဇာနိ၊ အပြစ်မရှိကုန်သော။ကမ္မာနိစ၊အမှု ကိုပြုရခြင်းသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ တေ၊ ဤလေးပါးသော တရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၁၁။ ။ဘောဒေဝပုတ္တ၊ အိုနတ်သား။ပါပါ၊မကောင်းမှုမှ။ အာရတီစ၊ ဝေးစွာ ရှောင်ကြဉ်ရခြင်း သည်လည်းကောင်း။ ဝိရတီစ၊ အထူးသဖြင့် ရှောင်ကြဉ်ရခြင်းသည်လည်းကောင်း။မဇ္ဇပါနာ၊ သေရည်သေရက်သောက်ခြင်းမှ။ သံယမောစ၊ ကောင်းစွာရှောင်ကြဉ်ရခြင်း သည်လည်းကောင်း။ ဓမ္မေသု၊ ကုသိုလ်ကောင်းမှုတို့၌။ အပ္ပမာဒေါစ၊ မမေ့မလျော့ရခြင်း သည်လည်းကောင်း။ အတ္ထိ၊ရှိ၏။ ဧတံ၊ဤလေးပါးသောတရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊မင်္ဂလာမည်၏ဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၁၂။ ဘောဒေဝပုတ္တ၊ အိုနတ်သား။ ဂါရဝေါစ၊ ရိုသေထိုက်သော သူတို့အား ရိုသေရခြင်းသည်လည်းကောင်း။ နိဝါတောစ၊မိမိကိုယ်ကိုနှိမ့်ချရခြင်းသည်လည်းကောင်း။ သန္တုဋ္ဌီစ၊ ရောင့်ရဲ လွယ်ရခြင်း သည်လည်းကောင်း။ ကတညုတာစ၊ သူပြုဘူးသောကျေးဇူးကို သိရခြင်းသည်လည်းကောင်း။ ကာလေန၊ သင့်တင့်လျောက်ပတ်သောအခါ၌။ ဓမ္မဿဝဏဉ္စ၊ သူတော်ကောင်းတရားကို နာရခြင်းသည်လည်းကောင်း။ အတ္ထိ၊ရှိ၏။ ဧတံ၊ ဤငါးပါးသော တရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တွံ၊သင်နတ်သားသည်။ဂဏှာဟိ၊မှတ်လေလော့။

၁၃။ဘောဒေဝပုတ္တ၊ အိုနတ်သား။ ခန္တီစ၊ သည်းခံရခြင်းသည်လည်းကောင်း။ သောဝစဿတာစ၊ သူတော်ကောင်းတို့ ဆုံးမအပ်သောစကားကို နာလွယ်သောသူ၏ အဖြစ်သည်လည်းကောင်း။ သမဏာနံ၊ ရဟန်းပုဏ္ဏားတို့အား။ ဒဿနဉ္စ၊ ဖူးမြင်ရခြင်းသည်လည်းကောင်း။ ကာလေန၊သင့်တင့်လျောက်ပတ်သောအခါ၌။ ဓမ္မသာကစ္ဆာစ၊ တရားတော်ကို ဆွေးနွေးမေးမြန်းရခြင်းသည်လည်းကောင်း။ အတ္ထိ၊ရှိ၏။ ဧတံ၊ဤလေးပါးသော တရားသည်လျှင်။ ဥတ္တမံ၊မြတ်စွာသော။ မင်္ဂလံ၊မင်္ဂလာမည်၏ဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၁၄။ ဘောဒေဝပုတ္တ၊ အိုနတ်သား။ တပေါစ၊ ခြိုးခြံစွာကျင့်ရခြင်း သည်လည်းကောင်း။ ဗြဟ္မစရိယဉ္စ၊ မြတ်သောအကျင့်ကို ကျင့်ရခြင်းသည်လည်းကောင်း။ အရိယသစ္စာနံ၊ အရိယသစ္စာတို့ကို။ ဒဿနဉ္စ၊ သိမြင်ရခြင်း

သည်လည်းကောင်း။ နိဗ္ဗာန်၊ နိဗ္ဗာန် ချမ်းသာကို။ သစ္စိကိရိယာစ၊ မျက်မှောက် ပြုရခြင်း သည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ တော၊ဤလေး ပါးသောတရားသည်လျှင်။ ဥတ္တမံ၊မြတ်စွာသော။ မင်္ဂလံ၊မင်္ဂလာ မည်၏ ဟူ၍။ တံ့၊သင်နတ်သားသည်။ ဂဏှာဟိ၊မှတ်လေလော့။

၁၅။ ဘောဒေဝပုတ္တ၊ အိုနတ်သား။ လောကဓမ္မေဟိ၊ လောကဓံတရား ရှစ်ပါးတို့နှင့်။ ဖုဋ္ဌဿ၊တွေ့ထသော။ ယဿ၊ အကြင်ရဟန္တာပုဂ္ဂိုလ်၏။ စိတ္တံ၊စိတ်သည်။ နကမ္ပတိ၊မတုန်မလှုပ်။ အသောကံ၊ စိုးရိမ်ခြင်းလည်းမရှိ။ ဝိရဇံ၊ ရမက်ဟူသော မြူလည်းမရှိ။ ခေမံ၊ ဘေးလည်းမရှိ။ တော၊ဤလေး ပါးသော တရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊မင်္ဂလာမည်၏ ဟူ၍။ တံ့၊သင်နတ်သားသည်။ဂဏှာဟိ၊ မှတ်လေလော့။

၁၆။ ဘောဒေဝပုတ္တ၊ အိုနတ်သား။ တောဒိသာနိ၊ ဤသို့သဘော ရှိကုန်သော။ အဋ္ဌတိံသမင်္ဂလာနိ၊သုံးဆဲ့ရှစ်ပါးသော မင်္ဂလာတရားတို့ကို။ ကတွာန၊ ပြုကျင့်ရသောကြောင့်။ သဗ္ဗတ္ထ၊ အလုံးစုံသောအရပ်တို့၌။ အပ ရာဇိတာ၊ ရန်သူတို့သည် မိမိအား မအောင်နိုင်ကုန်သည်ဖြစ်၍။ သဗ္ဗတ္ထ၊ အလုံးစုံသောအရပ်တို့၌။ သောတ္ထိံ၊ချမ်းသာခြင်းသို့။ ဂစ္ဆန္တိ၊ရောက်ကုန်၏။ တံ၊ ထိုသုံးဆဲ့ရှစ်ပါးသော တရားသည်လျှင်။ တေသံ၊ ထိုနတ်,လူတို့အား။ ဥတ္တမံ၊မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တံ့၊သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

မင်္ဂလသုတ်အနက်ပြီး၏။

---

### မင်္ဂလာတရားသုံးဆဲ့ရှစ်ပါး
### ကောက်နုတ်ချက်

အသေဝနာစ ဗာလာနံ ဟူသောပုဒ်၌(၃)ပါး

၁။ သူမိုက်တို့ကို မမှီဝဲမဆည်းကပ်ရခြင်းလည်းတပါး။
၂။ ပညာရှိသောသူတို့ကို မှီဝဲဆည်းကပ်ရခြင်းလည်းတပါး ။
၃။ ပူဇော်ထိုက်သောသူတို့ကို ပူဇော်ရခြင်းလည်းတပါး။

## ပတိရူပဒေသဝါသော စ ဟူသောပုဒ်၌ (၃) ပါး

၁။ တင့်အပ်လျောက်ပတ်သောအရပ်၌ နေရခြင်းလည်းတပါး။
၂။ ရှေးရှေးသောကိုယ်၏အဖြစ်၌ ပြုအပ်သောကောင်းမှုရှိသောသူ၏ အဖြစ်လည်းတပါး။
၃။ မိမိကိုယ်ကို ကောင်းစွာဆောက်တည်ရခြင်းလည်းတပါး။

---

## ဗာဟုသစ္စဉ္စ သိပ္ပဉ္စ ဟူသောပုဒ်၌(၄)ပါး

၁။ အကြားအမြင်များသောသူ၏အဖြစ်လည်းတပါး။
၂။ အပြစ်မရှိသောအတတ်ကိုတတ်ရခြင်းလည်းတပါး။
၃။ ကောင်းစွာသင်အပ်သောဝိနည်းတရားလည်းတပါး။
၄။ ကောင်းစွာဆိုအပ်သောစကားလည်းတပါး။

---

## မာတာပိတုဥပဋ္ဌာနံ ဟူသောပုဒ်၌(၃)ပါး

၁။ အမိအဘတို့ကို လုပ်ကျွေးမွေးမြူရခြင်းလည်းတပါး။
၂။ သားမယားတို့အားသင်္ဂြိုဟ်ထောက်ပံ့ရခြင်းလည်းတပါး။
၃။ အနှောင့်အရှက်မရှိသောအမှုလည်းတပါး။

---

## ဒါနဥ္စဓမ္မစရိယာ ဟူသောပုဒ်၌(၄)ပါး

၁။ အလှူပေးရခြင်းလည်းတပါး။
၂။ တရားတော်နှင့်အညီ ကျင့်ရခြင်းလည်းတပါး။
၃။ အဆွေအမျိုးတို့အား သင်္ဂြိုဟ်ထောက်ပံ့ ရခြင်းလည်းတပါး။
၄။ အပြစ်မရှိသောအမှုလည်းတပါး။

---

## အာရတီဝိရတီ ဟူသောပုဒ်၌(၄)ပါး

၁။ မကောင်းမှုမှ ဝေးစွာကြဉ်ရှောင်ရခြင်းလည်းတပါး။
၂။ မကောင်းမှုကို အထူးသဖြင့်ကြဉ်ရှောင်ရခြင်းလည်းတပါး။

၃။ သေအရက်ကိုသောက်ခြင်းမှ ကောင်းစွာကြဉ်ရှောင်ရခြင်းလည်း တပါး။
၄။ ကုသိုလ်တရားတို့၌မမေ့မလျော့ရခြင်းလည်းတပါး။

---

## ဂါရဝေါစနိဝါတောစ ဟူသောပုဒ်၌(၅)ပါး

၁။ ရိုသေအပ်သောသူတို့ကို ရိုသေရခြင်းလည်းတပါး။
၂။ မိမိကိုယ်ကိုနှိမ့်ချရခြင်းလည်းတပါး။
၃။ ရောင့်ရဲလွယ်ရခြင်းလည်းတပါး။
၄။ သူ့ကျေးဇူးကိုသိရခြင်းလည်းတပါး။
၅။ လျောက်ပတ်သောအခါ၌တရားတော်ကိုနာရခြင်းလည်းတပါး။

---

## ခန္တီစ သောဝစဿတာ ဟူသောပုဒ်၌(၄)ပါး

၁။ သည်းခံရခြင်းလည်းတပါး။
၂။ သူတော်ကောင်းတို့ဆုံးမရာလိုက်နာလွယ်ရခြင်းလည်းတပါး။
၃။ ရဟန်းပုဏ္ဏားတို့အား ဖူးမြော်ရခြင်းလည်းတပါး။
၄။ လျောက်ပတ်သောအခါ တရားစကားကို ဆွေးနွေး မေးမြန်ရခြင်းလည်းတပါး။

---

## တပေါစဗြဟ္မစရိယဉ္စ ဟူသောပုဒ်၌(၄)ပါး

၁။ ခြိုးခြံစွာကျင့်ရခြင်းလည်းတပါး။
၂။ မြတ်သောအကျင့်ကိုကျင့်ရခြင်းလည်းတပါး။
၃။ အရိယသစ္စာတရားတို့ကိုသိမြင်ရခြင်းလည်းတပါး။
၄။ နိဗ္ဗာန်ကိုမျက်မှောက်ပြုရခြင်းလည်းတပါး။

## ဖုဋ္ဌဿလောကဓမ္မေဟိဟူသောပုဒ်၌(၄)ပါး

၁။ လောကဓံတရား ရှစ်ပါးတို့နှင့် တွေ့ကြုံငြားသော်လည်း ရဟန္တာပုဂ္ဂိုလ်တို့၏စိတ်သည် တုန်လှုပ်ခြင်းမရှိသည်လည်းတပါး။
၂။ စိုးရိမ်ခြင်းမရှိသည်လည်းတပါး။
၃။ ရမက်ဟူသောမှုကင်းခြင်းလည်းတပါး။
၄။ ဘေးမရှိခြင်းလည်းတပါး။

ကောက်နုတ်ချက်ပြီး၏။

---

## မဟာမင်္ဂလာခွဲအမေးအဖြေ

မေး။ ယခုအဘယ်စာကိုသင်သနည်း။
ဖြေ။ မဟာမင်္ဂလသုတ်ကိုသင်ပါသည်ဘုရား။
မေး။ မဟာမင်္ဂလသုတ်၌အပြားဘယ်မျှရှိသနည်း။
ဖြေ။ သုံးဆယ့်ရှစ်ပါးအပြားရှိပါသည်ဘုရား။
မေး။ အဘယ်ပါဠိကိုထောက်၍သိရပါသနည်း။
ဖြေ။ ဒေသနာပရိယောသာနေ နိဂုမ်း အဆုံးဖြစ်သော ဧတာဒိသာနိ အဋ္ဌတိံသ မင်္ဂလာနိ ဟူသောပါဠိကိုထောက်၍ သိရပါသည်ဘုရား။
မေး။ အဘယ်မျှသောဂါထာဖြင့်ဟောတော်မူသနည်း။
ဖြေ။ ဆယ်ဂါထာဖြင့်ဟောတော်မူပါသည်ဘုရား။
မေး။ ဟောတော်မူသောဂါထာကား အဘယ်ဂါထာနည်း။
ဖြေ။ အသေဝနာစ,လည်း တဂါထာ၊ ပတိရူပ,လည်း တဂါထာ၊ ဗာဟုသစ္စဉ္စ,လည်းတဂါထာ၊ မာတာပိတု, လည်းတဂါထာ၊ ဒါနဉ္စ,လည်းတဂါထာ၊ အာရတိ,လည်းတဂါထာ၊ ဂါရဝေါ, လည်းတဂါထာ၊ ခန္တီစ,လည်း တဂါထာ၊ တပေါစ,လည်း တဂါထာ၊ ဖုဋ္ဌဿ,လည်း တဂါထာ၊ ဤဆယ်ဂါထာဖြင့် ဟောတော်မူပါသည်ဘုရား။

မေး။ အဘယ်အရပ်မှာ ဟောသနည်း။
ဖြေ။ သာဝတ္ထိပြည်တွင်ဟောတော်မူပါသည်ဘုရား။
မေး။ သာဝတ္ထိပြည်ဟု အဘယ်ကြောင့် တွင်သနည်း။ (ဆိုသနည်းဟုလည်းမေး)။
ဖြေ။ သဗ္ဗံ ခနံ မေတ္တအတ္ထိတိဟု ပါဠိရှိသောကြောင့် ခပ်သိမ်းသော လောကီစည်းစိမ်ချမ်းသာ ရတနာအပေါင်းတို့သည် လိုရာမတ ပြည့်စုံသောကြောင့် သာဝတ္ထိပြည်ဟု ခေါ်တွင်ပါသည်ဘုရား။
မေး။ သာဝတ္ထိပြည်တွင် အဘယ်အရပ်မှာ ဟောတော်မူသနည်း။
ဖြေ။ ဇေတဝန်ကျောင်းတော်၌ဟောတော်မူပါသည်ဘုရား။
မေး။ ဇေတဝန်ကျောင်းတော်ဟု အဘယ်ကြောင့်ခေါ်သနည်း။
ဖြေ။ ဇေတမင်းသား၏ဉယျာဉ်မြေကို ရွှေအသပြာအတိ ခင်းပြီးလျှင် မြေဘိုးပေး၍ ဆောက်သောကြောင့် ဇေတဝန် ကျောင်းတော်ဟုဆိုပါသည်ဘုရား။
မေး။ အဘယ်သူဆောက်သနည်း။
ဖြေ။ အနာထပိဏ်သေဌေး ဆောက်ပါသည်ဘုရား။
မေး။ အနာထပိဏ်သေဌေးဟု အဘယ်ကြောင့်ခေါ်သနည်း။
ဖြေ။ အနာထာနံ ပိဏ္ဍံ ဒဒါတီတိ အနာထပိဏ္ဍိကော ဟူသောပါဠိနှင့် အညီ ကိုးကွယ်ရာမရှိသောသူတို့ကို ထမင်းရေစာ ပေးတတ်သောကြောင့် အနာထပိဏ် သေဌေးဟု ခေါ်တွင်ပါသည်ဘုရား။
မေး။ ငယ်မည်ကိုအဘယ်သူဆိုသနည်း။
ဖြေ။ သုဒတ္တ,ဆိုပါသည်ဘုရား။
မေး။ ဇေတဝန် ကျောင်းတော်သည် သာဝတ္ထိပြည်နှင့် နီးသလော ဝေးသလော။ အရှေ့, အနောက်, တောင်, မြောက်, စသည် တို့တွင် အဘယ်အရပ်မှာနည်း။
ဖြေ။ ဘာဝါသာဝတ္ထိယံ သာဝတ္ထိနဂရဿအဝိဒူရေ ဒက္ခိဏဒိသာဘာဂေ ဒက္ခိဏပဿေ ဟူသော သာဓကပါဠိ ရှိသောကြောင့် သာဝတ္ထိ

ပြည်၏ တောင်အရပ်ဖြစ်သော ကုလားလေးတာအပြန် ငါးရာ အရပ်တွင် ဖြစ်ပါသည်ဘုရား။

မေး။ ဇေတဝန်ကျောင်းတော်သည် လေးထောင့်လော၊ စမွယ်ရှိလော ဦးပြည်းလော။

ဖြေ။ တိဘုမ္မိကေသု ဂန္ဓကုဋိသု ဟူ၍ သာရတ္ထပါဠိ ရှိသောကြောင့် စုလစ်မွန်းချွန်တို့ဖြင့် တင့်တယ်ဆန်းကြယ်စွာ တန်ဆာဆင် အပ်သော ဘုံသုံးဆင့်ရှိသော ဇေတဝန်ကျောင်းတော်ဖြစ်ပါ သည်ဘုရား။

မေး။ အဘယ်သူ တောင်းပန်၍ ဟောတော်မူသနည်း။

ဖြေ။ အမျိုးအမည် မထင်ရှားသော နတ်သား တောင်းပန်၍ ဟောတော်မူပါသည်ဘုရား။

မေး။ အဘယ်ကြောင့် မထင်ရှားသော နတ်သားဟု ဆိုသနည်း။

ဖြေ။ အထခေါ အညတရာ ဒေဝတာဟူသော ပါဠိကို ထောက်၍ ဆိုပါသည်ဘုရား။

မေး။ မထင်ရှားသောနတ်သား အဘယ်သူဖြစ်သနည်း။

ဖြေ။ ဣန္ဒသက္ကသိကြားဟု ဆိုပါသည်ဘုရား။

မေး။ အဘယ်အခါ တောင်းပန်သနည်း။

ဖြေ။ သန်းခေါင်အခါ တောင်းပန်ပါသည်ဘုရား။

မေး။ အဘယ်ကြောင့် သိရသနည်း။

ဖြေ။ အဘိက္ကန္တာယ ရတ္တိယာ ဟူသောပါဠိကိုထောက်၍သိရပါသည် ဘုရား။

မေး။ မထင်ရှားသော နတ်သားကို အဘယ် အကြောင်းကြောင့် သိကြားဟု ဆိုသနည်း။

ဖြေ။ ဘုရားသခင်၏ ခြေရင်းတော်၌ ညဉ့်ဦးယံကား မဟာမဟာရာဇ် နတ်တို့သည်ဆည်းကပ်ဖူးမျှော်ပူဇော်မြဲအချိန်အခါဖြစ်ပါသည် သန်းခေါင်ယံအခါ၌ တာဝတိံသာနတ်သိကြားတို့ ဆည်းကပ် ဖူးမျှော်မြဲ အချိန် အခါ ဖြစ်ပါသည်၊ မိုးသောက်ယံကား ဗြဟ္မာတို့ ဆည်းကပ်ဖူးမျှော်မြဲ အချိန်အခါ ဖြစ်ပါသည်၊

ထိုအချိန်ကာလ သုံးပါးတွင် သန်းခေါင်ယံအချိန် ဖြစ်သော ကြောင့် သိကြားဟု ဆိုပါသည်ဘုရား။

မေး။ သိကြားတောင်းပန်ကြောင်းကို အဘယ်သူကြားသနည်း။

ဖြေ။ အရှင်အာနန္ဒာကြားပါသည်ဘုရား။

မေး။ အရှင်အာနန္ဒာကြားကြောင်းကို အဘယ်ကြောင့် သိရသနည်း။

ဖြေ။ အာနန္ဒတ္ထေရေန သုတံ ဟူသောပါဠိကိုထောက်၍ သိရပါသည် ဘုရား။

မေး။ အရှင်အာနန္ဒာကြားသော် အဘယ်သူကိုပြောသနည်း။

ဖြေ။ အရှင်မဟာကဿပမထေရ်ကို ပြောပါသည်ဘုရား။

မေး။ အရှင်မဟာကဿပဟု အဘယ်ကြောင့်ခေါ်သနည်း။

ဖြေ။ ကဿကကမ္မာဒိသု သံဝေဂံ ပဋိလဘိတွာန ပဗ္ဗဇ္ဇနတောတိ ကဿပေါ ဟူသော ဝိဂြိုဟ်ပါဠိနှင့်အညီ လယ်လုပ်ခြင်း အစ ရှိသောအမှုတို့၌ ထိတ်လန့်ခြင်းတရားကို ရ၍ ရဟန်းပြုသော ကြောင့် ကဿပဟု ခေါ်ပါသည်ဘုရား။

မေး။ ငယ်မည်ကို အဘယ်သူဆိုသနည်း။

ဖြေ။ ရွှေအဆင်းကဲ့သို့ ကိုယ်သား ကိုယ်ရေတို့၏ တင့်တယ်ခြင်းရှိ သောကြောင့် ပိပ္ပလိလုလင်ဟု ဆိုပါသည်ဘုရား။

မေး။ မင်္ဂလာ သုံးဆဲ့ရှစ်ပါးဆိုသော် အဘယ်သည်တို့နည်း။

ဖြေ။ အသေဝနာစ။ ပ။ ဧတံမင်္ဂလမုတ္တမံ ဟူသော ပထမ ဒေသနာ တော်၌ မင်္ဂလာသုံးပါး။ ပတိရူပ။ ပ။ ဧတံ မင်္ဂလမုတ္တမံ ဟူသောဒုတိယဒေသနာတော်၌မင်္ဂလာသုံးပါး။ ။ဗာဟုသစ္စဉ္စ ပ။ ဧတံ မင်္ဂလ မုတ္တမံ ဟူသော တတိယဒေသနာ တော်၌ မင်္ဂလာလေးပါး။ ။မာတာပိတု။ ပ။ဧတံမင်္ဂလမုတ္တမံဟူသော စတုတ္ထဒေသနာတော်၌ မင်္ဂလာသုံးပါး။ ။ဒါနဉ္စ။ ပ။ ဧတံ မင်္ဂလမုတ္တမံဟူသော ပဉ္စမဒေသနာတော်၌ မင်္ဂလာလေးပါး။ အာရတိ။ ပ။ ဧတံမင်္ဂလ မုတ္တမံ ဟူသော ဆဋ္ဌ ဒေသနာတော်၌ မင်္ဂလာလေးပါး။ ။ဂါရဝေါစ။ ပ။ ဧတံမင်္ဂလမုတ္တမံ ဟူသော သတ္တမဒေသနာတော်၌ မင်္ဂလာငါးပါး။ ခန္တီစ။ ပ။ ဧတံ

မင်္ဂလမုတ္တမိဟူသော အဋ္ဌမ ဒေသနာတော်၌ မင်္ဂလာလေးပါး။ တပေါ်စ။ပ။ တေမင်္ဂလ မုတ္တမိဟူသော နဝမ ဒေသနာတော်၌ မင်္ဂလာလေးပါး။ ။ဖုဋ္ဌဿ။ ပ။ တေမင်္ဂလမုတ္တမံ ဟူသော ဒသမ ဒေသနာတော်၌ မင်္ဂလာလေးပါး။ ။ဤသို့အားဖြင့် မင်္ဂလာ သုံးဆယ့်ရှစ်ပါးရှိပါသည်ဘုရား။

မေး။ အသေဝနာစ အစရှိသော ပထမ ဒေသနာတော်၌ မင်္ဂလာ သုံးပါးဆိုသော်အဘယ်သည်တို့နည်း။

ဖြေ။ သူမိုက်တို့ကို မမှီဝဲမဆည်းကပ်ရခြင်းသည်လည်းမင်္ဂလာတပါး၊ ပညာရှိသောသူတို့ကို မှီဝဲဆည်းကပ် နီးနှောရခြင်းသည်လည်း မင်္ဂလာတပါး၊ ဘုရားအစရှိသော ရတနာ သုံးပါးတို့အား အရိုအသေအလေးအမြတ် ပြုရခြင်းသည်လည်း မင်္ဂလာတပါး၊ ဤသို့အားဖြင့်အသေဝနာစ အစရှိသောပထမဒေသနာတော်၌ မင်္ဂလာသုံးပါးရှိပါသည်ဘုရား။

မေး။ အသေဝနာစ အစရှိသော ပထမ ဒေသနာတော်၌ မင်္ဂလာ သုံးပါးကို သိရပါပြီ၊ ပတိရူပ ဒေသဝါသောစ အစရှိသော ဒုတိယ ဒေသနာတော်၌ မင်္ဂလာ သုံးပါးဆိုသော် အဘယ် သည်တို့နည်း။

ဖြေ။ တင့်အပ် လျောက်ပတ်သော အရပ်၌ နေရခြင်းသည်လည်း မင်္ဂလာတပါး၊ရှေးကပြုခဲ့ဘူးသောကောင်းမှုရှိခြင်းသည်လည်း မင်္ဂလာတပါး၊ မိမိကိုယ်ကို ကောင်းစွာ ထိန်းသိမ်း စောင့် ရှောက်ရခြင်းသည်လည်း မင်္ဂလာတပါး၊ ဤသို့ အားဖြင့် ပတိရူပဒေသဝါသောစ အစရှိသောဒုတိယ ဒေသနာတော်၌ မင်္ဂလာသုံးပါးရှိပါသည်ဘုရား။

မေး။ ပတိရူပ ဒေသဝါသောစ အစရှိသော ဒုတိယဒေသနာတော်၌ မင်္ဂလာသုံးပါးကိုသိရပါပြီ၊ ဗာဟုသစ္စဉ္စအစရှိသော တတိယ ဒေသနာတော်၌ မင်္ဂလာ လေးပါး ဆိုသော် အဘယ်သည် တို့နည်း။

၁၄၁၉၂

ဖြေ။ ကျမ်းဂန်တရား အကြားအမြင် များရခြင်းသည်လည်း မင်္ဂလာတပါး၊ အပြစ်ခပ်သိမ်းကင်းသော နှုတ်မှုအတတ်တို့ကို တတ်ရခြင်းသည်လည်း မင်္ဂလာတပါး၊ ကောင်းစွာ သိအပ်သော ဝိနည်းတရားတို့ကို သင်ကြားရခြင်းသည်လည်း မင်္ဂလာတပါး၊ အင်္ဂါလေးပါးနှင့်ပြည့်စုံသော စကားကိုပြောဆိုရ ခြင်းသည်လည်းမင်္ဂလာတပါး၊ဤသို့အားဖြင့် ဗာဟုသစ္စဥ္စ အစရှိသော တတိယဒေသနာတော်၌ မင်္ဂလာလေးပါး ရှိပါသည် ဘုရား။

မေး။ ဗာဟုသစ္စဥ္စအစရှိသော တတိယဒေသနာတော်၌ မင်္ဂလာတရားလေးပါးကိုသိရပါပြီ၊ မာတာပိတု အစရှိသောစတုတ္ထဒေသနာတော်၌ မင်္ဂလာသုံးပါးဆိုသော်အဘယ်သည်တို့နည်း။

ဖြေ။ အမိအဖတို့ကို လုပ်ကျွေး မွေးမြူရခြင်းသည်လည်း မင်္ဂလာတပါး၊သားမယားတို့အားသင်္ဂြိုဟ်ထောက်ပံ့ရခြင်းသည်လည်း မင်္ဂလာတပါး၊ အနှောင့်အရှက် မရှိသောလယ်လုပ်ခြင်း ကုန်သွယ်ခြင်းအမှုတို့ကို ပြုရခြင်းသည်လည်း မင်္ဂလာတပါး၊ ဤသို့အားဖြင့်မာတာပိတုအစရှိသော စတုတ္ထဒေသနာတော်၌ မင်္ဂလာတရားသုံးပါးဖြစ်ပါသည်ဘုရား။

မေး။ မာတာပိတု အစရှိသော စတုတ္ထ ဒေသနာတော်၌ မင်္ဂလာသုံးပါးကိုသိရပါပြီ၊ဒါနဥ္စ အစရှိသော ပဥ္စမဒေသနာတော်၌ မင်္ဂလာတရားလေးပါးဆိုသော်အဘယ်သည်တို့နည်း။

ဖြေ။ အလှူပေးရခြင်းသည်လည်း မင်္ဂလာတပါး၊ တရားကိုကျင့်ရခြင်းသည်လည်းမင်္ဂလာတပါး၊အဆွေအမျိုးတို့အားထောက်ပံ့ရခြင်းသည်လည်း မင်္ဂလာတပါး၊အပြစ်မရှိသော အကြင်အမှုတို့ကို ပြုရခြင်းသည်လည်း မင်္ဂလာတပါး၊ ဤသို့အားဖြင့် ဒါနဥ္စ အစရှိသော ပဥ္စမ ဒေသနာတော်၌ မင်္ဂလာတရားလေးပါးဖြစ်ပါသည်ဘုရား။

မေး။ ဒါနဥ္စ အစရှိသော ပဥ္စမဒေသနာတော်၌ မင်္ဂလာလေးပါးကိုသိရပါပြီ၊ အာရတိ အစရှိသော ဆဋ္ဌ ဒေသနာတော်၌ မင်္ဂလာလေးပါးဆိုသော်အဘယ်သည်တို့နည်း။

ဖြေ။ မကောင်းမှုကို မပြုဘဲ ရှောင်ကြဉ်ရခြင်းသည်လည်း မင်္ဂလာတပါး၊ ကိုယ်၏အသက်ကို ငဲ့ကွက်ခြင်းကင်းသော စိတ်ဖြင့် ငါသည် မကောင်းမှုကို မပြုပြီ ငါ၏အသက် သေသော်လည်း သေပါစေ သူ၏အသက်ကိုမသတ်မူ၍ သူ့ဥစ္စာကို ခိုးယူခြင်း အစရှိသော အမှုကိုမပြုပြီဟု အထူးသဖြင့် ကြဉ်ရှောင်ခြင်း သည်လည်း မင်္ဂလာတပါး။

မေး။ သုရာငါးပါးဆိုသည်အဘယ်နည်း။

ဖြေ။ ပိဋ္ဌသုရာ၊မုံ့ညက်ဖြင့်ပြုသောသေ။ ပူဝသုရာ၊ မုံ့ဖြင့်ပြုသောသေ။ ဩဒနသုရာ၊ ထမင်းဖြင့် ပြုသောသေ။ ကိဏ္ဏပက္ခိတ္တသုရာ၊ တဆေးထည့်၍ပြုသောသေ။ သမ္ဘာရသံယုတ္တာ၊ များစွာသော အဆောက်အဦတို့ဖြင့်ပြုသောသေ။ ဤသည်ကားသေငါးပါး ဖြစ်ပါသည်ဘုရား။

မေး။ မေရယငါးပါးဆိုသည်အဘယ်နည်း။

ဖြေ။ ပုပ္ဖါသဝေါ၊အပွင့်အရည်တို့ဖြင့်ပြုသောအရက်။ ဖလာသဝေါ။ သစ်မည်စည်သီးအစရှိသည်တို့ဖြင့်ပြုသောအရက်။ မဓွာသဝေါ၊ မုဒရက်သီး အစရှိသည်တို့ဖြင့် ပြုသောအရက်။ ဂုဠာသဝေါ၊ ကြံရည်တို့ဖြင့် ပြုသောအရက်။ သမ္ဘာရသံယုတ္တော၊ များစွာသောအဆောက်အဦတို့ဖြင့် ပြုသောအရက်။ ဤသည်ကား မေရယငါးပါးဖြစ်ပါသည်ဘုရား၊ ဆိုအပ်ခဲ့ပြီးသော ယစ်မျိုးငါးပါးကို သောက်စားခြင်းမှ စောင့်စည်းရခြင်းသည်လည်း မင်္ဂလာတပါး။ ဒါန,သီလ,ဘာဝနာ,အပစာယန,ဝေယျာဝစ္စ, ပတ္တိဒါန, ပတ္တာနုမောဒန, ဓမ္မဿဝဏ, ဓမ္မဒေသနာ, ဒိဋ္ဌိဇုက . . တည်းဟူသော ကုသိုလ်တရား ဆယ်ပါးတို့၌ မမေ့မလျော့ ရခြင်းသည်လည်း မင်္ဂလာတပါး၊ ဤသို့အားဖြင့် အာရတိ အစရှိသော ဆဋ္ဌ ဒေသနာတော်၌ မင်္ဂလာတရား လေး ါး ဖြစ်ပါသည်ဘုရား။

မေး။ အာရတိ အစရှိသော ဆဋ္ဌ ဒေသနာတော်၌ မင်္ဂလာတရား လေးပါးကိုသိရပါပြီ၊ ဂါရဝေါစ အစရှိသောသတ္တမ ဒေသနာ တော်၌မင်္ဂလာငါးပါးဟူသော်ကား အဘယ်သည်တို့နည်း။

ဖြေ။ ဇာတ်ဂုဏ်ရှိသော သူတို့အား အရို အသေ အလေးအမြတ် ပြုရခြင်းသည်လည်း မင်္ဂလာတပါး၊ မိမိကိုယ်ကို နှိမ့်ချရခြင်း သည်လည်း မင်္ဂလာတပါး၊ ရရသမျှသော ပစ္စည်းအသုံး အဆောင်တို့ဖြင့် ရောင့်ရဲလွယ်ရခြင်းသည်လည်းမင်္ဂလာတပါး၊ သူတပါး ကျေးဇူးကို သိရခြင်းသည်လည်း မင်္ဂလာတပါး၊ လျောက်ပတ်သောအခါ၌ တရားတော်ကို နာရခြင်းသည်လည်း မင်္ဂလာတပါး၊ ဤသို့အားဖြင့်သတ္တမ ဒေသနာတော်၌ မင်္ဂလာ တရားငါးပါးဖြစ်ပါသည်ဘုရား။

မေး။ သတ္တမ ဒေသနာတော်ဖြစ်သော ဂါရဝေါစ၌ မင်္ဂလာတရား ငါးပါးကိုသိရပါပြီ၊ ခန္တီစ အစရှိသော အဋ္ဌမ ဒေသနာတော်၌ မင်္ဂလာတရား လေးပါးဟူသော်ကား အဘယ်သည်တို့နည်း။

ဖြေ။ ကိုယ့်အောက် ယုတ်သော သူတို့ကို သည်းခံရခြင်းသည်လည်း မင်္ဂလာတပါး၊ သူတော်ကောင်းတို့ ဆိုလွယ်သောသူ၏ အဖြစ် သည်လည်းမင်္ဂလာတပါး၊ ရဟန်းပုဏ္ဏားတို့အား ဖူးမြင်ရခြင်း သည်လည်းမင်္ဂလာတပါး၊ လျောက်ပတ်သောတရားစကားကို နှီးနှော‌ပြောဆိုဆွေးနွေး မေးမြန်းရခြင်းသည်လည်း မင်္ဂလာ တပါး၊ ဤသို့အားဖြင့် အဋ္ဌမ ဒေသနာတော်ဖြစ်သော ခန္တီစ၌ မင်္ဂလာတရားလေးပါးဖြစ်ပါသည်ဘုရား။

မေး။ အဋ္ဌမ ဒေသနာတော် ဖြစ်သော ခန္တီစ၌ မင်္ဂလာ တရား လေးပါးကို သိရပါပြီ၊ တပေါစ အစရှိသော နဝမဒေသနာ တော်၌ မင်္ဂလာတရား လေးပါးဟူသည်ကား အဘယ်သည် တို့နည်း။

ဖြေ။ ခြိုးခြံစွာ ကျင့်ရခြင်းသည်လည်း မင်္ဂလာတပါး၊ မြတ်သော မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ, တည်းဟူသော ဗြဟ္မစိုရ် တရားကို ကျင့်ရခြင်းသည်လည်း မင်္ဂလာတပါး၊ အရိယသစ္စာ

တရားမှန်တို့ကို သိမြင်ရခြင်းသည်လည်း မင်္ဂလာ တပါး၊ အရဟတ္တဖိုလ် နိဗ္ဗာန်ကို မျက်မှောက် ပြုရခြင်းသည်လည်း မင်္ဂလာတပါး၊ ဤသို့အားဖြင့် တပေါစ အစရှိသော နဝမ ဒေသနာတော်၌ မင်္ဂလာတရားလေးပါး ဖြစ်ပါသည်ဘုရား။

မေး။ နဝမ ဒေသနာတော်ဖြစ်သော တပေါစ၌ မင်္ဂလာတရား လေးပါးကိုသိရပါပြီ၊ ဖုဋ္ဌဿ အစရှိသော ဒသမ ဒေသနာ တော်၌ မင်္ဂလာတရား လေးပါးဟူသော်ကား အဘယ်သည် တို့နည်း။

ဖြေ။ လာဘော အလာဘော,ယသော အယသော,နိန္ဒာ ပသံသာ, သုခံ ဒုက္ခံ, တည်းဟူသော လောကဓံတရား ရှစ်ပါးတို့နှင့် တွေ့သော ရဟန္တာပုဂ္ဂိုလ်၏ စိတ်သည်တုန်လှုပ်ခြင်းမရှိသော အဖြစ်သည်လည်း မင်္ဂလာတပါး၊ ထိုလောကဓံတရား ရှစ်ပါး တို့ကိုတွေ့သောအခါ စိုးရိမ်ခြင်းမရှိသည်လည်း မင်္ဂလာတပါး၊ ကိလေသာ ရမက်ဟူသော အညစ်အကြေးမတင် သန့်ရှင်း စင်သောအဖြစ်သည်လည်း မင်္ဂလာတပါး၊ ကြောက်မက်ခြင်း ကင်းသော အဖြစ်သည်လည်း မင်္ဂလာတပါး၊ ဤသို့အားဖြင့် ဒသမ ဒေသနာတော်၌ မင်္ဂလာတရားလေးပါး ဖြစ်ပါသည် ဘုရား။

မေး။ မင်္ဂလာတရားတော်ကို အရှင်အာနန္ဒာမထေရ်သည်၊အရှင်မဟာ ကဿပ မထေရ်အား ပြောသည်ဆိုသော် အဘယ်အရပ်မှာ ပြောသနည်း။

ဖြေ။ ရာဇဂြိုဟ်ပြည်မှာပြောပါသည်ဘုရား။

မေး။ ရာဇဂြိုဟ်ပြည်ဟု အဘယ်ကြောင့်ခေါ်ပါသနည်း။

ဖြေ။ စကြဝတေး အစရှိသောဘုန်းကြီးသောမင်းတို့သည်သိမ်းယူရာ ဖြစ်သောကြောင့် ရာဇဂြိုဟ်ဟုခေါ်ပါသည်ဘုရား။

မေး။ ရာဇဂြိုဟ်ပြည် မြို့တွင်းမှာလော၊ မြို့ပြင်မှာလော၊ အရှေ့ အနောက်,တောင်, မြောက်စသောအရပ်တွင် အဘယ်အရပ်မှာ ပြောသနည်း။

ဖြေ။ ရာဇဂြိုဟ်ပြည် မြို့ပြင် မြောက်ဘက်အရပ်, ဝေဘာရတောင်ဝှမ်း စရည်းပင်ရောက်သော ကျောက်ဂူလိုဏ်ဝ၌ နတ်တို့ဘုံဆောင် ဗိမာန်နှင့်တူသော ရတနာမျိုးတို့ဖြင့် တန်ဆာဆင်အပ်သော ချောမော ပြေပြစ် ဆန်းကြယ်လှစွာသော ရတနာသဘင် မဏ္ဍပ်၌ ဇလ္လန္တနီလာ,မသာရဂလ်,မနောမယအစရှိသော ရတနာ မျိုးတို့ဖြင့် စီမံအပ်သော တွေတွေဒီးဒီး ရွှေချောင်းစီးသကဲ့သို့ လျှံညီးတောက်ပသော ပလ္လင်ထက်၌ အဘိုး အတိုင်း မသိ ထိုက်သော ခင်းနှီးနေရာပေါ်တွင် ဆင်စွယ်စီသော ယပ်ကို ကိုင်၍ အရှေ့စူးစူးသို့ မျက်နှာပြုလျက် နေတော်မူပြီးလျှင် ပထမသင်္ဂါယနာကိုအမှူးပြု၍ ဆောင်ရွက်တော်မူသော အရှင် မဟာကဿပရဟန္တာကြီးက မေးတော်မူလျှင်၊ အရှင်အာနန္ဒာ ဖြေလျှောက် ပါသည် ဘုရား။ နတ်သား တောင်းပန်၍ ဟောတော်မူသောအခါ ကုဋေရှစ်သန်းမျှလောက် ကုန်သော နတ်သားတို့သည် ရဟန္တာဖြစ်၏ ဆိုပါသည်။ သောတာပန်, သကဒါဂါမ်, အနာဂါမ်ဖြစ်သူအနန္တဆိုပါသည်ဘုရား။

မဟာမင်္ဂလာခွဲဤတွင်ပြီး၏။

---

### မင်္ဂလသုတ်အဓိပ္ပါယ်ထူးမှတ်ချက်

မဟာမင်္ဂလသုတ်၌အဓိပ္ပါယ်ကို အထူးမှတ်သားရန်အနည်းငယ်မျှ ထည့်သွင်းလိုက်ပါဦးအံ့။

ကေမန္တံအဇ္ဈာသိ ဟူသောပါဌ်၏ အဓိပ္ပါယ်ကား နီးလွန်းသောအရပ်၊ ဝေးလွန်းသောအရပ်၊ လေညာဖြစ်သောအရပ်၊ မြင့်သောအရပ်၊ ရှေ့တူရူ ဖြစ်သောအရပ်၊ အနောက်တူရူဖြစ်သောအရပ်၊ ၎င်းခြောက်ရပ်မှလွတ်သော အရပ်ကိုဆိုလိုသည်။

ပတိရူပဒေသဝါသောစ ဟူသော ပါဌ်၏ အဓိပ္ပါယ်ကား ရတနာ သုံးပါးထင်ရှားရှိသောအရပ်၌နေရခြင်းကိုဆိုလိုသည်။

**အတ္တသမာပဏိဓိ** ဟူသောပါဠိ၏အဓိပ္ပါယ်ကား ဒုစရိုက်ဆယ်ပါးမှ ရှောင်ကြဉ်ရမည်ဆိုလိုသည်။

**သုဘာသိတာစယာဝါစာ** ဟူသော ပါဠိ၏ အဓိပ္ပါယ်ကား ပိသုန ဝါစာမှကြဉ်၍ဆိုသော သုဘာသိတစကား၊ ဖရုသဝါစာမှ ကြဉ်၍ဆိုသော ပိယဝါစာ စကား၊ သမ္ဖပ္ပလာပမှ ကြဉ်၍ဆိုသော ဓမ္မစကား၊ မုသာဝါဒမှ ကြဉ်၍ဆိုသော သစ္စာစကား၊ ဤအင်္ဂါလေးပါးနှင့် ပြည့်စုံသောစကားကို ဆိုလိုသည်။

**ပုတ္တဒါရဿသင်္ဂဟော** ဟူသော ပါဠိ၏ အဓိပ္ပါယ်ကား သရဏဂုံ ဆောက်တည်၍၊ပဥ္စသီကိုထိန်းစောင့်၍၊ ကုသိုလ်ကောင်းမှုကိုပြု၍၊ တရား တော်နှင့်အညီ သားမယား မွေးရမည်ဆိုလိုသည်။

**ဒါနဥ္စဓမ္မစရိယာ** ဟူသောပါဠိ၏ အဓိပ္ပါယ်ကား ဆွမ်း၊ အဖျော်၊ ကျောင်း၊ သင်္ကန်း၊ ယာဉ်ပန်း၊ နံ့သာပျောင်း၊ နံ့သာအိပ်ရာနေရာ၊ ဆီမီး၊ ၎င်း ဒါနဝတ္ထု ဆယ်ပါး၊ သူနာတို့၏ အထောက်အပံ့ ဖြစ်သော ဆေး၊ ဤဆဲ့တပါးကို ဒါနဥ္စပုဒ်၌ သွင်းအပ်၏။ ငါးပါးသီလ, ဆယ်ပါးသီလ, စတုပါရိသုဒ္ဓိ သီလတို့ကို ဓမ္မစရိယာ ပုဒ်၌ သွင်းအပ်၏။ အဋ္ဌင်္ဂသီလကို အနဝဇ္ဇာနိကမ္မာနိ ဟူသောပုဒ်၌ သွင်းအပ်၏။

**အာရတီဝိရတီ** ပါဠိ၏အဓိပ္ပါယ်ကား စိတ်နှလုံးဖြင့် ကြဉ်ခြင်းသည် အာရတီမည်၏။ ကိုယ်,နှုတ်,နှစ်ပါးဖြင့်ကြဉ်ခြင်းသည်ဝိရတီမည်၏။

**မဇ္ဇပါနာ** ပါဠိ၏ အဓိပ္ပါယ်ကား သုရာငါးပါး, မေရယငါးပါးကို ကြဉ်ရှောင်ရမည်ဆိုလိုသည်။

**သန္တုဋ္ဌိစ** ပါဠိ၏ အဓိပ္ပါယ်ကား ကိလေသာတို့ကို ခေါင်းပါးစေခြင်း ငှာ လောဘ အာရုံသို့ မလိုက်မူ၍ ရရှိသမျှသော ပစ္စည်းတို့ဖြင့် ရောင့်ရဲ၍ သုံးဆောင်ရမည်ဆိုလိုသည်။

**ကာလေနဓမ္မဿဝနံ** ဟူသောပါဠိ၏ အဓိပ္ပါယ်ကား။ ကာမဝိတက် ဗျာပါဒဝိတက်၊ ဝိဟိံသာဝိတက်၊ ဤမိစ္ဆာဝိတက်မဝင်လာသောအခါသည် တရားတော်ကိုနာခြင်းငှာ လျောက်ပတ်သောအခါမည်၏။

သောဝစဿတာ ဟူသော ပါဠိ၏ အဓိပ္ပါယ်ကား။ သားတော်ရာဟုလာကို ဩပပါပေးတော်မူသောအခါ တခွန်းတည်းသော စကားဖြင့်နာယူလွယ်သကဲ့သို့ သူတော်ကောင်းတို့ ဆုံးမစကားကို တခွန်းတည်းဖြင့် နားထောင်နာယူလွယ်ရမည် ဆိုလိုသည်။

သမဏာနဉ္စဒဿနံ ဟူသောပါဠိ၏ အဓိပ္ပါယ်ကား။ သီလဝန္တပုထုဇ္ဇန်ပုဂ္ဂိုလ်နှင့်တကွ သေက္ခပုဂ္ဂိုလ်ခုနစ်ယောက်တို့အား ဖူးမြင်ရမည်ဆိုလိုသည်။

တပေါစ ဟူသော ပါဠိ၏ အဓိပ္ပါယ်ကား။ ဝီရိယကိုဖြစ်စေ၍ ဣန္ဒြိယသံဝရသီလကို လုံအောင်ထိန်းသိမ်းရမည် ဆိုလိုသည်။

ဗြဟ္မစရိယဉ္စ ဟူသော ပါဠိ၏ အဓိပ္ပါယ်ကား။ မေထုန် ၇-ပါးမှကြဉ်ရမည် ဆိုလိုသည်။

အရိယသစ္စာနဒဿနံ ဟူသောပါဠိ၏အဓိပ္ပါယ်ကား။သစ္စာလေးပါးကိုမဂ်ဉာဏ်ဖြင့် မြင်ရမည် ဆိုလိုသည်။

နိဗ္ဗာနသစ္ဆိကိရိယာစ ဟူသောပါဠိ၏အဓိပ္ပါယ်ကား။အရဟတ္တဖိုလ်သို့ရောက်ခြင်း,ဆင်ခြင်ခြင်းကို ဆိုလိုသည်။

လောကဓမ္မေဟိ ဟူသောပါဠိ၏အဓိပ္ပါယ်ကား လာဘ်ရခြင်း,လာဘ်မရခြင်း၊ အခြံအရံရှိခြင်း, အခြံအရံမရှိခြင်း၊ ချီးမွမ်းခြင်း, ကဲ့ရဲ့ခြင်း၊ ချမ်းသာခြင်း, ဆင်းရဲခြင်း၊ ဤလောကဓံတရား ရှစ်ပါးကိုဆိုလိုသည်။

အလူးမှတ်ရန်အကျဉ်းအဓိပ္ပါယ်ပြီး၏။

---

မင်္ဂလာတရား ၃၈-ပါးသံပေါက်

၁။ ကောလာဟလ၊ ကြုံကုန်ကြ၊ ဒေဝမနုဿာ။
၂။ သက္က-သိကြား၊ တောင်းပန်ငြား၊ ဟောထားဒေသနာ။
၃။ အသေဝနာစ၊ဗာလာနံ၊ ရှောင်ကြဉ်ဝေးဝေးခွါ။
၄။ ပဏ္ဍိတာနဉ္စ၊ သေဝနာ၊ ပေါင်းကြမှီဝဲရာ။
၅။ ပူဇနီယ၊ ပူဇာစ၊ ပြုအပ်လှသည်သာ။
၆။ ပတိရူပ၊ တင့်အပ်လှ၊ ဒေသအရပ်မှာ။
၇။ ပုဗ္ဗေကတ၊ လှူဒါန၊ ရှေးကပြုသော်သာ။

၈။ ကိုယ်ကိုစောင်မ၊ဆောက်တည်က၊လားကြနိဗ္ဗုတာ။
၉။ အကြားအမြင်၊မြားမြောက်ဖင်၊ကြည်လင်အားထုတ်ပါ။
၁၀။ အပြစ်မရှိ၊ကင်းလွတ်ဘိ၊ကဝိမှတ်ကုန်ရာ။
၁၁။ ဝိနယော်စ၊သိက္ခိတ၊သင်ကြမျိုးလေးဖြာ။
၁၂။ သုဘာသိတ၊ယာဝါစ၊ကောင်းလှဆိုအပ်စွာ။
၁၃။ မာတာပိတ၊မိနှင့်ဘ၊နိစ္စလုပ်ကျွေးပါ။
၁၄။ မယား-သားအား၊သင်္ဂြိုဟ်ငြား၊တပါးမင်္ဂလာ။
၁၅။ အနာကုလ၊ကမ္မန္တ၊ပြုကြမှုကိစ္စာ။
၁၆။ အလှူဒါန၊ပေးဝေငှ၊ထက်လှစေတနာ။
၁၇။ အကျင့်ဓမ္မ၊ကောင်းမြတ်လှ၊မခွသူတော်စွာ။
၁၈။ ဉာတကာနဉ္စ၊သင်္ဂဟ၊မစသင်္ဂြိုဟ်ပါ။
၁၉။ အနဝဇ္ဇ၊ပြစ်မရ၊ပြုကြအပ်သည့်သာ။
၂၀။ အာရတီစ၊အဓမ္မ၊နေ့ညကြဉ်ကုန်ပါ။
၂၁။ ဝိရတီစ၊ထူးထွေလှ၊ကြဉ်ကြမှုပါပါ။
၂၂။ မဇ္ဇပါန၊ယစ်မျိုးစ၊ရှောင်ကြလူပါကာ။
၂၃။ ကုသိုလ်ဓမ္မ၊အားထုတ်ကြ၊နေ့ညမမေ့ရာ။
၂၄။ ဂါရဝေါစ၊ရိုတုပ်ကွ၊မြတ်လှဓမ္မတာ။
၂၅။ နိဝါတောစ၊ကိုယ်နှိမ့်ချ၊မာနမထောင်ရာ။
၂၆။ သန္တုဋ္ဌီစ၊ရောင့်ရဲကြ၊နိစ္စအလွယ်သာ။
၂၇။ သူ၏ကျေးဇူး၊မတိမ်မြူး၊ကြည်နူးသိကုန်ပါ။
၂၈။ လျောက်ပတ်ကာလ၊မြတ်ဓမ္မနာကြအပ်သည့်သာ။
၂၉။ သည်းခံနှလုံး၊သူတော်ထုံး၊ရှင်ပြုံးကျင့်အပ်စွာ။
၃၀။ ကောင်းသည့်စကား၊ဆိုတတ်ငြား၊အများကြည်မေတ္တာ။
၃၁။ မကောင်းမှုအား၊ဝေးစွာရှား၊လားလားကြဉ်ကုန်ပါ။
၃၂။ ရဟန်းသူမြတ်၊ဖူးမြင်အပ်၊ယွင်းချွတ်မရှိရာ။
၃၃။ သုံးခါတလ၊မြတ်ဓမ္မ၊နေ့ညဆွေးနွေးရာ။
၃၄။ ခြိုးခြံကျင့်ဝတ်၊သူတော်မြတ်၊မပြတ်အရိယာ။
၃၅။ ဗြဟ္မစရိယ ဖြူစင်လှ၊ကျင့်ကြပဏ္ဍိတာ။

၃၆။ အရိယာသစ္စာ၊ဒဿနာ၊သိကြမျိုးလေးဖြာ။
၃၇။ နိဗ္ဗာန်မျက်မှောက်ပြုကုန်မြောက်၊ထွန်းတောက်မင်္ဂလာ။
၃၈။ လောကဓံတရား၊တွေ့ကြုံငြား၊လှုပ်ရှားမရှိရာ။
၃၉။ စိုးရိမ်သောကာ၊စိတ်မခွ၊ကင်းကြလွတ်သည်သာ။
၄၀။ ကိလေသာမျိုး၊နှောင်ဖွဲ့ကြိုး၊ဖြတ်ချိုးရှင်းရှင်းကွာ။
၄၁။ အဇ္ဈတ္တိက၊ဗာဟိရ၊ဘေးမှလွတ်သည်သာ။
၄၂။ သုံးဆဲ့ရှစ်ပါး၊ဤတရား၊အများမှတ်ကုန်ပါ။
၄၃။ ကျက်၍အရ၊ဆောင်လေက၊ကြီးလှမင်္ဂလာ။
၄၄။ ကျက်သရေမျိုး၊နေ့တိုင်းတိုး၊ဟိုးဟိုးကျော်မည်သာ။

မင်္ဂလာသံပေါက်ပြီး၏။

---

# ဂုဏ္ဍဒိပါဒ် (၃)

## အပြင်အောင်ခြင်းရှစ်ပါးပါဌ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ ဗာဟုံသဟဿ မဘိနိမ္မိတသာဝုဓန္တံ၊
ဂြီမေခလံ ဥဒိတဃောရ သသေနမာရံ။
ဒါနာဒိ ဓမ္မဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယမင်္ဂလာနိ။

၂။ မာရာတိရေက မဘိယုဇ္ဈိတ သဗ္ဗရတ္တိံ၊
ဃောရံ ပနာဠဝက မက္ခမ ထဒ္ဓယက္ခံ။
ခန္တီသုဒန္တဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယ မင်္ဂလာနိ။

၃။ နာဠာဂိရိံ ဂဇဝရံ အတိမတ္တဘူတံ၊
ဒါဝဂ္ဂိ စက္ကမသနီဝ သုဒါရုဏန္တံ။
မေတ္တမ္ဗုသေကဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယ မင်္ဂလာနိ။

၄။ ဥက္ခိတ္တ ခဂ္ဂ မတိဟတ္ထ သုဒါရုဏန္တံ။
ဓာဝံ တိယောဇန ပထင်္ဂုလိမာလ ဝန္တံ။
ဣဒ္ဓီဘိသင်္ခတ မနော ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယ မင်္ဂလဂ္ဂံ။

၅။ ကတွာန ကဋ္ဌမုဒရံ ဣဝ ဂဗ္ဘိနီယံ၊
စိဉ္စာယ ဒုဋ္ဌဝစနံ ဇနကာယ မဇ္ဈေ။
သန္တေန သောမဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယ မင်္ဂလဂ္ဂံ။

၆။ သစ္စံဝိဟာယ အတိသစ္စက ဝါဒကေတုံ၊
ဝါဒါဘိရောပိတမနံ အတိအန္ဓဘူတံ။
ပညာပဒီပ ဇလိတော ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။

၇။ နန္ဒောပနန္ဒ ဘုဇဂံ ဝိဝိဓံ မဟိဒ္ဓိံ၊
ပုတ္တေန ထေရဘုဇဂေန ဒုနာပယန္တော။
ဣဒ္ဓူပဒေသ ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘ´ တု မေ ဇယမင်္ဂလဂ္ဂံ။

၈။ ဒုဂ္ဂါဟ ဒိဋ္ဌိဘုဇဂေန သုဒဋ္ဌဟတ္ထံ၊
ဗြဟ္မံသုတံ ဇုတိမဟိဒ္ဓိ ဗကာဘိဓာနံ။
ဉာဏာဂဒေန ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။

---

## အပြင်အောင်ခြင်းရှစ်ပါးအနက်

၁။ ယောမုနိန္ဒော၊အကြင်မြတ်စွာဘုရားသည်။ဂိရိမေခလံ၊ဂိရိမေခလာ အမည်ရှိသောဆင်ကို။ ဥဒိတံ၊ တက်စီးထသော။ အဘိနိမ္မိတသာဝုဓန္တံ၊ အလွန်ဘန်ဆင်းအပ်သော လက်နက်နှင့် တကွဖြစ်သော။ ဗာဟုံသဟဿံ၊ တထောင်သော လက်ရုံးရှိထသော။ ဃောရံ၊ ကြမ်းထမ်းစွာထသော။ သသေနမာရံ၊ စစ်သည်နှင့်တကွသောမာရ်နတ်သားကို။ ဒါနာဒိဓမ္မဝိဓိနာ၊

ဒါနပါရမီ အစရှိသော တရားတည်းဟူသော အစီအရင်ဖြင့်။ ဇိတဝါ၊ အောင်တော်မူလေပြီ။ တံတေဇသာ၊ မာရ်နတ်သားကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ အကျွန်ုပ်အား။ အဂ္ဂါ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်း မင်္ဂလာသည်။ ဘဝတု၊ဖြစ်စေသတည်း။

၂။ ယောမုနိန္ဒော၊ အကြင်မြတ်စွာဘုရားသည်။ မာရာတိရေကံ၊ မာရ်နတ်သားထက် အလွန်။ သဗ္ဗရတ္တိ ၊ ညဉ့်သုံးယံ ပတ်လုံး။ အဘိယုဇ္ဈိတံ၊ အလွန်စစ်ထိုးနိုင်ထသော။ ဃောရံ၊ ကြောက်မက်ဘွယ်ရှိထသော။ အက္ခမံ၊ သူတပါးတို့သည် သည်းခံနိုင်ခဲထသော။ ထဒ္ဓံ၊ ကြမ်းထမ်း ခက်မာစွာ ထသော။ အာဠဝကံ၊ အာဠဝကအမည်ရှိသော။ ယက္ခံပန၊ ဘီလူးကိုကား။ ခန္တီသုဒန္တဝိဓိနာ၊ သည်းခံတော်မူခြင်း ကောင်းစွာ ယဉ်ကျေးစေတော်မူခြင်းတည်းဟူသော အစီအရင်ဖြင့်။ ဇိတဝါ၊ အောင်တော် မူလေပြီ။ တံတေဇသာ၊ အာဠဝကဘီလူးကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ အကျွန်ုပ်အား။ အဂ္ဂါ၊မြတ်သော ။ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

၃။ ယောမုနိန္ဒော၊ အကြင်မြတ်စွာဘုရားသည်။ ဒါဝဂ္ဂိစက္ကမသနီဝ၊ တောမီး၊မိုးကြိုးစက်ကဲ့သို့။ သုဒါရုဏန္တံ၊ အလွန်ကြမ်းကြုတ်စွာထသော။ အတိမဒ္ဒဘူတံ၊ အလွန်မုန်ယစ်စွာထသော။ နာဠာဂိရိံ ၊ နာဠာဂိရိအမည်ရှိ ထသော။ ဂဇဝရံ၊ မြတ်သော မင်းစီးဆင်ကို။ မေတ္တမ္ဗုသေက ဝိဓိနာ၊ မေတ္တာတော်ရေကို သွန်းခြင်း တည်းဟူသော အစီအရင်ဖြင့်။ ဇိတဝါ၊ အောင်တော်မူလေပြီ။တံတေဇသာ၊ နာဠာဂိရိဆင်ကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ အကျွန်ုပ်အား။ အဂ္ဂါ၊ မြတ်သော။ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ဖြစ်စေသတည်း။

၄။ ယောမုနိန္ဒော၊ အကြင်မြတ်စွာဘုရားသည်။ ဥက္ခိတ္တခဂ္ဂမတိဟတ္ထ သုဒါရုဏန္တံ၊ ချီအပ်သောသံလျက်လက်၌ ရှိသည်ဖြစ်၍ အလွန်ကြမ်းကြုတ်စွာ ထသော။ တိယောဇနပထံ၊ သုံးယူဇနာသောခရီးကို။ ဓာဝံ၊ တဟုန်တည်း ပြေးစွမ်းနိုင်ထသော။ အင်္ဂုလိမာလဝန္တံ၊ လက်ညှိုးတည်းဟူသောပန်းရှိသော

ခိုးသူကို။ ဣန္ဒိဘိသင်္ခတမနော၊ တန်ခိုးတော်အားဖြင့်တန်ဆာဆင်အပ်သော နှလုံးတော် ရှိသည်ဖြစ်၍၊ ဇိတဝါ၊ အောင်တော်မူလေပြီ။ တံတေဇသာ၊ အင်္ဂုလိမာလ,အမည်ရှိသော ခိုးသူကိုအောင်တော်မူသောထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ အကျွန်ုပ်အား။ အဂ္ဂံ၊ မြတ်သော။ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

၅။ ယောမုနိန္ဒော၊ အကြင်မြတ်စွာဘုရားသည်။ ကဋ္ဌံ၊ သစ်သားကို။ ဂဗ္ဘိနိယံ၊ ကိုယ်ဝန်ဆောင်သော။ ဥဒရိဏ္ဏဝ၊ ဝမ်းကဲ့သို့။ ကတွာန၊ ပြုလတ်၍။ ဇနကာယမဇ္ဈေ၊ တရားနာပရိသတ် ဖြစ်သော လူရဟန်း အပေါင်းတို့ အလယ်၌။ စိဉ္စာယ၊ စိဉ္စမာဏဝိကာ,အမည်ရှိသောမိန်းမညစ်၏။ ဒုဋ္ဌဝစနံ၊ စွပ်စွဲသောအားဖြင့်ဖျက်ဆီးသောစကားကို။ သန္တေန၊ ငြိမ်သက်စွာသော။ သောမဝိဓိနာ၊ ဖြူစင်စွာသောအစီအရင်ဖြင့်။ဇိတဝါ၊အောင်တော်မူလေပြီ။ တံတေဇသာ၊စိဉ္စမာဏဝိကာ,အမည်ရှိသောမိန်းမညစ်၏စွပ်စွဲသောအားဖြင့် ဖျက်ဆီးသောစကားကိုအောင်တော်မူသောထိုမြတ်စွာဘုရား၏တန်ခိုးတော် အားဖြင့်။ မေ၊ အကျွန်ုပ်အား။ အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊အောင်ခြင်း မင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

၆။ ယောမုနိန္ဒော၊ အကြင်မြတ်စွာဘုရားသည်။ သစ္စံ၊ မှန်သော စကားကို။ ဝိဟာယ၊ စွန့်၍။ အတိသစ္စကဝါဒကေတုံ၊ မမှန်သည်ကို မှန်သည်ဟုဆိုအပ်သော ဝါဒတည်းဟူသော မှန်ကင်းရှိထသော။ ဝါဒါ ဘိရောပိတမနံ၊ မိမိဝါဒဖြင့်သူတပါးတို့အားနှိပ်နင်းလိုသောစိတ်ရှိထသော။ အတိအန္ဓဘူတံ၊ အလွန်မိုက်လှစွာသော ကုဋ္ဌဒဏ္ဍ, အမည်ရှိသော သစ္စက ပရိဗိုဇ်ကို။ ပညာဒိပဇလိတော၊ ပညာတော်တည်းဟူသော ဆီမီးတန် ဆောင်ကို ညှိထွန်းတော်မူသည်ဖြစ်၍။ ဇိတဝါ၊ အောင်တော်မူလေပြီ။ တံတေဇသာ၊ ကုဋ္ဌဒဏ္ဍ,အမည်ရှိသော သစ္စကပရိဗိုဇ်ကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ အကျွန်ုပ်အား။ အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေ သတည်း။

၇။ ယောမုနိန္ဒော၊ အကြင်မြတ်စွာဘုရားသည်။ ဝိဝိဓံ၊ အထူးထူး အပြားပြားရှိသော။ မဟိဒ္ဓိံ၊ ကြီးသောတန်ခိုးရှိသော။ နန္ဒောပနန္ဒဘုဇဂံ၊

နန္ဒာဝတ္တန္တံ, အမည်ရှိသောနဂါးမင်းကို။ ထေရဘုဇဂေန၊ ကြီးမြတ်သော နဂါးမင်း ဖြစ်တော်မူသော။ ပုတ္တေန၊ သားတော်, အရှင်မောဂ္ဂလာန်ကို။ ဓုနာပယန္တော၊ အခိုးအလျှံကိုထွက်စေလျက်။ ဣဒ္ဓူပဒေသဝိဓိနာ၊ တန်ခိုး တော် ဘန်ဆင်းခြင်း၌နည်းညွှန်ဥပဒေကို ပေးသောအစီအရင်ဖြင့်။ ဇိတဝါ၊ အောင်တော်မူလေပြီ။ တံတေဇသာ၊ နန္ဒာဝတ္တန္တအမည်ရှိသောနဂါးမင်းကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ အကျွန်ုပ်အား။ အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

၈။ ယာဝမုနိန္ဒော၊ အကြင်မြတ်စွာဘုရားသည်။ ဒုဂ္ဂါဟဒိဋ္ဌိဘုဇဂေန၊ မကောင်းသောအယူမိစ္ဆာဒိဋ္ဌိတည်းဟူသော မြွေသည်။သုဒဋ္ဌဟတ္ထံ၊ပြင်းစွာ ကိုက်အပ်သော လက်ရှိထသော။သုတံ၊ကျော်စောစွာထသော။ဇုတိမဟိဒ္ဓိံ၊ တောက်ပသော ကြီးသောတန်ခိုးရှိထသော။ ဗကာဘိဓာနံ၊ ဗက,အမည် ရှိသော၊ဗြဟ္မံ၊ ဗြဟ္မာမင်းကို။ ဉာဏာဂဒေန၊ ဉာဏ်တော် တည်းဟူသော အဆိပ်ကိုဖျောက်တတ်သောဆေးဟုဆိုအပ်သော။ ဝိဓိနာ၊ အစီအရင်ဖြင့်။ ဇိတဝါ၊ အောင်တော်မူလေပြီ။ တံတေဇသာ၊ ဗက,အမည်ရှိသော ဗြဟ္မာ မင်းကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော် အားဖြင့်။ မေ၊ အကျွန်ုပ်အား။အဂ္ဂံ၊မြတ်သော။ဇယမင်္ဂလံ၊အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

အပြင်အောင်ခြင်းရှစ်ပါးအနက်ပြီး၏။

---

# ဣဒ္ဓိပါဒ် (၄)

## အတွင်းအောင်ခြင်းရှစ်ပါးပါဠိ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ အဝိဇ္ဇာ အဏ္ဏဝကောသမ္ဘိ၊ သတ္တေ တဏှာ ဇလာဗုဇေ။
တမှာဥဒ္ဓာနာ နိက္ခာမေသိ၊ ဒေသနာ ဉာဏ တေဇသာ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

၂။ မဟာမောဟန္ဓကာရေန၊ အဘိဘူတေ မဟာဇနေ။
ပညာစက္ခုံ လဘာပေသိ၊ ဉာဏာလောကေန သောဇိနော။
တေနသစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
၃။ ရာဂါဒိအဂ္ဂိ ဇာလေဟိ၊ ဍဍ္ဎကာယံ မဟာဇနံ။
နိဗ္ဗာပေသိ နရနာထော၊ အဋ္ဌမဂ္ဂင်္ဂဝါရိနာ။
တေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
၄။ စတုရောဃေဟိ ဝုယှန္တေ၊ ဂမ္ဘီရေ သံသာရဏ္ဏဝေ။
ဥတ္တာရေသိ မဟာဝီရော၊ ဓမ္မနာဝါယ နာယကော။
တေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
၅။ သံသာရစာရကံ လောကံ၊ နိစ္စံ ဒုက္ခေန ပီဠိတံ။
နိဗ္ဗာနပုရံ ပါပေသိ၊ ယာနတ္တယေန သောဇိနော။
တေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
၆။ ကဋ္ဌမုခါဒိ သပ္ပေဟိ၊ ဍဋ္ဌကာယံ မဟာဇနံ။
နိဗ္ဗာပေသိ မဟာဓီရော၊ နာထော တိလောကဝဇ္ဇကော။
တေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
၇။ သံသာရဒုက္ခကန္တာရာ၊ ကိလေသ စောရပီဠိတံ။
ခေမန္တဘူမိံ တာရေသိ၊ သတ္ထဝါဟော ဝိနာယကော။
တေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
၈။ ပဉ္စတာလီသ ဝဿာနိ၊ ဌတွာ လောကံ သဒေဝကံ။
ပိဝယိတွာ ဓမ္မရသံ၊ နိဗ္ဗုတော သော သသာဝကော။
တေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

---

## အတွင်းအောင်ခြင်းရှစ်ပါးအနက်

၁။ အဝိဇ္ဇာအဏ္ဍကောသမှိ၊ အဝိဇ္ဇာတည်းဟူသော ဥခွံတွင်း၌။ တဏှာဇလာဗုဇေ၊ တဏှာတည်းဟူသော သားအိမ်၌ဖြစ်ကုန်သော။ သတ္တေ၊ သတ္တဝါတို့ကို။ ဒေသနာဉာဏ တေဇသာ၊ ဒေသနာဉာဏ် တည်းဟူသော တန်ခိုးဖြင့်။ တမှာဌာနာ၊ ထိုအဝိဇ္ဇာဥခွံတဏှာသားအိမ်အရပ်မှ။ နိက္ခာမေသိ၊

ထွက်မြောက်စေတော်မူပြီ။ တေနသစ္စဝဇ္ဇေန၊ ဤသို့သော သစ္စာစကားကြောင့်။ မေ၊ အကျွန်ုပ်အား။ ဇယမင်္ဂလံ၊ အောင်အပ်သောမင်္ဂလာသည်။ ဟောတု၊ အောင်သည်ဖြစ်ပါစေသတည်း။

၂။ သောဇိနော၊ ထိုမြတ်စွာဘုရားသည်။ ဉာဏာလောကေန၊ ဉာဏ်တော် တည်းဟူသော အလင်းရောင်ဖြင့်။ မဟာမောဟန္ဓကာရေန၊ ကြီးစွာသော အမိုက်တိုက်တည်းဟူသော မောဟသည်။ အဘိဘူတေ၊ အလွန်နှိပ်စက်ကုန်သော။ မဟာဇနေသတ္တေ၊ များစွာကုန်သော သတ္တဝါတို့ကို။ ပညာစက္ခုံ၊ ပညာတည်းဟူသောစက္ခုကို။ လဘာပေသိ၊ ရစေတော်မူပြီ။ တေန သစ္စဝဇ္ဇေန၊ ဤသို့သော သစ္စာ စကားကြောင့်။ မေ၊ အကျွန်ုပ်အား။ ဇယမင်္ဂလံ၊ အောင်အပ်သောမင်္ဂလာသည်။ ဟောတု၊ အောင်သည် ဖြစ်ပါစေသတည်း။

၃။ နရနာထော၊ လူသုံးပါးတို့၏ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ရာဂါဒိအဂ္ဂိဇာလေဟိ၊ ရာဂအစရှိသော မီးလျှံတို့ဖြင့်။ ဒုက္ခကာယံ၊ ပူလောင်သောကိုယ်ရှိသော။ မဟာဇနံ၊ များစွာသောသတ္တဝါကို။ အဋ္ဌမဂ္ဂင်္ဂဝါရိနာ၊ မဂ္ဂင်ရှစ်ပါး တည်းဟူသော ရေစင်ဖြင့်။ နိဗ္ဗာပေသိ၊ ငြိမ်းစေတော်မူပြီ။ တေန သစ္စဝဇ္ဇေန၊ ဤသို့သော သစ္စာစကားကြောင့်။ မေ၊ အကျွန်ုပ်အား။ ဇယမင်္ဂလံ၊ အောင်အပ်သောမင်္ဂလာသည်။ ဟောတု၊ အောင်သည်ဖြစ်ပါစေသတည်း။

၄။ မဟာဝီရော၊ ကြီးမြတ်သော လုံ့လရှိတော်မူသော။ နာယကော၊ လူသုံးပါးတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော် မူတတ်သော မြတ်စွာဘုရားသခင်သည်။ ဂမ္ဘီရေ၊ နက်စွာသော။ သံသာရဏ္ဏဝေ၊ သံသရာတည်းဟူသောသမုဒ္ဒရာ၌။ စတုရောဃေဟိ၊ လေးပါးသောအယဉ်တို့ဖြင့်၊ ဝုယှန္တေ၊ မျောကုန်သော သတ္တဝါတို့ကို။ ဓမ္မနာဝါယ၊ တရားတည်းဟူသောလှေဖြင့်။ ဥတ္တာရေသိ၊ ကယ်တင်တော်မူပြီ။ တေနသစ္စဝဇ္ဇေန၊ ဤသို့သော သစ္စာစကားကြောင့်။ မေ၊ အကျွန်ုပ်အား။ ဇယမင်္ဂလံ၊ အောင်အပ်သော မင်္ဂလာသည်။ ဟောတု၊ အောင်သည်ဖြစ်ပါစေသတည်း။

၅။ သောဇိနော၊ ထိုမြတ်စွာဘုရားသည်။ သံသာရစာရကံ၊ သံသရာ၌ ကျင်လည်ထသော။ ဒုက္ခေန၊ ဇာတိအစရှိသော ဒုက္ခဖြင့်။ နိစ္စံ၊ အမြဲ။

ပိဋကတံ၊ နှိပ်စက်အပ်ထသော။ လောကံ၊ လူအပေါင်းကို။ ယာနတ္တယေန၊ ယာဉ်သုံးပါးတို့၏အပေါင်းဖြင့်။ နိဗ္ဗာနပုရံ၊ နိဗ္ဗာန်ပြည်မြတ်သို့။ ပါပေသိ၊ ရောက်စေတော်မူပြီ။ တေနသစ္စဝဇ္ဇေန၊ ဤသို့သောသစ္စာစကားကြောင့်။ မေ၊ အကျွန်ုပ်အား။ ဇယမင်္ဂလံ၊ အောင်အပ်သောမင်္ဂလာသည်။ ဟောတု၊ အောင်သည်ဖြစ်ပါစေသတည်း။

၆။ မဟာဓိရော၊ ကြီးမြတ်သော ပညာရှိတော်မူထသော။ တိလောကဝေဇ္ဇကော၊ လူသုံးပါးတို့၏ဆေးသမားသဘွယ်ဖြစ်တော်မူသော။နာထော၊ မြတ်စွာဘုရားသည်။ ကဋ္ဌမဓဒ္ဒိသပ္ပေဟိ၊ ကဋ္ဌမုခ,အစရှိသောမြွေလေးစင်းတို့သည်။ ဥဋ္ဌကာယံ ကိုက်အပ်သောကိုယ်ရှိသော။မဟာဇနံ၊မျှားစွာသော သတ္တဝါကို။ နိဗ္ဗာပေသိ၊ ငြိမ်းစေတော်မူပြီ။ တေနသစ္စဝဇ္ဇေန၊ဤသို့သော သစ္စာစကားကြောင့်။ မေ၊ အကျွန်ုပ်အား။ ဇယမင်္ဂလံ၊ အောင်အပ်သော မင်္ဂလာသည်။ ဟောတု၊ အောင်သည်ဖြစ်ပါစေသတည်း။

၇၇။ သာရိပုတ္တ၊ သာရိပုတ္တရာ။ ဇလတိ၊ ဤသို့။ မယှံ-မယာ၊ ငါငုံး မင်းသည်။ သစ္စေ၊ သစ္စာကို။ ကတေ၊ ပြုသည်ရှိသော်။ သစ္စကတေန၊ ပြုအပ်သောသစ္စာနှင့်။ သဟ၊ တကွ။ သိခီ၊ တောမီးသည်။ ဥဒကံ၊ ရေသို့။ ပတွာ၊ ရောက်၍။ ဝဇ္ဇေသိယထာ၊ ဖဲကြဉ်သကဲ့သို့။ မဟာပဇ္ဇလိတော၊ ကြီးသောအလျှံရှိသော။ သိခီ၊ တောမီးသည်။ သောဠသကရီသာနိ၊ တဆဲ့ခြောက်မင်း ပယ်စားတို့တိုင်တိုင်။ ဝဇ္ဇေသိ၊ ဖဲကြဉ်လေ၏။ သာရိပုတ္တ၊ သာရိပုတ္တရာ။ မေ၊ ငါ၏။ သစ္စေန၊ သစ္စာစကားနှင့်။ သမော၊ တူသော တရားသည်။ နတ္ထိ၊ မရှိ။ သောပါရမီ၊ ဤပါရမီသည်ကား။ မေ၊ ငါ၏။ သစ္စပါရမီ၊ သစ္စာပါရမီတည်း။

ဝဋ္ဋပရိတ္တံ၊ ဝဋ္ဋသုတ်ပရိတ်တော်သည်။ နိဋ္ဌိတံ၊ ပြီးပြီ။

---

## ၇-ဓဇဂ်သုတ်

၇၈။ ယဿ၊ အကြင် ဓဇဂ်သုတ်ပရိတ်တော်ကို။ အနုဿရဏေနာပိ၊ အောက်မေ့ကာမျှတည်းဖြင့်လျှင်။ အန္တလိက္ခေပိ၊ ကောင်းကင်၌ တည်ကုန် လျက်လည်း။ ပါဏိနော၊ သတ္တဝါတို့သည်။ ဘူမိယံဝိယ၊ မြေ၌ကဲ့သို့၊

သဗ္ဗထာ၊ ခပ်သိမ်းသောအပြားအားဖြင့်။ ပတိဋ္ဌံ၊ တည်ရာကို။ အဓိဂစ္ဆန္တိ၊ ရကုန်၏။

၇၉။ ယက္ခစောရာဒိသမ္ဘဝါ၊ ဘီလူး ခိုးသူစသည်တို့ကြောင့်ဖြစ်သော။ သဗ္ဗုပဒ္ဒဝဇာလမှာ၊ ခပ်သိမ်းသော ဥပဒ္ဒဝေါ တည်းဟူသော ကွန်ရက်မှ။ မုတ္တာနံ၊ လွတ်ကုန်သောသူတို့ကို။ ဂဏနာ၊ ရေတွက်ခြင်းသည်။ နံစအတ္ထိ၊ မရှိသလျှင်ကတည်း။ တံပရိတ္တံ၊ ထိုဇေဂ်သုတ်ပရိတ်တော်ကို။ဟော၊ အိုအရှင်သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။'

၈၀–၈၁။ ဘန္တေမဟာကဿပ၊ အရှင်မဟာကဿပ။ဣဒံဇေဂ္ဂံ၊ဤဇေဂ်သုတ်ပရိတ်တော်ကို။ မေ-မယာအာနန္ဒတ္ထေရေန၊ ငါအာနန္ဒာမထေရ်သည်။ ဧဝံ၊ ဤသို့။ သုတံ၊ ကြားလိုက်ရ၏။ တနည်းကား။ ဘန္တေမဟာကဿပ၊ အရှင်မဟာကဿပ။ ဣဒံ၊ ဤဇေဂ်သုတ် ပရိတ်တော်ကို။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သမုခါ၊ မျက်မှောက် တော်မှ။ မေ၊ ငါ၏။ သုတံ၊ ကြားခြင်းသည်ကား။ ဧဝံ၊ ဤသို့လျှင်တည်း။ ဧကံ၊ တပါးသော။သမယံ၊ အခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ အနာထပိဏ္ဍိကဿ၊ အနာထပိဏ်သဌေး၏။ အာရာမေ၊ နှလုံးမွေ့လျော်ဘွယ်ရှိသော။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ ဝိဟရတိ၊ နေတော်မူ၏။ တတြခေါ၊ ထိုသို့နေတော်မူသောအခါ၌လျှင်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဘိက္ခဝေါတိ၊ ရဟန်းတို့ဟူ၍။ ဘိက္ခူ၊ ရဟန်းတို့ကို။ အာမန္တေသိ-အာလပတိ၊ ခေါ်တော်မူ၏။ ဘဒ္ဒန္တေတိ၊ ဪအရှင်ဘုရားဟူ၍။ တေဘိက္ခူ၊ ထိုရဟန်းတို့သည်။ ဘဂဝတော၊ မြတ်စွာဘုရားအား။ ပစ္စဿောသုံ၊ ဝန်ခံကုန်၏။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ဧတံ၊ ဤသို့သောစကားကို။ အဝေါစ၊ မိန့်တော်မူ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဘူတပုဗ္ဗံ၊ ရှေး၌ဖြစ်ဘူးသည်ကား။ ဒေဝါသုရသင်္ဂါမော၊ တာဝတိံသာနတ်,အသုရာနတ်တို့၏ စစ်သည်သည်။ သမုပဗျူဠှော၊ ကောင်းစွာ တက်သည်။ အဟောသိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အထခေါ၊ ထိုအခါ၌။ ဒေဝါနံ၊ နတ်တို့၏။ ဣန္ဒော၊ အရှင်ဖြစ်သော။ သက္ကော၊ သိကြားမင်းသည်။ တာဝတိံသေ၊ တာဝတိံသာနတ်ပြည်၌နေကုန်သော။ ဒေဝေ၊ နတ်တို့ကို။ အာမန္တေသိ၊ ခေါ်တော်မူ၏။ မာရိသာ၊ငါနှင့်တူကုန်သောအချင်းနတ်တို့။

သင်္ဂါမဂတာနံ၊ စစ်မြေအရပ်၌ သွားကုန်သော။ ဝေါ ဒေဝါနံ၊ သင်နတ်တို့အား။ ဘယံဝါ၊ ကြောက်ခြင်းသည်၎င်း။ ဆမ္ဘိတတ္တံဝါ၊ ကိုယ်ခက်တရော်ရှိသော အဖြစ်သည်၎င်း။ လောမဟံသောဝါ၊ ကြက်သီးမွေးညှင်းထခြင်းသည်၎င်း။ သစေ၊အကယ်၍။ ဥပ္ပဇ္ဇေယျ၊ဖြစ်ငြားအံ့။ တသ္မိံ သမယေ၊ ထိုသို့ဖြစ်သောအခါ၌။ မမေဝ၊ ငါ၏သာလျှင်။ ဓဇဂ္ဂံ၊ တံခွန်ဖျားကို။ ဥလ္လောကေယျာထ၊ ကြည့်ကုန်လော့။ ဟိ၊ သင့်စွ။ မမ၊ ငါ၏။ ဓဇဂ္ဂံ၊ တံခွန်ဖျားကို။ ဥလ္လောကယျတံ၊ ကြည့်ကုန်သော။ ဝေါ၊ သင်တို့အား။ ယံဘယံဝါ၊ အကြင် ကြောက်ခြင်းသည်၎င်း။ ယံ ဆမ္ဘိတတ္တံဝါ၊ အကြင် ကိုယ်ခက်တရော်ရှိသောအဖြစ်သည်၎င်း။ ယောလောမဟံသောဝါ၊အကြင် ကြက်သီးမွေးညှင်းထခြင်းသည်၎င်း။ ဘဝိဿတိ၊ဖြစ်တုံအံ့။ သော၊ထိုဘယ, ဆမ္ဘိတတ္တ,လောမဟံသသည်။ ပဟီယိဿတိ၊ ပျောက်လတ္တံ့သတည်း။

ဂ၂။ မေ၊ ငါ၏။ ဓဇဂ္ဂံ၊ တံခွန်ဖျားကို။ စေ၊ အကယ်၍၊ နော၊ ဥလ္လောကေယျာထ၊ မကြည့်မိကုန်အံ့။ အထ၊ ထိုသို့ မကြည့်မိကုန်သည်ရှိသော်။ ပဇာပတိဿ၊ ပဇာပတိအမည်ရှိသော။ ဒေဝရာဇဿ၊နတ်မင်း၏။ ဓဇဂ္ဂံ၊ တံခွန်ဖျားကို။ ဥလ္လောကေယျာထ၊ ကြည့်ကုန်လော့။ ဟိ၊ သင့်စွ။ ပဇာပတိဿ၊ ပဇာပတိအမည်ရှိသော။ ဒေဝရာဇဿ၊ နတ်မင်း၏။ ဓဇဂ္ဂံ၊ တံခွန်ဖျားကို။ ဥလ္လောကယတံ၊ ကြည့်ကုန်သော။ ဝေါ၊ သင်တို့အား။ ယံဘယံဝါ၊ အကြင် ကြောက်ခြင်းသည်၎င်း။ ယံဆမ္ဘိဟတ္တံဝါ၊ အကြင် ကိုယ်ခက်တရော်ရှိသောအဖြစ်သည်၎င်း။ ယောလောမဟံသောဝါ၊ အကြင် ကြက်သီး မွေးညှင်း ထခြင်းသည်၎င်း။ ဘဝိဿတိ၊ ဖြစ်တုံအံ့။ သော၊ ထိုဘယ, ဆမ္ဘိတတ္တ, လောမဟံသသည်။ ပဟီယိဿတိ၊ ပျောက်လတ္တံ့သတည်း။

ဂ၃။ ပဇာပတိဿ၊ ပဇာပတိအမည်ရှိသော။ ဒေဝရာဇဿ၊ နတ်မင်း၏။ ဓဇဂ္ဂံ၊ တံခွန်ဖျားကို။ စေ၊ အကယ်၍။ နောဥလ္လောကေယျာထ၊ မကြည့်မိကုန်အံ့။ အထ၊ ထိုသို့မကြည့်မိကုန်သည်ရှိသော်။ ဝရုဏဿ၊ ဝရုဏအမည်ရှိသော။ ဒေဝရာဇဿ၊ နတ်မင်း၏။ ဓဇဂ္ဂံ၊ တံခွန်ဖျားကို။ ဥလ္လောကေယျာထ၊ ကြည့်ကုန်လော့။ ဟိ၊ သင့်စွ။ ဝရုဏဿ၊ ဝရုဏအမည်ရှိသော။ ဒေဝရာဇဿ၊ နတ်မင်း၏။ ဓဇဂ္ဂံ၊ တံခွန်ဖျားကို။ ဥလ္လောကယတံ၊

ကြည့်ကုန်သော။ ဝေါ၊ သင်တို့အား။ ယံဘယံ၀ါ၊ အကြင်ကြောက်ခြင်း သည်ရှင်း။ ယံဆမ္ဘိတတ္တံ၀ါ၊ အကြင် ကိုယ်ခက်တရော်ရှိသော အဖြစ်သည် ရှင်း။ ယောလောမဟံသော၀ါ၊ အကြင် ကြက်သီး မွေးညှင်း ထခြင်းသည် ရှင်း။ ဘဝိဿတိ၊ ဖြစ်တုံအံ့။ သော၊ ထိုဘယ,ဆမ္ဘိတတ္တ,လောမဟံသသည်။ ပဟီယိဿတိ၊ ပျောက်လတ္တံ့ သတည်း။

၈၄။ ဝရုဏဿ၊ ဝရုဏအမည်ရှိသော။ ဒေဝရာဇဿ၊ နတ်မင်း၏။ ဓဇဂ္ဂံ၊ တံခွန်ဖျားကို။ စေ၊ အကယ်၍။ နောဥလ္လောကေယျာထ၊ မကြည့်မိကုန်အံ့။ အထ၊ ထိုသို့မကြည့်မိကုန်သည်ရှိသော်။ ဤသာနဿ၊ ဤသာန အမည်ရှိသော။ ဒေဝရာဇဿ၊ နတ်မင်း၏။ ဓဇဂ္ဂံ။ တံခွန်ဖျားကို။ ဥလ္လောကေယျာထ၊ ကြည့်ကြကုန်လော့။ ဟိ၊ သင့်စွ။ ဤသာနဿ၊ ဤသာန အမည်ရှိသော။ ဒေဝရာဇဿ၊ နတ်မင်း၏။ ဓဇဂ္ဂံ၊ တံခွန်ဖျားကို။ ဥလ္လောကယတံ၊ ကြည့်ကုန်သော။ ဝေါ၊ သင်တို့အား။ ယံဘယံ၀ါ၊ အကြင် ကြောက်ခြင်းသည်ရှင်း။ ဆမ္ဘိတတ္တံ၀ါ၊ အကြင် ကိုယ်ခက်တရော်ရှိသောအဖြစ်သည်ရှင်း။ ယောလောမဟံသော၀ါ၊ အကြင် ကြက်သီး မွေးညှင်း ထခြင်းသည်ရှင်း။ ဘဝိဿတိ၊ ဖြစ်တုံအံ့။ သော၊ ထိုဘယ, ဆမ္ဘိတတ္တ, လောမဟံသသည်။ ပဟီယိဿတိ၊ ပျောက်လတ္တံ့ သတည်း။ ဣတိ၊ ဤသို့။ သက္ကော၊ သိကြားမင်းသည်။ တာဝတိံသေ၊ တာဝတိံသာနတ်ပြည်၌နေကုန်သော။ ဒေဝေ၊ နတ်တို့ကို။ အာမန္တေသိ။ မိန့်တော်၏။

၈၅။ ဘိက္ခဝေ၊ ရဟန်းတို့။ ဒေဝါနံ၊ နတ်တို့၏။ ဣန္ဒဿ၊ အရှင်ဖြစ်သော။ သက္ကဿ၊ သိကြားမင်း၏။ တံခေါ ပန ဓဇဂ္ဂံ၊ ထိုတံခွန်ဖျားကို။ ဥလ္လောကယတံ၀ါ၊ ကြည့်သောနတ်တို့အားရှင်း။ ပဇာပတိဿ၀ါ၊ ပဇာပတိ အမည်ရှိသော။ ဒေဝရာဇဿ၊ နတ်မင်း၏။ ဓဇဂ္ဂံ၊ တံခွန်ဖျားကို။ ဥလ္လောက ယတံ၀ါ၊ ကြည့်သောနတ်တို့အားရှင်း။ ဝရုဏဿ၊ ဝရုဏအမည်ရှိသော။ ဒေဝရာဇဿ၊ နတ်မင်း၏။ ဓဇဂ္ဂံ၊ တံခွန်ဖျားကို။ ဥလ္လောကယတံ၀ါ၊ ကြည့်သော နတ်တို့အားရှင်း။ ဤသာနဿ၊ ဤသာန အမည်ရှိသော။ ဒေဝရာဇဿ၊ နတ်မင်း၏။ ဓဇဂ္ဂံ၊ တံခွန်ဖျားကို။ ဥလ္လောကယတံ၀ါ၊ ကြည့်သောနတ်တို့အားရှင်း။ ယံဘယံ၀ါ အကြင်ကြောက်ခြင်းသည်ရှင်း။

ယံဆမ္ပိတတ္တံ ဝါ၊ အကြင် ကိုယ်ခက်တရော်ရှိသောအဖြစ်သည်ရှင်း။ ယော လောမဟံသော ဝါ၊ အကြင် ကြက်သီး မွေးညှင်း ထခြင်းသည်ရှင်း။ ဘဝိ ဿတိ၊ ဖြစ်တုံအံ့။ သော၊ ထိုဘယ, ဆမ္ပိတတ္တ, လောမဟံသသည်၊ ပဟီယေ ထာပိ၊ ပျောက်သည်မူလည်းဖြစ်ရာ၏။ နော ပဟီယေထာပိ၊ မပျောက်သည် မူလည်းဖြစ်ရာ၏။

၈၆။ တံ၊ ထိုပျောက်ခြင်းမပျောက်ခြင်းသည်။ ကိဿဟေတု၊ အဘယ့် ကြောင့်နည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဒေဝါနံ၊ နတ်တို့၏။ ဣန္ဒော၊ အရှင် ဖြစ်သော။ သက္ကော၊ သိကြားမင်းသည်။ အဝီတရာဂေါ၊ မကင်းသောရာဂ ရှိ၏။ အဝီတဒေါသော၊ မကင်းသော ဒေါသရှိ၏။ အဝီတမောဟော၊ မကင်းသောမောဟရှိ၏။ ဘီရု၊ ကြောက်တတ်၏။ ဆမ္ဘီ၊ ကိုယ်ခက်တရော် ရှိတတ်၏။ ဥတြာသီ၊ လန့်ဘတ်၏။ ပလာယီ၊ ပြေးတတ်၏။

၈၇။ ဘိက္ခဝေ၊ ရဟန်းတို့။ အဟံ၊ ငါသည်ကား။ ခေါ၊ အကယ်မလွဲ သဖြင့်၊ ဧဝံ၊ ဤသို့။ ဝဒါမိ၊ ဟော၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အရညဂတာနံ ဝါ၊ တော၌မူလည်းနေကုန်ထသော။ ရုက္ခမူလဂတာနံ ဝါ၊ သစ်ပင်ရင်း၌မူလည်း နေကုန်ထသော။ သုညာဂါရဂတာနံ ဝါ၊ ဆိတ်ငြိမ်ရာအရပ်၌မူလည်းနေကုန် ထသော။ တုမှာကံ၊ သင်တို့အား။ ဘယံ ဝါ၊ ကြောက်ခြင်းသည်ရှင်း။ ဆမ္ဘိတတ္တံ ဝါ၊ ကိုယ်ခက်တရော်ရှိသော အဖြစ်သည်ရှင်း။ လောမဟံ သော ဝါ၊ ကြက်သီး မွေးညှင်း ထခြင်းသည်ရှင်း။ သစေ၊ အကယ်၍။ ဥပ္ပဇ္ဇေယျ၊ ဖြစ်တုံအံ့။ တသ္မိံ သမယေ၊ ထိုဘယ, ဆမ္ဘိတတ္တ, လောမဟံသ ဖြစ်သောအခါ၌။ မမေဝ-မံ ဧဝ၊ ငါဘုရား၏ဂုဏ်ကိုသာလျှင်။ အနုဿရေ ယျာထ၊ အောက်မေ့ကုန်လော့။

၈၈။ သော ဘဂဝါ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ကိလေသာ တို့မှဝေးတော်မူသောကြောင့်လည်း။ ဝါ၊ ကိလေသာရန်တို့ကိုသတ်တော် မူတတ်သောကြောင့်လည်း။ ဝါ၊ သံသရာစက်၏အကန့်တို့ကို ဖျက်ဆီးတော် မူတတ်သောကြောင့်လည်း။ ဝါ၊ ပစ္စည်းလေးပါးစသော ပူဇော်အထူးကို ခံတော်မူထိုက်သောကြောင့်လည်း။ ဝါ၊ ဆိတ်ကွယ်ရာ၌ မကောင်းမှုကို ပြုတော်မမူသောကြောင့်လည်း။ အရဟံ၊ အရဟံ မည်တော်မူ၏။ သော ဘဂဝါ၊ ထိုမြတ်စွာ ဘုရားသည်။ ဣတိပိ၊ ဤသို့ ကောင်းစွာ သယမ္ဘူ

ဉာဏ်ဖြင့် မိမိအလိုလို သစ္စာလေးပါး တရားတို့ကို သိတော်မူ တတ်သော ကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏ ၁၅ပါးနှင့် ပြည့်စုံတော်မူသောကြောင့်လည်း။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့နိဗ္ဗာန်သို့သွားတော်မူတတ်သောကြောင့်လည်း။ သုဂတော၊ သုဂတ မည်တော်မူ၏။ တနည်းကား။ ဣတိပိ၊ ဤသို့ကောင်းသောစကားကို ဆိုတော်မူတတ်သောကြောင့်လည်း။ သုဂတော၊ သုဂတ မည်တော်မူ၏။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ ကာမလောက ရူပ လောက အရူပလောက။ တနည်းကား။ သတ္တလောက သင်္ခါရလောက ဩကာသ လောက ဟူသော လောကသုံးပါးကို သိတော်မူတတ်သော ကြောင့်လည်း။ လောကဝိဒူ၊ လောကဝိဒူ မည်တော်မူ၏။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ အတုမရှိသော တရားတော်ဖြင့် ဆုံးမတော် မူတတ်သော ကြောင့်လည်း။ အနုတ္တရော၊ အတုမရှိသော။ ပုရိသဒမ္မသာရထိ၊ ပုရိသဒမ္မသာရထိ မည်တော်မူ၏။ တနည်းကား။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ လွန်သောသူ မရှိသော ကြောင့်လည်း။ အနုတ္တရော၊ အနုတ္တရမည်တော်မူ၏။ ဣတိပိ၊ ဤသို့ဆုံးမ တော်မူအပ်သော ဝေနေယျသတ္တဝါတို့ကို ဆုံးမတော်မူတတ်သောကြောင့် လည်း။ ပုရိသဒမ္မသာရထိ၊ ပုရိသဒမ္မသာရထိမည်တော်မူ၏။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ နတ်လူတို့၏ဆရာ ဖြစ်တော်မူသော ကြောင့်လည်း။ သတ္ထာဒေဝမနုဿာနံ၊ သတ္ထာဒေဝမနုဿာနမည်တော်မူ၏။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ ခပ်သိမ်းသောတရား တို့ကို သိတော်မူတတ်သော ကြောင့်လည်း။ ဗုဒ္ဓေါ၊ ဗုဒ္ဓ မည်တော်မူ၏။ တနည်းကား၊ ဣတိပိ၊ ဤသို့နတ်လူတို့ကို သိစေတတ်သောကြောင့်လည်း။ ဗုဒ္ဓေါ၊ ဗုဒ္ဓမည်တော်မူ၏။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ဆည်းပူးအပ်သော ပါရမီဟူသောဘုန်းရှိတော်မူသောကြောင့်လည်း။ ဘဂဝါ၊ ဘဂဝါ မည်တော်မူ၏။ ဣတိ၊ ဤသို့။ မမေဝ၊ ငါ၏ဂုဏ်ကိုသာလျှင်၊ အနုဿရေယျာထ၊ အောက်မေ့ကုန်လော့။

၈၉။ ဟိ၊ သင့်စွ။ ဘိက္ခဝေ၊ ရဟန်းတို့။ မံ၊ ငါဘုရား၏ ဂုဏ်ကို။ အနုဿရတံ၊ အောက်မေ့ကုန်သော။ ဝေါ၊ သင်တို့အား။ ယံဘယံဝါ၊ အကြင် ကြောက်ခြင်းသည်ငှင်း။ ယံဆမ္ဘိတတ္တံဝါ၊ အကြင်ကိုယ်ခက်တရော် ရှိသော အဖြစ်သည်ငှင်း။ ယော လောမဟံသောဝါ၊ အကြင်ကြက်သီး မွေးညှင်း ထခြင်းသည်ငှင်း။ ဘဝိဿတိ၊ ဖြစ်တုံအံ့။ သော၊ ထိုဘယ,ဆမ္ဘိ တတ္တ, လောမဟံသသည်။ ပဟီယိဿတိ၊ ပျောက်လတ္တံ့သတည်း။

၉၀။ မံ၊ ငါဘုရား၏ဂုဏ်ကို။ စေ၊ အကယ်၍။ နောအနုဿရေယျာထ၊ မအောက်မေ့မိကုန်အံ့။ အထ၊ ထိုသို့မအောက်မေ့မိကုန်သည်ရှိသော်။ ခမ္မံ၊ ငါဟောတော်မူအပ်သော တရားတော်၏ ဂုဏ်ကို။ အနုဿရေယျာထ၊ အောက်မေ့ကုန်လော့။

၉၁။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ သွာက္ခာတော၊ ကောင်းစွာ ဟောတော်မူအပ်သော။ ဓမ္မော၊ တရားတော်သည်။ သန္ဒိဋ္ဌိကော၊ မျက် မှောက်၌အကျိုးကိုပေးတတ်၏။ အကာလိကော၊ အခါမလင့် အကျိုးကို ပေးတတ်၏။ ဧဟိပဿိကော၊ လာလှည့်ရှုလှည့်ဟုသောစကားကိုဆိုထိုက်၏။ ဩပနေယျိကော၊ နတ်ရွာနိဗ္ဗာန်သို့ဆောင်ခြင်းကိုထိုက်၏။ ပစ္စတ္တံ-ပဋိအတ္တံ၊ အသီးအသီး မိမိမိမိတို့၌။ ဝိညူဟိ၊ မဂ္ဂဉာဏ်လေးယောက် ဖလဉာဏ်လေး ယောက်ဖြစ်သော ပညာရှိတို့သည်။ ဝေဒိတဗ္ဗော၊ သိအပ် ခံစားအပ်၏။ ဣတိ၊ ဤသို့။ ဓမ္မံ၊ တရားတော်၏ဂုဏ်ကို။အနုဿရေယျာထ၊ အောက်မေ့ ကုန်လော့။

၉၂။ ဟိ၊ သင့်စွ။ ဘိက္ခဝေ၊ ရဟန်းတို့။ ဓမ္မံ၊ တရားတော်၏ဂုဏ်ကို။ အနုဿရတံ၊ အောက်မေ့ကုန်သော။ ဝေါ၊ သင်တို့အား။ ယံဘယံဝါ၊ အကြင်ကြောက်ခြင်းသည်ငှင်း။ ယံဆမ္ဘိတတ္တံဝါ၊ အကြင်ကိုယ်ခက်ထရော် ရှိသော အဖြစ်သည်ငှင်း။ ယော လောမဟံသောဝါ၊ အကြင် ကြက်သီး မွေးညှင်းထခြင်းသည်ငှင်း။ ဘဝိဿတိ၊ ဖြစ်တုံအံ့။ သော၊ ထိုဘယ,ဆမ္ဘိ တတ္တ,လောမဟံသသည်။ ပဟီယိဿတိ၊ ပျောက်လတ္တံ့သတည်း။

၉၃။ စေ၊ အကယ်၍။ ဓမ္မံ၊ တရားတော်၏ဂုဏ်ကို။ နောအနုဿရေ ယျာထ၊ မအောက်မေ့မိကုန်အံ့။ အထ၊ ထိုသို့မအောက်မေ့ မိကုန်သည်

ရှိသော်။ သံဃံ၊ ၄ ပါတပည့်သင်္ဃာတော်၏ ဂုဏ်ကို။ အနုဿရေယျာထ၊ အောက်မေ့ကုန်လော့။

၉၄။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်ဖြစ်သောသင်္ဃာသည်။ သုပ္ပဋိပန္နော၊ ကောင်းစွာကျင့်တတ်၏။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်ဖြစ်သော သင်္ဃာသည်။ ဥဇုပ္ပဋိပန္နော၊ ဖြောင့်ဖြောင့် ကျင့်တတ်၏။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်ဖြစ်သောသင်္ဃာသည်။ ဉာယပ္ပဋိပန္နော၊ အသင့်အားဖြင့်ကျင့်တတ်၏။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်ဖြစ်သော သင်္ဃာသည်။ သာမီစိပ္ပဋိပန္နော၊ အရိုအသေ ပြုခြင်းကို ခံထိုက်အောင် ကျင့်တတ်၏။ စတ္တာရိ၊ လေးပါးကုန်သော။ ယဒိဒံ–ယာနိ ပုရိသယုဂါနိ၊ အကြင် ယောကျ်ားမြတ်၏အစုံတို့သည်။ သန္တိ၊ ရှိကုန်၏။ ဒေပုရိသပုဂ္ဂလာ၊ ထိုလေးပါး အစုံဖြစ်သော ယောကျ်ားတို့သည်ကား။ အဋ္ဌ၊ ရှစ်ယောက်တို့တည်း။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဧသ–ဧသောသာဝကသံဃော၊ ထိုတပည့်ဖြစ်သော သင်္ဃာတော်သည်ကား။ အာဟုနေယျော၊ဆောင်၍ပူဇော်ခြင်းကိုခံထိုက်၏။ပါဟုနေယျော၊ဧည့်သည်တို့အား ရည်၍ထားသောပစ္စည်းအထူးဖြင့် ပူဇော်ခြင်းကိုခံထိုက်၏။ ဒက္ခိဏေယျော၊ မြတ်သောအလှူကိုခံထိုက်၏။ အဉ္ဇလိကရဏီယော၊ လက်အုပ်ချီခြင်းကိုခံထိုက်၏။ **လောကဿ**၊ လူအများ၏။ အနုတ္တရံ၊ အတုမရှိသော။ ပုညက္ခေတ္တံ၊ ကောင်းမှု၏ စိုက်ပျိုးရာ လယ်တာ မြေကောင်းသဘွယ်လည်း ဖြစ်၏။ ဣတိ၊ ဤသို့။ သံဃံ၊ သင်္ဃာတော်၏ဂုဏ်ကို။ အနုဿရေယျာထ၊ အောက်မေ့ကုန်လော့။

၉၅။ ဟိ၊ သင့်စွ၊ ဘိက္ခဝေ၊ ရဟန်းတို့။ သံဃံ၊ သင်္ဃာတော်၏ဂုဏ်ကို။ အနုဿရတံ၊ အောက်မေ့ကုန်သော။ ဝေါ၊ သင်တို့အား။ ယံဘယံဝါ၊ အကြင်ကြောက်ခြင်းသည်ငင်း။ ယံဆမ္ဘိတတ္တံဝါ၊ အကြင်ကိုယ်ခက်တရော် ရှိသော အဖြစ်သည်ငင်း။ ယော လောမဟံသောဝါ၊ အကြင် ကြက်သီး မွေးညှင်းထခြင်းသည်ငင်း။ ဘဝိဿတိ၊ ဖြစ်တုံအံ့။ သော၊ ထိုဘယ,ဆမ္ဘိတတ္တ,လောမဟံသသည်။ ပဟီယိဿတိ၊ ပျောက်လတ္တံ့သတည်း။

၉၆။ တံ၊ ထိုဘယ, ဆမ္ပတတ္တ,လောမဟံသ ပျောက်ခြင်းသည်။ကိဿ ဟေတု၊ အဘယ်ကြောင့်နည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ တထာဂတော၊ဝိပဿီ အစရှိသော ရှေးဘုရားတို့၏ လာခြင်းကဲ့သို့ ကောင်းသောလာခြင်းရှိသော သင်တို့ဆရာ ငါဘုရားသည်။ အရဟံ၊ ဆိတ်ကွယ်ရာအရပ်၌ မကောင်းမှုကို ပြုခြင်းငှာမထိုက်။ သမ္မာသမ္ဗုဒ္ဓေါ၊ ကောင်းစွာကိုယ်တိုင် သစ္စာလေးပါး တရားကို သိတော်မူတတ်၏။ ဝီတရာဂေါ၊ ကင်းသော ရာဂရှိ၏။ ဝီတ ဒေါသော၊ ကင်းသောဒေါသရှိ၏။ ဝီတမောဟော၊ ကင်းသောမောဟ ရှိ၏။ အဘီရူ၊ မကြောက်တတ်။ အဆမ္ဘီ၊ ကိုယ်ခက်တရော် မရှိတတ်။ အနုတြာသီ၊ မလန့်တတ်။ အပလာယီ၊ မပြေးတတ်။ ဣတိတသ္မာ၊ ထိုကြောင့်။ ပဟီယိဿတိ၊ ပျောက်လတ္တံ့သတည်း။

၉၇။ ဘဂဝါ၊ မြတ်စွာ ဘုရားသည်။ ဣဒံ၊ ဤသို့သော စကားကို။ အဝေါစ၊ မိန့်တော်မူ၏။ သုဂတော၊ မြတ်စွာဘုရားသည်။ ဣဒံ၊ဤသို့သော စကားကို။ ဝတွာန၊ မိန့်ဦး၍။ အထ၊ထိုနောင်မှ။ အပရံ၊ တပါးသော။ဧတံ၊ ဤသို့သောစကားကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ အဝေါစ၊မိန့်တော်မူ၏။

၉၈။ ဘိက္ခဝေါ၊ ရဟန်းတို့။ အရညေဝါ၊ တော၌ရင်း။ ရုက္ခမူလေဝါ၊ သစ်ပင်ရင်း၌ရင်း။ သုညာဂါရေဝါ၊ ဆိတ်ကွယ်ရာအရပ်၌ရင်း။ သမ္ဗုဒ္ဓံ၊ မြတ်စွာဘုရား၏ဂုဏ်ကို။ တုမှေ၊ သင်တို့သည်။ အနုဿရေထ၊ အောက်မေ့ ကုန်လော့။ တုမှာကံ၊ သင်တို့၏။ ဘယံ၊ ကြောက်ခြင်းသည်။ နောသိယာ၊ မဖြစ်ရာ။

၉၉။ လောကဇေဋ္ဌံ၊ လူတို့၏အကြီးဖြစ်ထသော။ နရာသဘံ၊ လူတို့ ထက်လည်းမြတ်ထသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရား၏ဂုဏ်ကို။ စေ၊ အကယ်၍။ နောသရေယျာထ၊ မအောက်မေ့မိကုန်အံ့။ အထ၊ ထိုသို့ မအောက်မေ့မိ ကုန်သည်ရှိသော်။ နိယျာနိကံ၊ သံသရာမှထုတ်၍ ဆောင်သွားတတ်ထသော။ သုဒေသိတံ၊ ကောင်းစွာ ဟောအပ်ထသော။ ဓမ္မံ၊ တရားတော်၏ဂုဏ်ကို။ သရေယျာထ၊ အောက်မေ့ကုန်လော့။

၁၀၀။ နိယျာနိကံ၊ သံသရာမှထုတ်၍ ဆောင်သွား တတ်ထသော။ (ဝဋ္ဋဒုက္ခမှ ဆောင်တတ်သော်လည်း ပေး)။ သုဒေသိတံ၊ ကောင်းစွာ

ဟောအပ်ထသော။ ဓမ္မံ၊ တရားတော်၏ ဂုဏ်ကို။ ဝေါ၊ အကယ်၍။ နေ၀ သရေယျာထ၊ မအောက်မေ့မိကုန်အံ့။ အထ၊ ထိုသို့ မအောက်မေ့မိကုန်သည် ရှိသော်။ အနုတ္တရံ၊ အတုမရှိသော။ ပုညက္ခေတ္တံ၊ ကောင်းမှု၏ ပွားရာ လယ်တာ မြေကောင်းသဘွယ်လည်း ဖြစ်ထသော။ သံဃံ၊ သံဃာတော်၏ ဂုဏ်ကို။ သရေယျာထ၊ အောက်မေ့ကုန်လော့။

၁၀၁။ ဘိက္ခဝေါ၊ ရဟန်းတို့။ ဧဝံ၊ ဤသို့ဆိုခဲ့ပြီးသော နည်းဖြင့်။ ဗုဒ္ဓံ၊ ငါဘုရား၏ ဂုဏ်ကိုရင်း။ ဓမ္မံ၊ တရားတော်၏ဂုဏ်ကိုရင်း။ သံဃံ၊ သံဃာတော်၏ဂုဏ်ကိုရင်း။ သရန္တာနံ၊ အောက်မေ့ကုန်သော သင်တို့အား။ ယံဘယံဝါ၊ အကြင် ကြောက်ခြင်းသည်ရင်း။ ယံဆမ္ဘိတတ္တံဝါ၊ အကြင် ကိုခက် တရော်ရှိသော အဖြစ်သည်ရင်း။ ယော လောမ ဟံသောဝါ၊ အကြင် ကြက်သီးမွေးညှင်းထခြင်းသည်ရင်း။ အတ္ထိ၊ ရှိ၏။ သော၊ ထိုဘယ, ဆမ္ဘိတတ္တ, လောမဟံသသည်။ နပဟိဿတိ၊ မဖြစ်လတ္တံ့သတည်း။

ဓဇဂ္ဂသုတ္တံ၊ ဓဇဂ်သုတ်ပရိတ်တော်သည်။ နိဋ္ဌိတံ၊ ပြီးပြီ။

---

## ၈· အာဋာနာဋိယသုတ်

၁၀၂။ နာထဿ၊ မြတ်စွာဘုရား၏။ သာဝုသမ္မတေ၊ ကောင်း၏ဟူ၍ သမုတ်အပ်ထသော။ သာသနေ၊ သာသနာတော်၌။ အပ္ပသန္နေဟိ၊ မကြည် ညိုကုန်ထသော။ စဏ္ဍေဟိ၊ ကြမ်းကြုတ်ကုန်ထသော။ သဒါ၊ ခပ်သိမ်းသော အခါ၌။ ကိဗ္ဗိသကာရိဘိ၊ ကြမ်းကြုတ်သော အမှုကိုပြုတတ်ကုန်ထသော။ အမနုဿေဟိ၊ ဘီလူးတို့သည်။

၁၀၃။ စတဿန္နံ၊ လေးပါးသော။ ပရိသာနံ၊ ပရိသတ်တို့ကို။ အဟိံသာယစ၊ မညှဉ်းဆဲစိမ့်သောငှာရင်း။ ဂုတ္တိယာစ၊ စောင့်စိမ့်သော ငှာရင်း။ မဟာဝီရော၊ ကြီးမြတ်သောလုံ့လရှိတော်မူသော မြတ်စွာဘုရား သည်။ ယံပရိတ္တံ၊ အကြင် အာဋာနာဋိယသုတ် ပရိတ်တော်ကို။ ဒေသေသိ၊ ဟောတော်မူပြီ။ တံပရိတ္တံ၊ ထိုအာဋာနာဋိယသုတ် ပရိတ်တော်ကို။ ဟေး အရှင်သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။

၁၀၄။ စက္ခုမန္တဿ၊ စက္ခုငါးပါးနှင့် ပြည့်စုံတော်မူထသော။ သိရိမတော၊ ဘုန်းကြက်သရေနှင့်ပြည့်စုံတော်မူထသော။ ဝိပဿိဿစ၊ ဝိပဿီ မြတ်စွာ ဘုရားအားလည်း။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ သဗ္ဗဘူတာနုကမ္ပိနော၊ ခပ်သိမ်းသော သတ္တဝါတို့ကို သနားတော်မူတတ်သော။ သိခိဿပိစ၊ သိခီ မြတ်စွာဘုရားအားလည်း။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။

၁၀၅။ နှာတကဿ၊ မကောင်းမှုကို ဆေးပြီးထသော။ တပဿိနော၊ ခြိုးခြံသောအကျင့်ကိုလည်း ကျင့်တတ်သော။ ဝေဿဘုဿစ၊ ဝေဿဘူ မြတ်စွာဘုရားအားလည်း။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။မာရသေနာပမဒ္ဒိနော၊ မာရ်စစ်သည်ကိုနှိပ်နှင်းတတ်သော။ ကကုသန္ဓဿ၊ ကကုသန် မြတ်စွာ ဘုရားအားလည်း။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။

၁၀၆။ ဗြာဟ္မဏဿ၊ မကောင်းမှုကို အပပြုပြီးထသော။ ဝုသိမတော၊ ငါးပါးသော ဝသီဘော်နှင့်ပြည့်စုံထသော။ ဝါ၊ သုံးပြီးသော မဂ်ဟူသော သီတင်းလည်းရှိထသော။ ကောဏာဂမနဿစ၊ ကောဏာဂုံမြတ်စွာဘုရားအားလည်း။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။အတ္ထု၊ ဖြစ်စေသတည်း။ သဗ္ဗဓိ၊ အလုံးစုံသောအရာ၌။ ဝါ၊ ခပ်သိမ်းသောကိလေသာမှ။ ဝိပ္ပမုတ္တဿ၊ ကင်းလွတ်တော် မူပြီးသော။ ကဿပဿစ၊ ကဿပ မြတ်စွာ ဘုရားအားလည်း။ မေ။ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ဖြစ်စေသတည်း။

၁၀၇။ ယော၊ အကြင်ဂေါတမ ဘုရားသခင်သည်။ သဗ္ဗဒုက္ခာပနူဒနံ၊ အလုံးစုံသော ဆင်းရဲခြင်းကို ပယ်ဖျောက်တော် မူတတ်သော။ ဣမံဓမ္မံ၊ ဤတရားကို။ ဒေသေသိ၊ ဟောတော်မူ၏။ အင်္ဂီရသဿ၊ ကိုယ်တော်မှ ထွက်သော အရောင်ရှိထသော။ သိရိမတော၊ ဘုန်းကြက်သရေနှင့် ပြည့်စုံတော်မူထသော။ သကျပုတ္တဿ၊ သာကီဝင်မင်းသား ဖြစ်တော်မူထသော။ တဿ၊ ထိုဂေါတမ ဘုရားသခင်အား။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။

၁၀၈။ လောကေ၊ လောက၌။ နိဗ္ဗုတာ၊ ငြိမ်းလေကုန် ပြီးသော။ ယေစာပိဇနာ၊ အကြင်မြတ်စွာဘုရားတို့သည်။ ယထာဘူတံ၊ ဟုတ်သော

အလျောက်။ ဝိပဿိသုံ၊ မြင်ကုန်ပြီ။ တေဇနာ၊ ထိုမြတ်စွာဘုရားတို့သည်။ အ-ပိသုဏာ၊ ချောပစ်သောစကားကို မဆိုကုန်။ အထ၊ ထိုမှ၊ မဟန္တာ၊ မြတ်ကုန်၏။ ဝီတသာရဒါ၊ ကင်းသောရွံ့ကြောက်ခြင်းရှိကုန်၏။

၁၀၉။ ဝိဇ္ဇာစရဏသမ္ပန္နံ၊ ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏ တဆဲ့ငါးပါးနှင့်ပြည့်စုံတော်မူထသော။ မဟန္တံ၊ မြတ်စွာထသော။ ဝီတသာရဒံ၊ ကင်းသောရွံ့ကြောက်ခြင်းရှိထသော။ ဒေဝမနုဿာနံ၊ နတ်လူတို့၏။ ဟိတံ၊ အစီးအပွားလည်း ဖြစ်ထသော။ ဂေါတမံ၊ ဂေါတမ အမျိုးလည်းဖြစ်ထသော။ ယံဗုဒ္ဓံ၊ အကြင်မြတ်စွာဘုရားကို။ နမဿန္တိ၊ ရှိခိုးကုန်၏။

၁၁၀။ ဧတေစ၊ ထိုဝိပဿီအစရှိသော မြတ်စွာဘုရား ခုနစ်ဆူတို့သည် ၎င်း။ အညေ၊ တပါးကုန်သော။ အနေကသတကောဋိယော၊ အကုဋေအရာမကများကုန်သော။ သမ္ဗုဒ္ဓါစ၊ မြတ်စွာဘုရားတို့သည်၎င်း။ သဗ္ဗေ ခပ်သိမ်းကုန်သော။ ဗုဒ္ဓါ၊ မြတ်စွာဘုရားတို့သည်။ အသမ-သမာ၊ ပစ္စေကဗုဒ္ဓါသာဝကတို့နှင့် မတူကုန်သည်ဖြစ်၍ ဘုရားချင်းသာတူကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဗုဒ္ဓါ၊ မြတ်စွာဘုရားတို့သည်။ မဟိဒ္ဓိကာ၊ ကြီးသောတန်ခိုးရှိကုန်၏။

၁၁၁။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဗုဒ္ဓါ၊ မြတ်စွာဘုရားတို့သည်။ ဒသဗလူပေတာ၊ ဆယ်ပါးသော ဉာဏ္ဉာဏအစရှိသော အားနှင့်ပြည့်စုံကုန်၏။ ဝေသာရဇ္ဇေဟိ၊ ဝေသာရဇ္ဇဉာဏ်တို့နှင့်။ ဥပါဂတာ၊ ပြည့်စုံကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေ၊ ထိုမြတ်စွာဘုရားတို့သည်။ ဥတ္တမံ၊ မြတ်စွာသော။ အာသတံ၊ ပုရိသဥသဘ၏ အဖြစ်တည်းဟူသော။ ဌာနံ၊ အရာဖြစ်သောသဗ္ဗညုတဉာဏ်ကို။ ပဋိဇာနန္တိ၊ ဝန်ခံကုန်၏။

၁၁၂။ ဧတေ၊ ထိုမြတ်စွာဘုရားတို့သည်။ ပရိသ¨သု၊ ပရိသတ်တို့၌။ ဝီတသာရဒါ၊ ရဲရင့်ကုန်သည်ဖြစ်၍။ သီဟနာဒံ၊ ကေသရာ ခြင်္သေ့မင်းကဲ့သို့ ရဲရင့်သောစကားကို။ နဒန္တိ၊ ဆိုကုန်၏။ လောကေ၊ လောက၌။ အပ္ပဋိဝတ္တိယံ၊ သူတပါးတို့ မလည်စေနိုင်သော။ ဗြဟ္မစက္ကံ၊ မြတ်သော ဓမ္မစကြာတရားတော်ကို။ ပဝတ္တေန္တိ၊ လည်စေကုန်၏။ (ဟောကုန်၏ဟူလို)။

၁၁၃။ နာယကာ၊ လူသုံးပါးတို့၏ ခရီးညွှန်ဖြစ်တော်မူသော ဘုရားရှင်တို့သည်။ အဋ္ဌာရသဟိ၊ တဆဲ့ရှစ်ပါးကုန်သော။ ဗုဒ္ဓဓမ္မေဟိ၊ ဘုရား၏

ကျေးဇူးတရားတို့နှင့်။ ဥပေတာ၊ ပြည့်စုံကုန်၏။ ဗာတ္တိံသလက္ခဏူပေတာ၊ သုံးဆဲ့နှစ်ပါးသော လက္ခဏာနှင့်လည်း ပြည့်စုံကုန်၏။ အသီတာနုဗျဉ္ဇနာဓရာ၊ ရှစ်ဆယ်သောလက္ခဏာငယ်တို့ကိုလည်း ဆောင်ကုန်၏။

၁၁၄။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေ၊ ထိုမြတ်စွာဘုရားတို့သည်။ ဗျာမပ္ပဘာယ၊ တလံမျှလောက်သော ကိုယ်တော်၏အရောင်ဖြင့်။ သုပဘာ၊ ကောင်းစွာထွန်းပကုန်၏။ မုနိကုဉ္ဇရာ၊ ရဟန်းတို့ထက်လည်း မြတ်ကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေဗုဒ္ဓါ၊ ထိုမြတ်စွာ ဘုရားတို့သည်။ သဗ္ဗညုနော၊ ခပ်သိမ်းသော တရားကို သိတတ်ကုန်၏။ ခီဏာသဝါ၊ ကုန်ပြီးသော အာသဝေါရှိကုန်၏။ ဇိနာ၊ မာရ်ငါးပါးကိုအောင်ကုန်၏။

၁၁၅။ မဟာပဘာ၊ များသော ကိုယ်တော်အရောင်လည်း ရှိကုန်၏။ မဟာတေဇာ၊ ကြီးသောတန်ခိုးလည်းရှိကုန်၏။ မဟာပညာ၊ ကြီးသော ပညာလည်းရှိကုန်၏။ မဟာဗ္ဗလာ၊ ကြီးသော ခွန်အားလည်း ရှိကုန်၏။ မဟာကာရုဏိကာ၊ များသော ကရုဏာလည်း ရှိကုန်၏။ ဓီရာ၊ လုံ့လလည်း ရှိကုန်၏။ သဗ္ဗေသာနံ၊ ခပ်သိမ်းကုန်သော သတ္တဝါတို့၏။ သုခါဝဟာ၊ ချမ်းသာကိုဆောင်တတ်ကုန်၏။

၁၁၆။ သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော။ ပါဏိနံ၊ သတ္တဝါတို့၏။ ဒီပါစ၊ ကျွန်းလည်းမည်ကုန်၏။ နာထာစ၊ ကိုးကွယ်ရာလည်းမည်ကုန်၏။ ပတိဋ္ဌာစ၊ တည်ရာလည်းမည်ကုန်၏။ တာဏာစ၊ စောင့်ရှောက်ရာလည်း မည်ကုန်၏။ လေဏာစ၊ ပုန်းကွယ်ရာလည်းမည်ကုန်၏။ ဂတီစ၊ လားရာလည်းမည်ကုန်၏။ ဗန္ဓုစ၊ အဆွေလည်းမည်ကုန်၏။ မဟဿာသာစ၊ မြတ်သောလေးသမားလည်းမည်ကုန်၏။ သရဏာစ၊ အောက်မေ့ရာလည်းမည်ကုန်၏။ ဟိတေသိနောစ၊ စီးပွားကိုလည်းရှာကြံလေ့ရှိကုန်၏။

၁၁၇။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေ၊ ထိုမြတ်စွာဘုရားတို့သည်။ သဒေဝကဿ၊ နတ်နှင့်တကွသော။ လောကဿ၊ လူ၏။ ပရာယဏာ၊ လည်းလျောင်းရာလည်းမည်ကုန်၏။ အဟံ၊ ငါသည်။ ပုရိသုတ္တမေ-ပုရိသုတ္တမာနံ၊ ယောကျ်ားတကာတို့ထက်မြတ်ကုန်သော။ တေသံ၊ ထိုမြတ်စွာဘုရားတို့၏။ ပါဒေ၊ ခြေတော်တို့ကို။ သိရသာ၊ ဦးခေါင်းဖြင့်။ ဝန္ဒာမိ၊ ရှိခိုးပါ၏။

၁၁၇။ ဧတေတာဒိသာ ဂတော၊ ထိုမြတ်စွာဘုရားတို့ကို။ သယနေ၊ အိပ်သော အခါ၌ ၎င်း။ အာသနေ၊ ထိုင်သောအခါ၌ ၎င်း။ ဌာနေ၊ ရပ်သောအခါ၌ ၎င်း။ ဂမနေ စာပိ၊ သွားသောအခါ၌ ၎င်း။ သဗ္ဗဒါ၊ ခပ်သိမ်းသောအခါ၌။ ဝစသာ စေဝ၊ ဝစီဒွါရဖြင့် ၎င်း။ မနသာ စေဝ၊ မနောဒွါရဖြင့် ၎င်း။ ဝန္ဒာမိ၊ ရှိခိုးပါ၏။

၁၁၉။ သန္တိကရာ၊ ကိလေသာ၏ငြိမ်းခြင်းကိုလည်း ပြုတတ်ကုန်သော။ ဗုဒ္ဓါ၊ မြတ်စွာဘုရားတို့သည်။ တုဝံ၊ သင့်ကို။ သဒါ၊ ခပ်သိမ်းသောအခါ၌။ သုခေန၊ ချမ်းသာသဖြင့်။ ရက္ခန္တု၊ စောင့်စေကုန်သတည်း။ တေဟိ၊ ထိုမြတ်စွာဘုရားတို့သည်။ ရက္ခိတော၊ စောင့်အပ်သော။ တွံ၊ သင်သည်။ သန္တော စ၊ ငြိမ်သက်သည် ၎င်း။ သဗ္ဗဘယေဟိ၊ ခပ်သိမ်းသောဘေးတို့မှ။ မုတ္တော စ၊ ကင်းလွတ်သည် ၎င်း။ ဘဝါဟိ၊ ဖြစ်စေသတည်း။

၁၂၀။ တုဝံ၊ သင်သည်။ သဗ္ဗရောဂဝိနိမုတ္တော၊ ခပ်သိမ်းသော အနာမှ ကင်းလွတ်သည် ၎င်း။ သဗ္ဗသန္တာပ ဝဇ္ဇိတော စ၊ ခပ်သိမ်းသော ပူပန်ခြင်း ကင်းသည် ၎င်း။ သဗ္ဗဝေရံ၊ ခပ်သိမ်းသော ရန်ကို။ အတိက္ကန္တော စ၊ လွန်နိုင်သည် ၎င်း။ နိဗ္ဗုတော စ၊ ငြိမ်းခြင်းသည် ၎င်း။ ဘဝ ါ–ဘဝါဟိ၊ ဖြစ်စေ သတည်း။

၁၂၁။ တေသံ၊ ထိုမြတ်စွာဘုရားတို့၏။ သီလေန၊ သီတင်းဖြင့် ၎င်း။ သစ္စေန စ၊ သစ္စာဖြင့် ၎င်း။ ခန္တိမေတ္တာဗလေန စ၊ သည်းခံခြင်း, မေတ္တာ ဟူသော အစွမ်းဖြင့် ၎င်း။ တေပိ၊ ထိုမြတ်စွာ ဘုရားတို့ သည်လည်း။ အရောဂေန စ၊ အနာမရှိသဖြင့် ၎င်း။ သုခေန စ၊ ချမ်းသာသဖြင့် ၎င်း။ အမ္ဟေ၊ ငါတို့ကို။ အနုရက္ခန္တု၊ စောင့်စေကုန်သတည်း။

၁၂၂။ ပုရတ္ထိမသ္မိံ ဒိသာဘာဂေ၊ အရှေ့မျက်နှာ အဘို့၌။ မဟိဒ္ဓိကာ၊ ကြီးသော တန်ခိုးရှိကုန်သော။ ဘူတာ၊ ဂန္ဓဗ္ဗနတ်တို့သည်။ သန္တိ၊ ရှိကုန်၏။ တေပိ၊ ထိုဂန္ဓဗ္ဗနတ်တို့သည်လည်း။ အရောဂေန စ၊ အနာမရှိသဖြင့် ၎င်း။ သုခေန စ၊ ချမ်းသာသဖြင့် ၎င်း။ အမ္ဟေ၊ ငါတို့ကို။ အနုရက္ခန္တု၊ စောင့်စေ ကုန်သတည်း။

၁၂၃။ ဒက္ခိဏသ္မိံ ဒိသာဘာဂေ၊ တောင်မျက်နှာအဘို့၌။ မဟိဒ္ဓိကာ၊ ကြီးသော တန်ခိုးရှိကုန်သော။ ဒေဝါ၊ ကုမ္ဘဏ်နတ်တို့သည်။ သန္တိ၊ ရှိကုန်၏။

တေပိ၊ ထိုဂုမ္ဘဏ်နတ်တို့သည်လည်း။ အရောဂေနစ၊ အနာမရှိသဖြင့်ရင်း။ သုခေနစ၊ ချမ်းသာသဖြင့်ရင်း။ အမေ့၊ ငါတို့ကို။ အနုရက္ခန္တု၊ စောင့်စေကုန်သတည်း။

၁၂၄။ ပစ္ဆိမသ္မိံဒိသာဘာဂေ၊ အနောက်မျက်နှာ အဘို့၌။ မဟိဒ္ဓိကာ၊ ကြီးသော တန်ခိုးရှိကုန်သော။ နာဂါ၊ နဂါးတို့သည်။ သန္တိ၊ ရှိကုန်၏။ တေပိ၊ ထိုနဂါးတို့ သည်လည်း။ အရောဂေနစ၊ အနာ မရှိသဖြင့်ရင်း။ သုခေနစ၊ ချမ်းသာသဖြင့်ရင်း။ အမေ့၊ ငါတို့ကို။ အနုရက္ခန္တု၊ စောင့်စေကုန်သတည်း။

၁၂၅။ ဥတ္တရသ္မိံဒိသာဘာဂေ၊ မြောက်မျက်နှာ အဘို့၌။ မဟိဒ္ဓိကာ၊ ကြီးသော တန်ခိုးရှိကုန်သော။ ယက္ခာ၊ ဘီလူးတို့သည်။ သန္တိ၊ ရှိကုန်၏။ တေပိ၊ ထိုဘီလူးတို့သည်လည်း။အရောဂေနစ၊အနာမရှိသဖြင့်ရင်း။သုခေနစ၊ ချမ်းသာသဖြင့်ရင်း။အမေ့၊ ငါတို့ကို။ အနုရက္ခန္တု၊စောင့်စေကုန်သတည်း။

၁၂၆။ ပုရတ္ထိမေန၊ အရှေ့မျက်နှာအရပ်၌။ ဓတရဋ္ဌော၊ဂန္ဓဗ္ဗနတ်တို့ကို အစိုးရသော ဓတရဋ္ဌနတ်မင်းရင်း။ ဒက္ခိဏေန၊ တောင်မျက်နှာ အရပ်၌။ ဝိရူဠှကော၊ ကုမ္ဘဏ်နတ်တို့ကို အစိုးရသော ဝိရူဠှက နတ်မင်းရင်း။ ပစ္ဆိမေန၊ အနောက်မျက်နှာအရပ်၌။ ဝိရူပက္ခော၊ နဂါးတို့ကိုအစိုးရသော ဝိရူပက္ခနတ်မင်းရင်း။ ဥတ္တရံဒိသံ၊ မြောက်မျက်နှာအရပ်၌။ ကုဝေရောစ၊ ဘီလူးတို့ကို အစိုးရသော ကုဝေရနတ်မင်းရင်း။

၁၂၇။ လောကပါလာ၊ လူတို့ကို စောင့်စာတ်ကုန် ထသော။ ယသဿိနော၊ အခြံအရံများကုန်ထသော။ စတ္တာရော၊ လေးယောက်ကုန်သော။ တေမဟာရာဇာ၊ ထိုနတ်မင်းကြီးတို့သည်။ ဝသန္တိ၊ နေကုန်၏။ တေပိ၊ ထိုနတ်မင်းကြီးတို့ သည်လည်း။ အရောဂေနစ၊ အနာမရှိ သဖြင့်ရင်း။ သုခေနစ၊ ချမ်းသာသဖြင့်ရင်း။ အမေ့၊ ငါတို့ကို။ အနုရက္ခန္တု၊ စောင့်စေကုန်သတည်း။

၁၂၈။ အာကာသဋ္ဌာ၊ ကောင်းကင်၌ တည်ကုန်သော။ ဒေဝါစ၊ နတ်တို့သည်ရင်း။ ဘုမ္မဋ္ဌာ၊ မြေ၌တည်ကုန်သော။ ဒေဝါစ၊ နတ်တို့သည်ရင်း။ နာဂါစ၊ နဂါးတို့သည်ရင်း။ မဟိဒ္ဓိကာ၊ ကြီးသောတန်ခိုး ရှိကုန်၏။ တေပိ၊ ထိုနတ်, နဂါးတို့သည်လည်း။ အရောဂေနစ၊ အနာမရှိသဖြင့်ရင်း။

သုခေနစ၊ ချမ်းသာသဖြင့်ငှင်း။ အမှေ၊ ငါတို့ကို။ အနုရက္ခန္တု၊ စောင့်စေကုန်သတည်း။

၁၂၉။ ဣန္ဒြိမန္တောစ၊ တန်ခိုးကြီးသည်လည်း ဖြစ်ကုန်သော။ ယေဒေဝါစ၊ အကြင်နတ်တို့သည်လည်း။ ဣဓသောသနေ၊ ဤသာသနာတော်၌။ ဝသန္တာ၊ နေကုန်၏။ တေပိ၊ ထိုနတ်တို့သည်လည်း။ အရောဂေနစ၊ အနာမရှိသဖြင့်ငှင်း။ သုခေနစ၊ ချမ်းသာသဖြင့်ငှင်း။ အမှေ၊ ငါတို့ကို။ အနုရက္ခန္တု၊ စောင့်စေကုန်သတည်း။

၁၃၀။ သဗ္ဗီတိယော၊ ခပ်သိမ်းသော ဥပဒ္ဒဝေါ တို့သည်။ ဝိဝဇ္ဇန္တု၊ ကင်းစေကုန်သတည်း။ သောကော၊ စိုးရိမ်ခြင်းသည် ငှင်း။ ရောဂေါ၊ အနာသည်ငှင်း။ ဝိနဿတု၊ ပျောက်စေသတည်း။ တေ၊ သင့်အား။ အန္တရာယာ၊ အန္တရာယ်တို့သည်။ မာဘဝန္တု မဖြစ်စေကုန်သတည်း။ သုခီ၊ ချမ်းသာခြင်းနှင့် ပြည့်စုံသည်ဖြစ်၍။ ဒီဃာယုကော၊ ရှည်သောအသက်ရှိသည်။ ဘဝ၊ ဖြစ်စေသတည်း။

၁၃၁။ အဘိဝါဒနသီလိဿ၊ ရတနာသုံးပါးအား ရှိသေစွာ ရှိခိုးသော အလေ့ ရှိထသော။ နိစ္စံ၊ အမြဲလျှင်။ ဝုဍ္ဎာပစာယိနော၊ သီလစသော ကျေးဇူးဖြင့် ကြီးသောသူကို ရိုသေသော အလေ့ရှိထသော။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်အား။ အာယု၊ အသက်သည်ငှင်း။ ဝဏ္ဏော၊ အဆင်းသည်ငှင်း။ သုခံ၊ ချမ်းသာသည်ငှင်း။ ဗလံ၊ ခွန်အားသည်ငှင်း။ စတ္တာရော၊ လေးပါးကုန်သော။ ဓမ္မာ၊ ကျေးဇူးတို့သည်။ ဝဍ္ဎန္တိ၊ ပွားကုန်၏။

အာဋာနာဋိယသုတ္တံ၊ အာဋာနာဋိယသုတ်သည်။ နိဋ္ဌိတံ၊ ပြီးပြီ။

---

## ၉— အင်္ဂုလိမာလသုတ်

၁၃၂။ ယံပရိတ္တံ၊ အကြင်အင်္ဂုလိမာလ ပရိတ်တော်ကို။ ဘဏန္တဿ၊ ရွတ်သောထေရ်၏။ နိသိန္နဋ္ဌာနဓောဝနံ၊ နေရာအရပ်ကိုဆေးသော။ ဥဒကမ္ပိ၊ ရေမျှသည်လည်း သဗ္ဗံ၊ ခပ်သိမ်းသော။ ပရိဿယံ၊ ဘေးရန်ကို။ ဝိနာသေတိဝေ၊ ပျောက်စေသလျှင်ကတည်း။

၁၃၃။ ယံ၊ အကြင် အင်္ဂုလိမာလပရိတ်သည်။ သောတ္တိနာ၊ ချမ်းသာသဖြင့်။ ဂဗ္ဘဝုဋ္ဌာနဉ္စ၊ ကိုယ်ဝန် ဘွားခြင်းကိုလည်း။ တခ်ဏေ၊ ထိုခဏ၌။ သာဓေတိ၊ ပြီးစေတတ်၏။ အင်္ဂုလိမာလဿ၊ အင်္ဂုလိမာလ အမည်ရှိသော။ ထေရဿ၊ မထေရ်အား။ လောကနာထေန၊ မြတ်စွာဘုရားသည်။ ဘာသိတံ၊ ဟောတော်မူအပ်ထသော။ ကပ္ပဋ္ဌာယိံ၊ အာယုကပ်ပတ်လုံးတည်ထသော။ မဟာတေဇံ၊ ကြီးသောတန်ခိုးလည်းရှိထသော။ တံပရိတ္တံ၊ ထိုအင်္ဂုလိမာလပရိတ်တော်ကို။ ဟေ၊ အရှင် သူတော်ကောင်းကို။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။

၁၃၄။ ဘဂိနိ၊ နှမ။ အဟံ၊ ငါသည်။ ယတော၊ အကြင်အခါမှ။ ပဋ္ဌာယ၊ စ၍။ အရိယာယ၊ မြတ်သော။ ဇာတိယာ၊ အဖြစ်ဖြင့်။ ဇာတော၊ ဖြစ်၏။ တတော၊ ထိုအခါမှစ၍။ သဉ္စိစ္စ၊ သေစေလိုသော စေတနာရှိသည် ဖြစ်၍။ ပါဏံ၊ အသက်ရှိသော သတ္တဝါကို။ ဇီဝိတာ၊ အသက်မှ။ ဝေါရောပေတာ႟တိ၊ ချဘူး၏ဟူ၍။ နာဘိဇာနာမိ၊ ငါမသိ။ တေနသစ္စေန၊ ထိုသို့မှန်သောစကားဖြင့်။ တေ၊ သင့်အား။ သောတ္ထိ၊ ချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။ ဂဗ္ဘဿ၊ ဝမ်း၌ရှိသောသတ္တဝါအား။ သောတ္ထိ၊ ချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

အင်္ဂုလိမာလသုတ္တံ၊ အင်္ဂုလိမာလသုတ်သည်။ နိဋ္ဌိတံ၊ ပြီးပြီ။

---

## ၁၀–ဗောဇ္ဈင်သုတ်

၁၃၅။ သံသာရေ၊ သံသရာ၌။ သံသရန္တာနံ၊ ကျင်လည် ကုန်သော သူတို့၏။ သဗ္ဗဒုက္ခ ဝိနာသနေ၊ ခပ်သိမ်းသော ဆင်းရဲကို ဖျောက်တတ်ကုန် ထသော။ မာရသေနာပမဒ္ဒနေ၊ ကိလေသာ ဟူသော မာရ်စစ်သည်ကို နှိပ်စက်တတ်ကုန်ထသော။ သတ္တ၊ ခုနစ်ပါးကုန်သော။ ဗောဇ္ဈင်္ဂေ၊ အရဟတ္တမဂ်၏အင်္ဂါဖြစ်ကုန်ထသော။

၁၃၆။ ယေဣမေဓမ္မေ၊ အကြင်တရားတို့ကို။ ဗုဇ္ဈိတွာ၊ သိ၍သာလျှင်။ သတ္တာ၊ သတ္တဝါတို့သည်။ တိဘဝါ၊ သုံးပါးသောဘဝမှ။ မုတ္တကာ၊ ကင်းလွတ်ကုန်၏။ ဥတ္တမာ၊ မြတ်ကုန်၏။ အဇာတိံ၊ ပဋိသန္ဓေ နေခြင်းမရှိ

ထသော။ အဇရံ၊ အိုခြင်းမရှိထသော။ အဗျာဓိံ၊ နာခြင်း မရှိထသော။ နိဗ္ဗုယံ၊ ဘေးလည်း မရှိထသော။ အမတံ၊ သေခြင်းမရှိသော နိဗ္ဗာန်သို့။ ဂတာ၊ ရောက်ကုန်၏။

၁၃၇။ ဝေမာဒိဂုဏူပေတံ၊ ဤသို့အစရှိသော ကျေးဇူးတို့နှင့် ပြည့်စုံထသော။ အနေကဂုဏသင်္ဂဟံ၊ များသောကျေးဇူးတို့ကိုလည်း တကွယူရာဖြစ်ထသော။ ဩသဓဥ္စ၊ ဆေးလည်းဖြစ်ထသော။ မန္တဥ္စ၊ မန္တရားလည်းဖြစ်ထသော။ ဣမံဗောဇ္ဈင်္ဂဥ္စ၊ ဤဗောဇ္ဈင်ကိုလည်း။ ဟေ၊ အရှင်သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။

၁၃၈။ သတိသင်္ခါတော၊ သတိဟူ၍ ဆိုအပ်သော။ ဗောဇ္ဈင်္ဂေါစ၊ သမ္ဗောဇ္ဈင်ရင်း။ တထာ၊ ထို့မှို။ ဓမ္မာနံဝိစယော၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်ရင်း။ ဝီရိယဥ္စ၊ ဝီရိယ သမ္ဗောဇ္ဈင်ရင်း။ ပီတိစ၊ ပီတိ သမ္ဗောဇ္ဈင်ရင်း။ ပဿဒ္ဓိစ၊ ပဿဒ္ဓိ သမ္ဗောဇ္ဈင်ရင်း။ တထာ၊ ထို့မှို။ အပရေ၊ တပါးကုန်သော။

၁၃၉။ သမာဓုပေက္ခာ၊ သမာဓိ ဥပေက္ခာ ဖြစ်ကုန်သော။ ဗောဇ္ဈင်္ဂါစ၊ သမ္ဗောဇ္ဈင်တို့ရင်း။ သတ္တ၊ ခုနစ်ပါး ကုန်သော။ ဧတေဗောဇ္ဈင်္ဂါ၊ ထိုသမ္ဗောဇ္ဈင်တို့ကို။ သဗ္ဗဒဿိနာ၊ ခပ်သိမ်းသောတရားတို့ကို မြင်တော်မူတတ်သော။ မုနိနာ၊ မြတ်စွာဘုရားသည်။ သမ္မာ၊ ကောင်းသောအပြားဖြင့်။ အက္ခာတာ၊ ဟောတော် မူအပ်ကုန်၏။ ဘာဝိတာ၊ ပွားစေအပ်ကုန်၏။ ဗဟုလီကတာ၊ အကြိမ်များစွာပြုအပ်ကုန်၏။

၁၄၀။ အဘိညာယ၊ ရှေ့ရှုသိအပ်သော တရားတို့ကို သိခြင်းအကျိုးငှာရင်း။ နိဗ္ဗာနာယစ၊ ကိလေသာ ငြိမ်းခြင်း အကျိုးငှာရင်း။ ဗောဓိယာစ၊ အရဟတ္တမဂ်ဉာဏ်အကျိုးငှာရင်း။သံဝတ္တန္တိ၊ဖြစ်ကုန်၏။ ဧတေနသစ္စဝဇ္ဇေန၊ ထိုသို့မှန်သော စကားကိုဆိုသဖြင့်။ သဗ္ဗဒါ၊ ခပ်သိမ်းသောအခါ၌။ တေ၊ သင်၏။ သောတ္ထိ၊ စီးပွားချမ်းသာသည်။ ဟောတု၊ ဖြစ်စေသတည်း။

၁၄၁။ ဧကသ္မိံ၊ တပါးသော။ သမယေ၊ အခါ၌။ နာထော၊မြတ်စွာဘုရားသည်။ မောဂ္ဂလာနဥ္စ၊ မောဂ္ဂလာန်မထေရ်ကိုရင်း။ကဿပဥ္စ၊ ကဿပမထေရ်ကိုရင်း။ဂိလာနေ၊ နာကုန်သော။ ဒုက္ခိတေ၊ ဆင်းရဲကုန်သော။တေ၊

ထိုမထေရ်တို့ကို။ ဒိသွာ၊ မြင်၍။ သတ္တ၊ ခုနစ်ပါးကုန်သော။ ဗောဇ္ဈင်္ဂေ၊ ဗောဇ္ဈင်တို့ကို။ အဒေသယိ၊ ဟောတော်မူပြီ။

၁၄၂။ တေစ၊ ထိုမထေရ်တို့သည်လည်း။ တံ၊ ထိုဟောတော်မူသော ဗောဇ္ဈင်တရားတော်ကို။ အဘိနန္ဒိတွာ၊အလွန်နှစ်လို၍။ တခ်ဏေ၊ ထိုခဏ၌။ ရောဂါ၊ အနာမှ။ မုစ္စိံသု၊ လွတ်ကုန်၏။ ဧတေနသစ္စဝဇ္ဇေန၊ ထိုသို့မှန်သော စကားကိုဆိုသဖြင့်။ သဗ္ဗဒါ၊ ခပ်သိမ်းသော အခါ၌။ တေ၊ သင်၏။ သောတ္ထိ၊ စီးပွားချမ်းသာသည်။ ဟောတု၊ ဖြစ်စေသတည်း။

၁၄၃။ ဧကဒါ၊ တပါးသောအခါ၌။ ဓမ္မရာဇာပိ၊ တရားမင်းဘုရားသည်လည်း။ ဂေလညေနာ၊အနာသည်။ အဘိပီဠိတော၊ လွန်စွာနှိပ်စက်သည်ဖြစ်၍။ စုန္ဒတ္ထေရေန၊ စုန္ဒမထေရ်ကို။ တံယေဝ၊ ထိုဗောဇ္ဈင်ခုနစ်ပါးတရားကို သာလျှင်။ သာဒရံ၊ ရိုသေခြင်းနှင့်တကွ။ ဘဏာပေတွာန၊ ဟောစေလတ်၍။

၁၄၄။ သမ္မောဒိတွာန၊ နှစ်လိုတော်မူ၍။ ဌာနသော၊ ဟောသော ခဏ၌။ တမှာအာဗာဓာ၊ ထိုအနာမှ။ ဝုဋ္ဌာသိ၊ ထတော်မူ၏။ ဧတေနသစ္စဝဇ္ဇေန၊ ထိုသို့မှန်သောစကားကိုဆိုသဖြင့်။ သဗ္ဗဒါ၊ ခပ်သိမ်းသောအခါ၌။ တေ၊ သင်၏။ သောတ္ထိ၊ စီးပွားချမ်းသာသည်။ ဟောတု၊ ဖြစ်စေသတည်း။

၁၄၅။ တိဏ္ဏန္နမ္ပိ၊ သုံးပါးလည်း ဖြစ်ကုန်သော။ မဟေသိနံ၊ မဟာကဿပမထေရ် မောဂ္ဂလာန်မထေရ် မြတ်စွာဘုရားတို့အား။ တေအာဗာဓာစ၊ ထိုအနာတို့သည်လည်း။ ပဟီနာ၊ ပျောက်ကုန်၏။ မဂ္ဂဟတာ ကိလေသာဝ၊ မဂ်ဖြင့်ပယ်အပ်သော ကိလေသာတို့ကဲ့သို့။ အနုပ္ပတ္တိဓမ္မတံ၊ တဘန် မဖြစ်ကောင်းသော သဘောသို့။ ပတ္တာဝေ၊ ရောက်ကုန်သည်သာတည်း။ ဧတေနသစ္စဝဇ္ဇေန၊ ထိုသို့မှန်သောစကားကိုဆိုသဖြင့်။ သဗ္ဗဒါ၊ ခပ်သိမ်းသော အခါ၌။ တေ၊ သင်၏။ သောတ္ထိ၊ စီးပွားချမ်းသာသည်။ ဟောတု၊ ဖြစ်စေသတည်း။

ဗောဇ္ဈင်္ဂသုတ္တံ၊ ဗောဇ္ဈင်သုတ်ပရိတ်တော်သည်။ နိဋ္ဌိတံ၊ပြီးပြီ။

## ၁၁-ပုဗ္ဗနှသုတ်

၁၄၆-၇-၈။ ယံဒုန္နိမိတ္တဉ္စ၊ အကြင် မကောင်းသော နိမိတ်သည်ငှင်း။ ယံအ၀မင်္ဂလဉ္စ၊ အကြင် မကောင်းသော အမင်္ဂလာသည်ငှင်း။ သကုဏဿ၊ ငှက်၏။ အမနာပေါ၊ မနှစ်လိုဘွယ်သော။ ယောသဒ္ဒေါစ၊ အကြင်အသံသည် ငှင်း။ယောပါပဂ္ဂဟောစ၊အကြင် မကောင်းသောဂြိုဟ်သည်ငှင်း။ အကန္တံ၊ မနှစ်လိုဘွယ်သော။ ယံဒုဿုပိနဉ္စ၊ အကြင် မကောင်းသော အိပ်မက်သည် ငှင်း။ အတ္ထိ၊ ရှိ၏။ တေဒုန္နိမိတ္တာဒယော၊ ထိုမကောင်းသော နိမိတ် အစ ရှိသည်တို့သည်။ ဗုဒ္ဓါနုဘာဝေန၊ မြတ်စွာဘုရား၏ အာနုဘော်ကြောင့်။ ဓမ္မာနုဘာဝေန၊ တရားတော်၏ အာနုဘော်ကြောင့်။ သံဃာနုဘာဝေန၊ သံဃာတော်၏ အာနုဘော်ကြောင့်။ ဝိနာသံ၊ ပျက်စီးခြင်းသို့။ ဧန္တု၊ ရောက်စေကုန်သတည်း။

၁၄၉။ ဒုက္ခပတ္တာ၊ ဆင်းရဲခြင်းသို့ ရောက်ကုန်သော။ သဗ္ဗေပိ၊ အလုံး စုံလည်းဖြစ်ကုန်သော။ ပါဏိနော၊ သတ္တဝါတို့သည်။ နိဒုက္ခာစ၊ ဆင်းရဲ မရှိကုန်သည်လည်း။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ ဘယပတ္တာ၊ ဘေးသို့ ရောက်ကုန်သော။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ပါဏိနော၊ သတ္တဝါတို့သည်။ နိဗ္ဘယာစ၊ ဘေးမရှိကုန်သည်လည်း။ ဟောန္တု၊ ဖြစ်စေ ကုန်သတည်း။ သောကပတ္တာ၊ စိုးရိမ်ခြင်းသို့ ရောက်ကုန်သော။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ ပါဏိနော၊ သတ္တဝါတို့သည်။ နိသောကာစ၊ စိုးရိမ်ခြင်းမရှိကုန်သည်လည်း။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။

၁၅၀။ ဧတ္တာဝတာစ၊ ဤမျှလောက်သော အစဉ်ဖြင့်။ အမှေဟိ၊ ငါတို့သည်။ သမ္ဘတံ၊ ဆည်းပူးအပ်သော။ ပုညသမ္ပဒံ၊ ကောင်းမှု၏ပြည့်စုံ ခြင်းကို။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဒေဝါ၊ နတ်တို့သည်။ အနုမောဒန္တု၊ ဝမ်းမြောက် စေကုန် သတည်း။ သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ၊ ခပ်သိမ်းသော စည်းစိမ်၏ ပြီးခြင်းငှာ။

၁၅၁။ သဒ္ဓါယ၊ ယုံကြည်သဖြင့်။ ဒါနံ၊ အလှူကို။ ဒဒန္တု၊ ပေးစေကုန် သတည်း။ သဗ္ဗဒါ၊ ခပ်သိမ်းသော အခါ၌။ သီလံ၊ သီတင်းကို။ ရက္ခန္တု၊ စောင့်စေကုန်သတည်း။ ဘာဝနာဘိရတာ၊ ကမ္မဋ္ဌာန်းစီးဖြန်းခြင်း၌ အလွန်

မွေ့လျော်ကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ အာဂတာ၊ တရားနာသောငှာလာကုန်သော။ ဒေဝေါ၊ နတ်တို့သည်။ ဂစ္ဆန္တု၊ သွားကုန်လော့။

၁၅၂။ ဖလပတ္တာ၊ အားဆယ်ပါးသို့ရောက်ကုန်သော။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဗုဒ္ဓါစ၊ မြတ်စွာဘုရားတို့၏ရင်း။ ပစ္စေကာနဉ္စ၊ ပစ္စေကဗုဒ္ဓါတို့၏ရင်း။ အရဟန္တာနဉ္စ၊ ရဟန္တာတို့၏ရင်း။ ယံဗလံ၊ အကြင် ဉာဏဗလသည်။ အတ္ထိ၊ ရှိ၏။ တဿဉာဏဗလဿ၊ ထိုဉာဏဗလ၏။ တေဇေန၊ တန်ခိုးဖြင့်။ သဗ္ဗသော၊ ထက်ဝန်းကျင်သောအရပ်မှ။ ရက္ခံ၊ အစောင့်အရှောက်ကို။ ဗန္ဓာမိ၊ ဘွဲ၏။

၁၅၃-၄-၅။ ဣဓဝါ၊ ဤလူ့ပြည်၌ရင်း။ ဟုရံဝါ၊ နဂါးပြည် ဂဠုန်ပြည်၌ရင်း။ သဂ္ဂေသုဝါ၊ နတ်ပြည်တို့၌ရင်း။ ယံကိဉ္စိ၊ အမှတ်မရှိသော။ ဝိတ္တံ၊ နှစ်သက်အပ်သော။ ပဏီတံ၊ တောင့်တအပ်သော။ ယံရတနံ၊ အကြင်ရတနာသည်၊ အတ္ထိ၊ ရှိ၏။ တံရတနံ၊ ထိုရတနာသည်။ တထာဂတေန၊ မြတ်စွာဘုရားနှင့်။ သမံ၊ တူသောရတနာသည်။ နနော အတ္ထိ၊ မရှိသည်သာလျှင်ကတည်း။ ဗုဒ္ဓေ-ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဓမ္မေ-ဓမ္မဿ၊ တရားတော်၏။ သံဃေ-သံဃဿ၊ သဃ်ာတော်၏။ ဣဒမ္ပိရတနံ-အယမ္ပိရတန ဘာဝေါ၊ ဤရတနာ၏ အဖြစ်သည်လည်း။ ပဏီတံ-ပဏီတော၊ မြတ်၏။ ဧတေနသစ္စေန၊ ဤသို့သောသစ္စာကြောင့်။ ပါဏီနံ၊ သတ္တဝါတို့အား။ သုဝတ္ထိ၊ ကောင်းသောစီးပွားချမ်းသာသည်။ ဟောတု၊ ဖြစ်စေသတည်း။

၁၅၆-၇-၈။ တေ၊ သင့်အား။ သဗ္ဗမင်္ဂလံ၊ ခပ်သိမ်းသောမင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။ သဗ္ဗဒေဝတာ၊ ခပ်သိမ်းသောနတ်တို့သည်။ တံ၊ သင့်ကို။ ရက္ခန္တု၊ စောင့်စေကုန်သတည်း။ သဗ္ဗဗုဒ္ဓါနုဘာဝေန၊ ခပ်သိမ်းသော မြတ်စွာဘုရားတို့၏ အာနုဘော်တော်ကြောင့်။ သဗ္ဗဓမ္မာနုဘာဝေန၊ ခပ်သိမ်းသောတရားတော်တို့၏ အာနုဘော်တော်ကြောင့်။ သဗ္ဗသံဃာနုဘာဝေန၊ ခပ်သိမ်းသော သဃ်ာတော်တို့၏ အာနုဘော်တော်ကြောင့်။ သဒါ၊ အခါခပ်သိမ်း။ တေ၊ သင့်အား။ သုခီ၊ ချမ်းသာခြင်း တို့သည်။ ဘဝန္တု၊ ဖြစ်စေကုန်သတည်း။ (နှစ်ဂါထာကား ဓမ္မာနုဘာဝေန၊ သံဃာနုဘာဝေန-သာထူးသည်)။

၁၅၉။ မဟာကာရုဏိကော၊ မြတ်သော ကရုဏာနှင့် ယှဉ်ထသော။ တနည်းကား။ များသောကရုဏာနှင့် ယှဉ်ထသော။ နာထော၊ မြတ်စွာဘုရားသည်။ သဗ္ဗပါဏီနံ၊ ခပ်သိမ်းသော သတ္တဝါတို့၏။ ဟိတာယ၊ အစီးအပွားအလို့ငှာ။ သဗ္ဗာ၊ ခပ်သိမ်းကုန် သော။ ပါရမီ၊ ဆယ်ပါးသောပါရမီတို့ကို။ ပူရေတွာ၊ ဖြည့်တော်မူ၍။ ဥတ္တမံ၊ မြတ်စွာသော။ သမ္ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့။ ပတ္တော၊ ရောက်တော်မူပြီ။ ဧတေန သစ္စဝဇ္ဇေန၊ ထိုသို့ မှန်သောစကားကို ဆိုခြင်းကြောင့်။ တေ၊ သင်၏။ သောတ္ထိ၊ စီးပွားချမ်းသာသည်။ ဟောတု၊ ဖြစ်စေသတည်း။

၁၆၀။ သကျာနံ၊ သာကီဝင်မင်းတို့၏။ နန္ဒိဝဍ္ဎနော၊ နှစ်လိုခြင်းကို ပွားစေတတ်သော မြတ်စွာဘုရားသည်။ ဗောဓိယာ၊ ဗောဓိပင်၏။ မူလေ၊ အရင်း၌။ ဇယန္တော ယထာ၊ မာရ်ငါးပါးကို အောင်တော် မူလေသကဲ့သို့။ ဧဝမေဝ၊ ထိုအတူပင်။ ဇယော၊ အောင်ခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။ ဇယမင်္ဂလေ၊ အောင်အပ်သော မင်္ဂလာ၌။ တဝ၊ သင်အား။ ဇယဿု၊ အောင်စေသတည်း။

၁၆၁။ သဗ္ဗဗုဒ္ဓါနံ၊ ခပ်သိမ်းသောမြတ်စွာဘုရားတို့၏။ အဘိသေကေ၊ ဗုဒ္ဓါဘိသေကမင်္ဂလာကို ခံယူရာဖြစ်ထသော။ ပုထဝိပုက္ခလေ၊ မြေပြင်၌။ အထူးတင့်တယ်ထသော။ သီသေ၊ မြေပြင်၏ ဦးထိပ်လည်း ဖြစ်ထသော။ အပရာဇိတပလ္လင်္ကေ၊ မာရ်ငါးပါးကို အောင်မြင်သော ပလ္လင်တော်၌။ အဂ္ဂပတ္တော၊ လူသုံးပါးထက် မြတ်သော သဗ္ဗညုတ ဉာဏ်ကျေးဇူးသို့ ရောက်တော် မူသော မြတ်စွာ ဘုရားသည်။ ပမောဒတိ၊ ဝမ်းမြောက်တော်မူ၏။

၁၆၂။ ဧဝံ၊ ဤအတူပင်။ တဝ၊သင်အား။သုနက္ခတ္တံ၊ ကောင်းသော နက္ခတ်သည်။ ဟောတု၊ ဖြစ်စေသတည်း။ သုမင်္ဂလံ၊ ကောင်းသော မင်္ဂလာသည်။ ဟောတု၊ ဖြစ်စေသတည်း။ သုပဘာတံ၊ ကောင်းစွာ မိုးသောက်ခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။ သုဟုဋ္ဌိတံ၊ ကောင်းစွာ စီးပွားခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။ သုခဏော စ၊ ကောင်းသော ခဏသည်လည်း။ ဟောတု၊ဖြစ်စေသတည်း။သုမုဟုတ္တော စ၊ ကောင်းသော မုဟုတ်သည်လည်း။ ဟောတု၊ ဖြစ်စေသတည်း။ ဗြဟ္မစာရိသု၊ မြတ်သော

အကျင့်ကို ကျင့်သောသူတော်ကောင်းတို့အား။ သုယိဋ္ဌံ၊ ကောင်းစွာ ပူဇော်ခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

၁၆၃။ ပဒက္ခိဏံ၊ မြတ်သော။ ကာယကမ္မံ၊ ကာယကံသည် ၎င်း။ ပဒက္ခိဏံ၊ မြတ်သော။ ဝါစာကမ္မံ၊ ဝစီကံသည်၎င်း။ ပဒက္ခိဏံ၊ မြတ်သော။ မနောကမ္မံ၊ မနောကံသည်၎င်း။ ဟောတု၊ ဖြစ်စေသတည်း။ ပဒက္ခိဏေ၊ မြတ်သော ကာယကံ–ဝစီကံ–မနောကံ၌။ တေ၊ သင်၏။ ပဏိဓိ၊ ဆောက်တည်ခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

၁၆၄။ တေ၊ ထိုခပ်သိမ်းသောလူနတ်တို့သည်။ ပဒက္ခိဏာနိ၊ မြတ်သော အမှုတို့ကို။ ကတွာန၊ ပြု၍။ ပဒက္ခိဏေ၊ မြတ်ကုန်သော။ အတ္ထေ၊ အကျိုးတို့ကို။ လဘန္တိ၊ ရကုန်၏ ။အတ္ထလဒ္ဓါ၊ ရအပ်သော အကျိုးရှိ ကုန်သော။ တေ၊ ထိုသူတော်ကောင်းတို့သည်။ သုခိတာ၊ ချမ်းသာခြင်း ရှိကုန်သည်။ ဗုဒ္ဓသာသနေ မြတ်စွာဘုရား သာသနာတော်၌။ ဝိရုဠှာ၊ ပြန့်ပွားခြင်းသို့ ရောက်ကုန်သည်။ သဗ္ဗေဟိ၊ ခပ်သိမ်းကုန်သော။ ဉာတိဘိ၊ အဆွေအမျိုးတို့နှင့်။ သဟ၊ တကွ။ အရောဂါ၊ အနာကင်းကုန်သည်။ သုခိတာ၊ ချမ်းသာခြင်းရှိကုန်သည်။ ဟောထ၊ ဖြစ်ကုန်လော့။

ပုဗ္ဗဏှသုတ္တံ နိဋ္ဌိတံ။ ပရိတ်တော်ကြီးနိဿယပြီး၏။

---

# ဌာဒ္ဒိပါဒ်(၉)

## ဓမ္မစကြာအမှန်း

သတ္တသတ္တာ ဟစ္စယေန၊ ဓမ္မစက္ကံ ပဝတ္တယိ။
ဘိက္ခူနံ ပဉ္စဝဂ္ဂိနံ၊ မဟာဗြဟ္မေန ယာစိတော။
သဗ္ဗဒေဝေဟိ ဘောဒါနိ၊ မိဂဒါယေ ဘဏာမ ဟံ။
နန္ဒဇိနောဗာရဏသိံ၊ သဒ္ဒိံ ဗြဟ္မေဟိ နန္ဒိတံ။

သတ္တသတ္တာ ဟစ္စယေန၊ ပြီးသရာသီ ပုဏ္ဏမိစန်းပြည့် တိုသည့်နေ့၌ ဘုန်းဟေ့မြတ်ဖျား ဘုရားဖြစ်တော်မူသည်မှ ပလ္လက်သတ္တာဟ, စသည့်နိုင်းစိ ၇–တန်သော ဌာနတို့၌ သတ္တာဟအညီ ၇–လီမေယှက်သဖြင့် ရက် ၄၉–

ပြည့်ဖြိုးလွန်မြောက်၍ အဇပါလ နိဂြောဓသို့ တဖန်ပြန်လည်တုံ့ခေါက် ရောက်နေတော်မူသော အခါဝယ်။ မဟာဗြဟ္မေနှ၊ သောင်းလောကဓာတ် တိုက်ခွင်မှ ရှောင်တခင် လာရောက်ကြကုန်သော ဗြဟ္မာနတ်တို့နှင့် တကွ ရှုပါဝစရ ပဥ္စမဘုံစံ သဟံပတိ မည်ရှိကြော်ငြာသော မဟာဗြဟ္မာ မင်းသည်။ ယာစိတော၊ မြင့်မိုရ်တောင်လုံးခန့် နှုန်းအံ့မပြီး ချီးအံ့မဆုံး ပွင့်ရှက်လှသော သီးလုံးနှင့်တကွ ရွှေပန်းကုံးမာလာကို လက်ရုံးညှာတွဲ့ကိုင်သွဲ့ ဆောင်ယူ၍ 'ဒေသေတု ဘန္တေ ဘဂဝါ ဓမ္မံ,ဒေသေတု သုဂတော ဓမ္မံ'အစ ရှိသော မူလဘာသာ၊ သဒ္ဒါထူးမြင့် ချီငေါ်ရင့်ကျူးအပ်သည်နှင့် အညီ။ ဋ္ဌဃရိယ, ဓမ္မ, ယာသ, သိရိ, ကာမ, ပယတ္တဝဉ်းဟူသော ဘုန်းတော် ခြောက်စုံဂုဏ်အနန္တသခင် ကျေးဇူးရှင်ဘုရား—ပညိန္ဒြေကြီးရင့်၍ ပွင့်ထိုက် ကုန်သောဥဂ္ဃဋိတညူ ဝိဘဉ္စိတညူ နေယျအားဖြင့် ပုဂ္ဂိုလ်သတ္တဝါအပြား ၃-ပါ့လည်းရှိပါ၏။ ရာဂ, ဒေါသ, မောဟမြူးနှင်း အဝိဇ္ဇာ တိမ်သလာ ကပ်ချဉ်း၍ ဉာဏ်မလင်းသော ပဒပရမပုဂ္ဂိုလ် သတ္တဝါလည်း ရှိပါသည်။ ယင်းရှိ ၄--ပါးသတ္တဝါများတွင်၊ ကိုယ်တော်မြတ်ဘုရား တရားဟောတော် မူပါလျှင် သတ္တဝါ ၃-ပါးတို့သည် အရှင်ဘုရားမျက်မှောက်တော် ထင်ရှား ဦပင် တရားအမြိုက်ကို ရထိုက်ပါ လိမ့်မည်။ ပဒပရမ သတ္တဝါမှာကား နောင်လာထင်ရှား ဘုရားရှင်တို့ထံ ကျွတ်ရန်အကြောင်း ကောင်းမြတ် ကုသိုလ် ကြည်ညိုခြင်း,ဝါသနာဘာဂီယ ပကတူပ ဖြစ်ပါလိမ့်မည်။ မြတ်စွာ ဘုန်းမြင့်မပွင့်လာ သေးခင် ရှေးယခင်က ပုရာဏ ကဿပ, မက္ခလိ, ဂေါသာလ စသည့်သူလှော် ဘုရားယောင်တို့ မှောင်အဝိဇ္ဇာ မိစ္ဆာဉာဏ် ဘိစီး၍ ပြည်ကြီးနဂိုရ် ရာဇဂြိုဟ်ဦမဂ်ဖိုလ်မထိုက် မိုက်တရားကို ဟောကြား လျက် ရှိနေကြပါကုန်သည်။ ယုံမိစ္ဆာမှား မိုက်တရားကို ကင်းပျောက် လွင့်ပါးအောင် တရားအမြိုက် သုဒ္ဓါတိုက်စည်ကြီးကို တီးခတ်တော် မူပါ အရှင်ဘုရားဟု လျှောက်ထား တောင်းပန် လေသောကြောင့်။ အနန္တ ဇိနော၊ တဆဲ့ရှစ်ယူဇနာ ခရီးတာဝေးကွာသော ဗာရာဏသီ ပြည်ဌာနီသို့ ကြွချီဖြည်းညှံ့ စက်ဖြန့်တော်မူခဲ့ရာ ဝင်္ဂဟာရ ဇနပုဒ် လုဒ္ဒကဂါမဦ စရိုက် ပျော်မှီး မူဆိုးကြီး၏ သွီးမျက်ရှု ရွှေမဥ္ဇူရုပ်ဝါ နတ်သူဇာဟန်ရှိ ဒဿနိယ ကညာ မယ်ဆာဝါ၏ သက်လျာလုံ့စံ နှံ့သစ္စာခံလတ္တံ့သော ဥပက,တက္ကဒ္ဒန်း

ရဟန်းသွမ်းနှင့် ခရီးလမ်းကြိမ်သင့်၍ အရဟာသိ အနန္တဇိနေ့ာတိ ဟူသော စတုတ္ထပုစ္ဆာ ဗျာကရဏဖြင့် သင်ကား ဘုရားဖြစ်ဟန် ဝန်ခံတပြီးကား အနန္တဇိနဖြစ်ခြင်းငှာ ထိုက်အံ့လောဟု ဥပက,က တဖန်မေးပြန်လေသော ကြောင့် ကိုယ်တော်မြတ်ဘုရားက နာစေ့စေ့ထောင်ဥပကဟု အာလုပ်တော် ပြုပြီးလျှင်။

ပေါ့ဓိခရိုင် မဏ္ဍိုင်တွေကင် ရွှေပလ္လင် အောင်ခမ်း၌ သော့သွမ်း မြူးခုန် အမုန်ရစ်သော ကိလေသာမာရ်။ ။ပြဟ္မာနတ်လူ သတ္တဝါဟူသမျှကို နိဗ္ဗူတာသောင်ဦးသို့ မကူးနိုင်ကြအောင် ရှက်ဆောင်ထုပ်ပိုး ဝန်ဆိုးကြီး ဘိစီး၍ ချွေးဒီးဒီးစွတ်စိုနှင့် ကိုယ့်ကို,အလုံး နွမ်းရိပိန်ချုံးသကဲ့သို့ ပြေးရှန်း ဝင်ရှက် မလွတ်နိုင်မှိုင်မောလျက် ဝန်ဆိုးကြီး သဘောရှိသော ရုပ်,ဝေဒနာ, သညာ,သင်္ခါရ,ဝိညာဏ်တည်းဟူသော ခန္ဓမာရ်။ ။အိုနာကျိုးကန်းဘေး ဘျမ်းအပေါင်း စွက်လောင်းရှေဖက် အသက်ဇီဝိန်ကို ချိုးနှိမ်ဖျက်ဆီး ခြင်း ရှင်သေမင်းတည်းဟူသော မစ္စုမာရ်။ ။အိမ်မွေးခြံထွက် ဝက်ဟူသမျှ အပေါင်းကို ရှာသူတို့ လက်သုတ် ဟင်းလျာလောင်း ရောင်းစားခြင်း အကျိုးငှာ ဆန်ကွဲဆန်ညှာ အကာဖွဲနု ရောရှထွေးလွေး နေ့တိုင်းပေး၍ ကျွေးမွေးသောပမာ သေမင်း၏ ခံတွင်းဝသို့ အာဟာရ ရောက်စေဘို့မှာ သာလျှင်ပြုပြင်စီရင်ခြင်း စေတနာတည်းဟူသောအဘိသင်္ခါရမာရ်။ ။မိုးရံ မြင့်ခေါင် တိမ်တောင်ထွင့်နှင့်အတူ ယူဇနာတရာ့ငါးဆယ်မြင့် စွင့်စွင့်ဖြိုး မောက်သော ဂိရိမေခလာ မည်သညာရှိ ဇာနီယာ ဆဒ္ဒန် နတ်ဆင်ပျံကြီးကို လျှင်မြန်စွာ တက်စီးလျက် လက်ရုံး တထောင်ကို ဖန်ဆင်း ပြီးလျှင် အသီးအသီးအဝဝ လက်ဟူသမျှ၌ စက္ကာဝုဓ,စသည်တရိုး လက်နက်မျိုး မြားမြောင်ကို ဆောင်ယူကိုင်စွဲ၍လက်ဝဲလကျာ ရှစ်ဒိသာအညီသွဲ့နှစ်ယူဇနာ စီရှိ ပစ္စိမရပ်ခဏ်းမှ စက္ကဝါဠတောင်ကမ်းထိ ဥပရိမှာ ၉-ယူဇနာ ပေါင်း များစွာဒ၃စုစု နတ်စစ်သည်ဗိုလ်ထုကို ကိုယ်ရံအသင်းပြု၍ ငါနှင့်တူတန် ရှိမာန်မချို့ ဟယ်နတ်တို့-သိဒ္ဓတ္ထကုမာရဟု သာကိန္ဒနွယ် မင်းသားငယ်ကို ဆူလွယ်ရှေရှ ယခုချက်ချင်း နှိပ်နင်းဘိစီးလျက် ဆီးလားဘမ်းလား ဆွဲငင် ထိုးပစ်ကြလားဟု ကြောက်မက်လန့်ဘွယ် အသွယ်သွယ် ဖျ[illegible]ထား၍

ထံပါးတော်သို့ ချဉ်းကပ်ရောက်လာသော ဝသဝတ္တိဘုံ စိုးခြုံနိုပ်နင်း မာရ်နတ်မင်းဟု ဆိုအပ်သော ဒေဝပုတ္တမာရ်။

ငါးတန်ရန်မျိုးမာရ်တရိုးကို မိုဃ်းကြိုးစက်ရှိန် ဝရဇိန်အလား အရိန္ဒမာလှံ့, သံလျက်ဓားနှင့်တူသော ပါရမီသမ္ဘာရ ဉာဏလက်ရုံး ငါ့ရွှေဘုန်းတော် စိန်သံလျက် လက်နက်တော်များဖြင့် ဖယ်ရှားသုတ်သင် အောင်မြင်တော်မူ၍ သယမ္ဘူထွဋ်ထား ငါဘုရားကို ညွှတ်တွားတုပ်ကွ တင်ဦးသ,၍ အနန္တဇိနဟူသော အမည်ထူးဖြင့် ချီးကျူးကော်ရော် ပူဇော်ထိုတ်သည်ကို စိုက်စိုက်နှလုံးပိုက်လေ ဥပကဟု ရဲရင့်လှစွာ ကေသရာ ခြင်္သေ့မင်းကဲ့သို့ ဆံလွှာမြူညှင်းမျှ မွေးတွင်းကြက်သိမ်း ထမကိန်းဘဲ ကြိမ်းပတော်မူသောကြောင့် အနန္တဇိန မည်သော မြတ်စွာဘုရားသည်။

ဗာရာဏသီ၊ မျောက်ဥက္ကောင်းသဏ္ဍာန် တူဟန်ကျောက်ဖျာ ထိုမြို့မှာ ရှိသောကြောင့်ရင်း ဗောဓိသတ်,လောင်း မျောက်ဥက္ကောင်းကို ကောင်းစွာစေတီ ထိုမြို့မှာတည်သောကြောင့်ရင်း အကြောင်း ၂-ပါးညီ ဂုဏ်ကိုမှီ၍ ဗာရာဏသီမည်သော ပြည်ဌာနီဝယ်။မိဂဒါဝေ၊ဟောဝန်တောမြိုင် ဂနိုင်သာ ခမ်းကဲ့သို့ ဆန်းတကြယ်ရှိသောကြောင့် ပဉ္စကဗုဒ္ဓါ ဈာနလာဘီ တပသီတို့ ခိုမှီပျော်ပါး ကြားနာရာခေတ် ဌာနစစ်ဖြစ်၍သာလျှင် ဗာရာဏသီ ဌာနီစိုးဆိုင် အာဏာပိုင်တို့က မြိုင်ရပ် ခိုအောင်း သားငှက် အပေါင်းတို့ကို မကောင်းဘေးဒဏ် ရန်မရှိစေလင့်ဟု ဘေရီခြိမ့်ဆော် ကြော်ငြာနီးဝေးဘေးမဲ့ပေးသောကြောင့် ဣသိပတန မိဂဒါဝုန်မည်သော ရဂုံတောကြီး၌။

ဗြဟ္မဟိသဒ္ဒိ ၊တဆဲ့ရှစ်ကုဋေ့ တွက်ရေများမြတ် ဗြဟ္မာနတ်တို့နှင့်တကွ။ ဘိက္ခုနံ ပဉ္စဝဂ္ဂိနံ၊ ကောဏ္ဍည ဝပ္ပ ဘဒ္ဒိယ မဟာနာမ် အဿဇိအားဖြင့် ငါးပါးဝဂ္ဂီ ရဟန်းထေရ်တို့အား။ ဓမ္မစက္ကံ၊ လူနတ်ဗြဟ္မာ ပစ္စေကဗုဒ္ဓါ သာဝကာတို့ ဟောပြထုတ်ဖော်ခြင်းငှာမတတ်ရာသောဓမ္မစကြာတရားတော် အမြိုက်သုဒ္ဓါ တိုက်စည်ကြီးကို။ပဝတ္တယိ၊ လနတ်စန္ဒီ အာသဠ္ဍီနှင့် တူသမိုက်ပုံခင်းသော ရွှေခံတွင်းတော် စက်မြတ်ဖြင့် သာယာကြူးချီး တီးခတ်တော်မူလေပြီ။

ဘော သဟာယကာ၊ ဘော်ဆွေတသင်း အိုသားချင်းတို့။ ဒါနိ-ဣဒါနိ၊ စည်းဝေးညီညာ ဤအခါ၌။ သဗ္ဗဒေဝေဟိနန္ဒိတံ၊ သောင်းလောကဓာတ်

တိုက်ဘုံရပ်မှ ဆည်းကပ်ရောက်လာကြကုန်သောနတ်ဗြဟ္မာအပေါင်းတို့သည် ကောင်းစွာချီငေါ် ကော်ရော်နှစ်သက် စုံမက်မြတ်နိုးအပ်သော။ တံဓမ္မစက္ကံ ထိုဓမ္မစကြာ တရားမြတ်ဒေသနာကို။ မယံ၊ ငါတို့သည်။ဘဏာမ၊ သာယာ နှုးညံ့ ဟောရွတ်သရဇ္ဈာယ်ပါကုန်အံ့။ (ဘဏာမ၊သာယာနှုးညံ့ဟောရွတ် သရဇ္ဈာယ်ပါအံ့။)

(ဘဏာမိ တဦးတည်းဆို။)

---

ဓမ္မစက္ကပဝတ္တနသုတ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဥယျောဇဉ်

၁။ ဘိက္ခူနံ ပဉ္စဝဂ္ဂိနံ၊ ဣသိပတနနာမကေ။
မိဂဒါယေ ဓမ္မဝရံ၊ ယံ တံ နိဗ္ဗာနပါပကံ။

၂။ သဟမ္ပတိနာမကေန၊ မဟာဗြဟ္မေန ယာစိတော။
စတုသစ္စံ ပကာသေန္တော၊ လောကနာထော အဒေသယိ။

၃။ နန္ဒိတံ သဗ္ဗဒေဝေဟိ၊ သဗ္ဗသမ္ပတ္တိသာဓကံ။
သဗ္ဗလောကဟိတတ္ထာယ၊ ဓမ္မစက္ကံ ဘဏာမ ဟေ။

၄။ *ဧဝံ မေသုတံ–ဧကံသမယံ ဘဂဝါ ဗာရာဏသိယံ ဝိဟရတိ ဣသိ ပတနေ မိဂဒါယေ။ တတြခေါ ဘဂဝါ ပဉ္စဝဂ္ဂိယေ ဘိက္ခူ အာမန္တေသိ–

၅။ "ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ။ ကတမေ ဒွေ? ယော စာယံ ကာမေသု ကာမသုခလ္လိကာ နုယောဂေါ ဟီနော ဂမ္မော ပေါထုဇ္ဇနိကော အနရိယော အနတ္ထသံဟိတော၊ ယော စာယံ အတ္တ ကိလမထာနုယောဂေါ ဒုက္ခော အနရိယော အနတ္ထသံဟိတော၊ ဧတေ ခေါ ဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိ သမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

---

*ဗုဒ္ဓံ သုတ္တံ ဝိနယပိဋကေ မဟာဝဂ္ဂပါဠိယံ ၁၄–၁၈၊ သံယုတ္တနိကာယေ တတိယဘာဂေ ၃၆၈–၃၇၃၊ ပဋိသမ္ဘိဒါမဂ္ဂေ ၃၃၀ ၃၃၅၊ ပိဋကေ္ခ သုအာဂတံ

၆။ ကတမာ စ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ? အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ သေယျထိဒံ? သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။ အယံ ခေါ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

၇။ ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ဇာတိပိဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏမ္ပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ န လဘတိ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ[၁] ဒုက္ခာ။

၈။ ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ယာယံ တဏှာ ပေါနောဘဝိကာ[၂] နန္ဒီရာဂသဟဂတာ တတြတတြာဘိနန္ဒိနီ။ သေယျထိဒံ? ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ။

၉။ ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ယော တဿာယေဝ တဏှာယ အသေသဝိရာဂနိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။

၁၀။ ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ သေယျထိဒံ? သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

၁၁။ "ဣဒံ ဒုက္ခံ အရိယသစ္စ"န္တိမေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

---

၁-ပဉ္စုပါဒါနက္ခန္ဓာပိ (ဋ္ဌ၊က)   ၂-ပေါနောဗ္ဘဝိကာ (သျာ၊က)

၁၂။ "တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညေယျ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥပဒါဒိ၊ အာလောကော ဥဒပါဒိ။

၁၃။ "တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညာတ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၁၄။ "ဣဒံ ဒုက္ခသမုဒယံ အရိယသစ္စ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၁၅။ "တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ သစ္ဆိကာတဗ္ဗ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၁၆။ "တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟီန"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၁၇။ "ဣဒံ ဒုက္ခနိရောဓံ အရိယသစ္စ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၁၈။ "တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကာတဗ္ဗ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၁၉။ "တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကတ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၂၀။ "ဣဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၂၁။ “တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝေတဗ္ဗ”န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၂၂။ “တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝိတ”န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၂၃။ ယာဝကီဝဉ္စ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယသစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ န သုဝိသုဒ္ဓံ အဟောသိ၊ နေဝ တာဝါဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ “အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ”တိ ပစ္စညာသိံ[၁]။

၂၄။ ယတော စ ခေါ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယသစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ သုဝိသုဒ္ဓံ အဟောသိ၊ အထာဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ “အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ”တိ ပစ္စညာသိံ။ ဉာဏဉ္စ ပန မေ ဒဿနံ ဥဒပါဒိ၊ အကုပ္ပါ မေ ဝိမုတ္တိ[၂]၊ အယမန္တိမာ ဇာတိ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါတိ။ ဣဒမဝေါစ ဘဂဝါ၊ အတ္တမနာ ပဉ္စဝဂ္ဂိယာ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ။

၂၅။ ဣမသ္မိဉ္စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ အာယသ္မတော ကောဏ္ဍညဿ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ “ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မ”န္တိ။

၂၆။ ပဝတ္တိတေ စ ပန ဘဂဝတာ ဓမ္မစက္ကေ ဘုမ္မာ[၃] ဒေဝါ သဒ္ဒမနုဿာဝေသုံ “ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ

---

၁-အဘိသမ္ဗုဒ္ဓေါ ပစ္စညာသိံ (သီ၊ သျာ၊ ကံ၊)
၂-စေတောဝိမုတ္တိ (သီ၊ ဣ)
၃-ဘူမာ (က)

အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ”န္တိ။

၂၇။ ဘုမ္မာနံ ဒေဝါနံ သဒ္ဒံ သုတွာ စာတုမဟာရာဇိကာ[၁] ဒေဝါ သဒ္ဒမနုဿာဝေသုံ “ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ”န္တိ။

၂၈။ စာတုမဟာရာဇိကာနံ ဒေဝါနံ သဒ္ဒံ သုတွာ တာဝတိံသာ ဒေဝါ ။ပ။ လောကသ္မိန္တိ။ တာဝတိံသာနံ ဒေဝါနံ သဒ္ဒံ သုတွာ ယာမာ ဒေဝါ ။ပ။ လောကသ္မိန္တိ။ ယာမာနံ ဒေဝါနံ သဒ္ဒံ သုတွာ တုသိတာ ဒေဝါ ။ပ။ လောကသ္မိန္တိ။ တုသိတာနံ ဒေဝါနံ သဒ္ဒံ သုတွာ နိမ္မာနရတီ ဒေဝါ ။ပ။ လောကသ္မိန္တိ။ နိမ္မာနရတီနံ ဒေဝါနံ သဒ္ဒံ သုတွာ ပရနိမ္မိတဝသဝတ္တီ ဒေဝါ ။ပ။ လောကသ္မိန္တိ။ ပရနိမ္မိတဝသဝတ္တီနံ ဒေဝါနံ သဒ္ဒံ သုတွာ ဗြဟ္မကာယိကာ ဒေဝါ သဒ္ဒမနုဿာဝေသုံ “ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ”န္တိ။

၂၉။ ဣတိဟ တေန ခဏေန တေန လယေန[၂] တေန မုဟုတ္တေန ယာဝ ဗြဟ္မလောကာ သဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆိ။ အယဉ္စ ဒသသဟဿိလောကဓာတု သံကမ္ပိ သမ္ပကမ္ပိ သမ္ပဝေဓိ၊ အပ္ပမာဏော စ ဥဠာရော ဩဘာသော လောကေ ပါတုရဟောသိ အတိက္ကမ္မ[၃] ဒေဝါနံ ဒေဝါနုဘာဝန္တိ။

၃၀။ အထ ခေါ ဘဂဝါ ဣမံ ဥဒါနံ ဥဒါနေသိ “အညာသိ ဝတ ဘော ကောဏ္ဍညော၊ အညာသိ ဝတ ဘော ကောဏ္ဍညော”တိ။ ဣတိ ဟိဒံ အာယသ္မတော ကောဏ္ဍညဿ “အညာသိကောဏ္ဍညော”[၄] တွေဝ နာမံ အဟောသိ။

---

၁-စာတုမ္မဟာရာဇိကာ (သျာ) ဘုံစဉ်တွင်, ဘုံတို,ဘုံလတ်,ဘုံရှည် နှစ်သက်ရာဆိုပါ။
၂-“တေန လယေနာ”တိ ပဒဒွယံ သီ-သျာ-ကံ ပေါတ္ထကေသု နတ္ထိ။
၃-အတိက္ကမ္မေဝ (သျာ၊ က) ၄-အညာကောဏ္ဍညောတွေဝ (သျာ)

၃၁။ အထ ခေါ အာယသ္မာ အညာသိကောဏ္ဍညော ဒိဋ္ဌဓမ္မော ပတ္တဓမ္မော ဝိဒိတဓမ္မော ပရိယောဂါဠ္ဟဓမ္မော တိဏ္ဏဝိစိကိစ္ဆော ဝိဂတကထံကထော ဝေသာရဇ္ဇပ္ပတ္တော အပရပ္ပစ္စယော သတ္ထုသာသနေ ဘဂဝန္တံ ဧတဒဝေါစ "လဘေယျာဟံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ၊ လဘေယျံ ဥပသမ္ပဒ"န္တိ "ဧဟိ ဘိက္ခူ"တိ ဘဂဝါ အဝေါစ၊ သွာက္ခာတော ဓမ္မော၊ စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယာ" တိ။ သာဝ တဿ အာယသ္မတော ဥပသမ္ပဒါ အဟောသီတိ။

ဓမ္မစက္ကပဝတ္တနသုတ္တံ နိဋ္ဌိတံ။

---

## ဓမ္မစကြာသုတ် နိဿယ

၁-၂။ စတုသစ္စံ၊ သစ္စာလေးပါးကို။ ပကာသေန္တော၊ ပြတော်မူလိုသော။ လောကနာထော၊ လူတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရားသည်။ သဟမ္ပတိ နာမကေန၊ သဟမ္ပတိအမည်ရှိသော။ မဟာဗြဟ္မုနာ၊ မဟာဗြဟ္မာမင်းသည်။ ယာစိတော၊ တရားဟောစိမ့်သောငှါ တောင်းပန်အပ်သည်ဖြစ်၍။ ဝါ၊ တောင်းပန်အပ်သော ဘုရားသခင်သည်။ ဣသိပတန နာမကေ၊ ဘုရားပစ္စေကဗုဒ္ဓါအရိယာတို့၏ ကောင်းကင်မှ သက်ရာ, ကောင်းကင်သို့တက်ရာဖြစ်၍ ဣသိပတန အမည်ရှိသော။ မိဂဒါယေ၊ သားတို့အား ဘေးမဲ့ပေးရာ မိဂဒါဝုန်တော၌၊ ပဉ္စဝဂ္ဂိနံ၊ ပဉ္စဝဂ္ဂီ အမည်ရှိကုန်သော။ ဘိက္ခူနံ၊ ကောဏ္ဍည, ဝပ္ပ, ဘဒ္ဒိယ, မဟာနာမ်, အဿဇိ ရဟန်းတို့အား။ နိဗ္ဗာနပါပကံ၊ နိဗ္ဗာန်သို့ ရောက်စေတတ်သော။ ဓမ္မဝရံ၊ တရားမြတ်ဖြစ်သော။ ယံ ဓမ္မစက္ကံ၊ အကြင် ဓမ္မစကြာဒေသနာကို။ အဒေသယိ၊ ဟောတော်မူပြီ။

၃။ သဗ္ဗဒေဝေဟိ၊ ခပ်သိမ်းကုန်သော သမ္မုတိနတ်, ဥပပတ္တိနတ်, ဝိသုဒ္ဓိနတ်တို့သည်။ ဝါ၊ ခပ်သိမ်းကုန်သော နတ်ဗြဟ္မာတို့သည်။ နန္ဒိတံ၊ နှစ်လိုအပ်သော၊သဗ္ဗသမ္ပတ္တိသာဓကံ၊ ခပ်သိမ်းသော လောကီ-လောကုတ္တရာ ပစ္စုပ္ပန် သံသရာစည်းစိမ်ကို ပြီးစေတတ်သော။ တံ ဓမ္မစက္ကံ၊ ထို ဓမ္မစကြာဒေသနာတော်ကို။ သဗ္ဗလောက ဟိတတ္ထာယ၊ ခပ်သိမ်းသော လောက၏

အစီးအပွားအကျိုးငှါ။ ဟော၊ အို သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။

အန္တဒွယ ၂-ပါးအနက်

၄။ ဘန္တေကဿပ၊ အရှင်မဟာကဿပ။ဣဒံ သုတ္တံ၊ ဤဓမ္မစက္ကပဝတ္တန သုတ်ကို။ မေ မယာ၊ အကျွန်ုပ် အာနန္ဒာ မထေရ်သည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သမ္မုခါ၊ မျက်မှောက်တော်မှ။ ဝေံ၊ ဤသို့။ သုတံ၊ ကြားလိုက်ရ၏။ ဧကံ၊ တပါးသော။ သမယံ၊ အခါ၌။ ဘဂဝါ၊ မြတ်စွာ ဘုရားသည်။ ဗာရာဏသိယံ၊ ဗာရာဏသီပြည်၌။ ဣသိပတနေ၊ ဣသိပတန အမည်ရှိသော။ မိဂဒါယေ၊ မိဂဒါဝုန်တော၌။ ဝိဟရတိ၊ နေတော်မူ၏။ တတြ ခေါ၊ ထို ဣသိပတန မိဂဒါဝုန်တောဝယ် နေတော်မူသော အခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသခင်သည်။ ပဉ္စဝဂ္ဂိယေ၊ ပဉ္စဝဂ္ဂီအမည်ရှိကုန်သော။ ဘိက္ခူ၊ ရဟန်းတို့ကို။ အာမန္တေသိ၊ မိန့်တော်မူ၏။

၅။ ဘိက္ခဝေ၊ ရဟန်းတို့။ ပဗ္ဗဇိတေန၊ ရဟန်းဖြစ်သောသူသည်။ ဒွေ၊ နှစ်ပါးကုန်သော။ ဣမေ အန္တာ၊ ဤအယုတ်တရားအစုတို့ကို။ န သေဝိ တဗ္ဗာ၊ မမှီဝဲအပ်ကုန်။ ဒွေ အန္တာ၊ ရဟန်းတို့ မမှီဝဲအပ်ကုန်သော အယုတ် တရားအစု နှစ်ပါးတို့ဟူသည်။ ကတမေ၊ အဘယ်သည်တို့နည်း။ ဟီနော၊ ယုတ်သော။ ဂါမ္မော၊ ရွာသူတို့၏ ဥစ္စာဖြစ်သော။ ပေါထုဇ္ဇနိကော၊ ပုထုဇ္ဇန်တို့၏ အလေ့အကျက်ဖြစ်သော။ အနရိယော၊ အရိယာတို့၏ ဥစ္စာ မဟုတ်သော။ အနတ္ထသံဟိတော၊ စီးပွါးချမ်းသာ ဖြစ်ကြောင်းနှင့် မစပ် သော။ ကာမေသု၊ ဝတ္ထုကာမ တရားတည်းဟူသော ဝတ္ထုကာမတို့၌။ ကာမသုခလ္လိကာနုယောဂေါ၊ ဆန္ဒရာဂတည်းဟူသော ကိလေသာ ကာမနှင့် ယှဉ်သော ချမ်းသာကို အဘန်တလဲလဲ ခံစားခြင်းဟု ဆိုအပ်သော။ ယော စာယံ-ယော စ အယံ အန္တော၊ အကြင်အယုတ်တရားအစုသည်ရင်း၊ ဒုက္ခော၊ ဆူးငြောင့်ကိုမှီ၍ အိပ်ခြင်း စသည်ဖြင့် ဆင်းရဲကို ဆောင်တတ်သော။ အန ရိယော၊ အရိယာမဟုတ်သော တိတ္ထိတို့၏ဥစ္စာဖြစ်သော။ အနတ္ထသံဟိတော၊ စီးပွါးချမ်းသာဖြစ်ကြောင်းနှင့် မစပ်သော။ အတ္တကိလမထာနုယောဂေါ၊ မိမိကိုယ်၏ ပင်ပန်းခြင်းကို အဘန်တလဲလဲ ဖြစ်စေတတ်သော။ ယော စာယံ-

ဃော စ အယံ ဒ္ဒေန္တော၊ အကြောင်းအယုတ်တရား အစုသည်ရှင်း။ ဒွေ အန္တာ၊ အယုတ်တရားအစု နှစ်ပါး မည်ကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧတေ ခေါ ဥဘောအန္တေ၊ ထို ကာမသုခလ္လိကာနုယောဂ, အတ္တကိလမထာနုယောဂ ဟူသော အယုတ်တရားအစု နှစ်ပါးတို့ကို။ အနုပဂမ္မ၊ မကပ်မူ၍။ တထာ ဂတေန၊ ငါဘုရားသည်။ အဘိသမ္ဗုဒ္ဓေါ၊ ထိုးထွင်း၍ သိတော်မူအပ်သော။ စက္ခုကရဏီ၊ သစ္စာလေးပါးကို မြင်တတ်သောပညာမျက်စိကိုပြုတတ်သော။ ဉာဏကရဏီ၊ သစ္စာလေးပါးကို သိခြင်းကို ပြုတတ်သော။ မဇ္ဈိမာ၊ ကာမ သုခလ္လိကာနုယောဂ သဿတဒိဋ္ဌိဟူသော တခုသောအစု, အတ္တကိလမထာ နုယောဂဥစ္ဆေဒဒိဋ္ဌိဟူသော တခုသောအစု၏ အလယ်၌ဖြစ်သော။ ပဋိပဒါ၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်းကို အလိုရှိသောသူတို့သည် ကျင့်အပ်သော အကျင့်သည်။ ဥပသမာယ၊ ကိလေသာငြိမ်းခြင်း တည်းဟူသော သဥပါဒိ သေသ နိဗ္ဗာန်အကျိုးငှါ။ အဘိညာယ၊ သစ္စာလေးပါးကို ထူးသော ဉာဏ်ဖြင့်သိခြင်းငှါ။ သမ္ဗောဓာယ၊ သစ္စာလေးပါးကို ကောင်းစွာသိခြင်း ငှါ။ နိဗ္ဗာနာယ၊ အနုပါဒိသေသ နိဗ္ဗာန်အကျိုးငှါ။ သံဝတ္တတိ၊ ဖြစ်၏။

## မဇ္ဈိမပဋိပဒါ အနက်

မကောင်းခွင့်ပြု၊ ကောင်းမှုကိုလျှင်၊ ဆင်ခြင်မရှု၊ ခွင့်ပြုသည်ပင်၊ ရှေ့တွင်ချီးမွမ်း၊ ဖုံးလွှမ်းကွယ်လျှင်၊ ကဲ့ရဲ့ချင်သည်။ ။လေးအင်ပီယ၊ ဘာဏီတည်း။

### ကျေးဇူးရှုက်ဆောင်သောအဆွေခင်ပွန်းစစ် ၄ ယောက်

မေ့လျော့စောင့်လာ၊ ဥစ္စာစောင့်ရှောက်၊ ဘေးရောက်ကိုးကွယ်၊ပြုဘွယ် ရှိက၊ နှစ်ဆဥစ္စာ၊ ချေးပေးလာသည်။ ။လေးဖြာဥပကာရတည်း။

### ဆင်းရဲမကွာချမ်းသာမပစ်သောအဆွေခင်ပွန်းစစ် ၄ ယောက်

လျှို့ဝှက်စကား၊ ကြားစေတုံလျက်၊ သူလျှို့ဝှက်၍၊ ဘေးတွေ့မစွန့်၊ မတွန့်တိုပါ၊သူ့ကိုညှာလျက်၊ ကိုယ့်သက်စွန့်မြောက်၊ဤလေးယောက်ကား၊ မျှလောက်ချမ်းသာဆင်းရဲတည်း။

### အကျိုးစီးပွားကိုပြောကြားတတ်သောအဆွေခင်ပွန်းစစ် ၄ ယောက်

မကောင်းမြစ်တာ၊ကောင်းရာသွင်းထား၊မကြားစတောင်း၊ အကြောင်း ကြားလာ၊နတ်ရွာလမ်းပြ၊ ဤလေးဝကား။ ။မည်ရအတ္ထက္ခာယီတည်း။

### အစဉ်သနားတတ်သောအဆွေခင်ပွန်းစစ် ၄ ယောက်

ဥစ္စာခမ်းနား၊ မပွားသမြို့၊ မနှစ်လို့ငြား၊ ပွားကာရှင်မြူး၊ ကျေးဇူးမဲ့ကို၊ ဆိုသော်တားမြစ်၊ ကျေးဇူးဖြစ်ကို၊ ဆိုသော်ချီးမွမ်း၊ သူတို့တမ်းကား။ ။ မိတ်ကျွမ်းအနုကမ္ပတည်း။

အလေးအမြတ်ပြုအပ်သောအရပ် ၆-မျက်နှာ

အရှေ့မိဘ၊ တောင်မှဆရာ၊ နောက်မှာမယား၊ မြောက်ကားမိတ်ဆွေ၊ အောက်ခြေကျွန်များ၊ အထက်ဖျားကား။ ပုဏ္ဏားရဟန်း ခြောက်ရပ်တည်း။

မျက်စီးလွယ်သောသူ ၄-ယောက်

သောက်ထုတ်သေရက်၊ ညဉ့်နက်လမ်းသွား၊ ရှုစားသဘင်၊ ပျော်ရွှင်အန်စာ၊ လေးရပ်မှာပင်၊ တက္ကထင်သည်။ ။လေးအင်ပါယ သဟဲတည်း။

အလောင်းအလျာတိုအလိုတော် ၆-ပါ

လောဘ, ဒေါသ၊ မောဟကင်းလို၊ တောခိုတဖြာ၊ ဆိတ်ရာငြိမ်သက်၊ ဝဋ်မှထွက်။ ။ခြောက်ချက်လောင်းလျာလိုတော်ဘည်း။

မပြုတ်ဆင်ခြင်ရသောတရား ၅-ပါး

အိုခြင်းတဖြာ၊ နာခြင်းတထွေ၊ သေခြင်းတခြား၊ ကွဲပြားတတန်၊ ကံလျှင်ဥစ္စာ၊ ဤငါးဖြာကို၊ မကွာနေ့ညဉ့်၊ ဉာဏ်သက်ဝင်၍ ဆင်ခြင်ကြ။

အကျိုးဆောင်သော့တရား ၁-ပါး

သေခြင်းတပါး၊ ဤတရားကား၊ စီးပွားမြားမြောင်၊ အကျိုးဆောင်သည်၊ အိုအောင်အောက်မေ့ စီးဖြန်းကြ။

သိင်္ဂါလောဝါဒသုတ်ထွက်ကျင့်ဝတ်ပြီး၏။

---

# ဣန္ဒိပါဒ် (၂၂)

## အရပ်ဆယ်မျက်နှာကို စည်းချရန်

အရှေ့မြောက်
အရပ်

သမ္ဗေ ဗုဒ္ဓါ ဣဒ္ဓိပတ္တာ၊
ပစ္စေကာနဉ္စ ယာ ဣဒ္ဓိ။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

အရှေ့အရပ်

သဗ္ဗေ ဗုဒ္ဓါ ခေမပ္ပတ္တာ၊
ပစ္စေကာနုဗုဒ္ဓ ယော ခေခမာ၊
အရဟန္တာနုဗုဒ္ဓ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

အရှေ့တောင်အရပ်

သဗ္ဗေ ဗုဒ္ဓါ ဇိနပတ္တာ၊
ပစ္စေကာနုဗုဒ္ဓ ယော ဇိနော။
အရဟန္တာနုဗုဒ္ဓ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

တောင်အရပ်

သဗ္ဗေဗုဒ္ဓါ လာဘပ္ပတ္တာ၊
ပစ္စေကာနုဗုဒ္ဓ လော လာဘော။
အရဟန္တာနုဗုဒ္ဓ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

အနောက်တောင်အရပ်

သဗ္ဗေ ဗုဒ္ဓါ တေဇပ္ပတ္တာ၊
ပစ္စေကာနုဗုဒ္ဓ ယော တေဇော။
အရဟန္တာနုဗုဒ္ဓ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

အနောက်အရပ်

သဗ္ဗေ ဗုဒ္ဓါ ဗလပ္ပတ္တာ၊
ပစ္စေကာနုဗုဒ္ဓ ယံ ဗလံ။
အရဟန္တာနုဗုဒ္ဓ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

အနောက်မြောက်အရပ်

သဗ္ဗေ ဗုဒ္ဓါ ယသပ္ပတ္တာ၊
ပစ္စေကာနုဗုဒ္ဓ ယော ယသော။
အရဟန္တာနုဗုဒ္ဓ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

မြောက်အရပ်

သဗ္ဗေ ဗုဒ္ဓါ သိရိပ္ပတ္တာ၊
ပစ္စေကာနုဗုဒ္ဓ ယာ သိရီ။
အရဟန္တာနုဗုဒ္ဓ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

အရှေ့မြောက်အရပ်

သဗ္ဗေ ဗုဒ္ဓါ ဣန္ဒိပ္ပတ္တာ၊
ပစ္စေကာနဉ္စ ယာ ဣန္ဒိ။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

အထက်အရပ်

သဗ္ဗေ ဗုဒ္ဓါ ဈာနပ္ပတ္တာ။
ပစ္စေကာနဉ္စ ယံ ဈာနံ။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

အောက်အရပ်

သဗ္ဗေ ဗုဒ္ဓါ နိစ္စပ္ပတ္တာ၊
ပစ္စေကာနဉ္စ ယံ နိစ္စံ။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

---

# ဣန္ဒိပါဒ် (၂၄)

## သမ္ဗုဒ္ဓေဂါထာတော်ကြီး ပါဠိအနက်

သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ။
ပဉ္စသတသဟဿာနိ၊ နမာမိ သိရသာမဟံ။
အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုကာ ဇိနာ။
တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။
နမက္ကာရာနုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ။
အနေကအန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

အဋ္ဌဝီသံ၊ သုံးပါးဘဝ သုံးလောကတွင် ဉာဏ်ရောင်ဖိတ် အောင်ဘိသိက်နှင့် နှစ်ကျိပ်ရှစ်ဆူကုန်သော။ သမ္ဗုဒ္ဓေ၊ တန်ဆောင်ပမာ ဉာဏ်ရောင်ဝါတို့ဖြင့် သစ္စာပွင့်လင်း တရားမင်းတို့ကိုရင်း။ ဒွါဒသဉ္စသဟဿကေ၊ နိဗ္ဗာန်ကိန်းအောင်း စက်မွေ့လျောင်းသည့် တသောင်း နှစ်ထောင်ကုန်

သော။ သမ္ဗုဒ္ဓေ၊ လရောင်ပမာ ညာဏ်ရောင်ဝါဖြင့် သစ္စာလင်းပြောင် မြတ်ဘုန်းခေါင်တို့ကိုငင်း။ ပဥ္စသတ သဟဿာနိ၊ သောင်းတိုက်စကြဝဠာ ဂုဏ်ဝါရောင်ရှိန်း ငါးသိန်းကုန်သော။ သမ္ဗုဒ္ဓေ၊ နေရောင်ပမာ ညာဏ်ရောင်ဝါဖြင့် သစ္စာလင်းထိန် မြတ်မုနိန်တို့ကိုငင်း။ အဟံ၊ အကျွန်ုပ်သည်။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ နမာမိ၊ ရှိခိုးပါ၏။

ဂင်္ဂါ–ဂင်္ဂါယ၊ ဂင်္ဂါမြစ်တွင်း၌။ ဝါလုကာ၊ ရှိကြကုန်သောသဲတို့သည်။ အပ္ပကာ၊ နည်းကြကုန်သေး၏။ နိဗ္ဗုတာ၊ ဘုံဇာတ်သိမ်း၍ ငြိမ်းအေးတော်မူကြကုန်ပြီးသော။ ဇိနာ၊ နှောင့်ရှက်ဖန်လာ မာရ်ငါးဖြာကို အရိယာမဂ်ဘုန်းရောင်စက်ဖြင့် ချိုးဖျက်လွယ်ကူ အောင်တော်မူသော ဘုရားရှင် အပေါင်းတို့ကား။ အနန္တာ၊ သင်္ချာဂဏန်း ရေတွက်မှန်းလည်း ဆုံးခန်းတိုင်မြောက် မရောက်နိုင်ကြကုန်။ တေဇိနေစ၊ ထိုဘုရားရှင်တို့ကိုငင်း။ တေသံ၊ ထိုငါးသိန်းတသောင်း နှစ်ထောင် နှစ်ကျိပ်ရှစ်ဆူကုန်သောဘုရားရှင်, မရေမတွက်နိုင်သော ဘုရားရှင်တို့၏၊ ဓမ္မဥ္စ၊ တရားတော်မြတ်ကိုငင်း။ သံဃဥ္စ၊ တပည့်သားသံဃာတော်မြတ်ကိုငင်း။ အဟံ၊ အကျွန်ုပ်သည်။ အာဒရေန–အာဒရံ၊ ရိုသေစွာ။ နမာမိ၊ ရှိခိုးပါ၏။

နမက္ကာရာနုဘာဝေန၊ ဤသို့ ရှိခိုးပူဇော် ဖူးမျှော် ကန်တော့ ရသော ပဏာမ ကုသိုလ်စေတနာကြောင့်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဥပဒ္ဒဝေ၊ ဘေးရန်တို့ကို။ ဟိတွာ၊ ပယ်ဖျောက်၍။ အနေကအန္တရာယာပိ၊ များစွာကုန်သော အန္တရာယ်တို့ သည်လည်း။ အသေသတော အကြွင်းအကျန် မရှိသောအားဖြင့်။ ဝိနဿန္တု၊ ပျောက်ပျက်စေကုန်သတည်း။

# ဓမ္မပဒ (၂၄)

## တန်ခိုးကြီးဂါထာများ

### ပထဝီဇယမန္တန် ၁၄–ဂါထာပါ၌

၁။ *ဩမ်…ပထဝီဇယသမ္ဘံ၊ အနေကအန္တရာယိကံ။
ဇယံ ပစ္စေကဗုဒ္ဓါစ၊ ဇယံ ပရိ မဟေသယော။

* ပေါရာဏာစရိယေဟိ ရစိတာ ဂါထာ။

၂။ ဇယံ ဟရော ဟရိ ဒေဝေါ၊ ဇယံ ဗြဟ္မာ ဓတရဋ္ဌော။
ဇယံ နာဂေါ စ ဝိရူဠှော၊ ဝိရူပက္ခော စ စန္ဒိမာ။
၃။ ဝိဋ္ဌန္ဒော ဝေနတေယျော စ၊ ကုဝေရော ဝရုဏောပိ စ။
အဂ္ဂိ ဝါရဏော ပဇ္ဇုန္နော၊ ကုမာရော စတုပါလကော။
၄။ အဋ္ဌာရသ မဟာဒေဝါ၊ သုခိတာ စ ပသိဒ္ဓိယော။
အသီတိ မဟာသာဝကာ၊ သဗ္ဗံ ဇယံ ဒဒန္တု မေ။
၅။ ဇယော ဓမ္မော စ သံဃော စ၊ ဒသဗလော စ ဇေယျကော။
ဧတေန သစ္စဝဇ္ဇေန၊ ဇယာ သုခါ ဘဝန္တု မေ။
၆။ နရ ဒေဝါ စ ဗြဟ္မာနော၊ ယက္ခာ နာဂါ စ ဂရုဋ္ဌာ။
တေပိ ဒိသွာ ပိယာ မယှံ၊ ပုတ္တံ မမေဝ သိနေဟာ။
၇။ ဗုဒ္ဓါ ပစ္စေကဗုဒ္ဓါ စ၊ အရဟာ အဂ္ဂသာဝကာ။
သဗ္ဗေ ကရောန္တု မေ မေတ္တံ၊ သဗ္ဗေ တိဋ္ဌန္တု မတ္ထကေ။
၈။ တေသံ မေတ္တာနုဘာဝေန၊ သဗ္ဗေ ရောဂါ သုသီတလာ။
သဗ္ဗေ ဘယာ ဝိနဿန္တု၊ သဗ္ဗေ နဿန္တု’ ပဒ္ဒဝါ။
၉။ ဣမသ္မိံ စက္ကဝါဠေ စ၊ ဗဟူ အနန္တပါဏိနော။
အနန္တစက္ကဝါဠေ စ၊ ဗဟူ အနန္တပါဏိနော။
၁၀။ ဣမေသေတ္တာ အဝေရာ စ၊ အညမညံ ပိယာ ဟောန္တု။
ဣမေ သတ္တာ အဝေရာ စ၊ အညမညံ သုခါ ဟောန္တု။
၁၁။ နေရယိကာ တိရစ္ဆာနာ၊ ပေတာ အသုရကာ ယမာ။
ဣမေ သဗ္ဗေ ယထာ သတ္တာ၊ ဒုက္ခာ မုစ္စန္တု တတ္တကာ။
၁၂။ ဒသကောဋိ ဒကဇာ စ၊ ထလဇာ နဝကောဋိယော။
သံသေဒဇောပပါတိကာ၊ ဒီဃာယုကာ ဘဝန္တု တေ။
၁၃။ ဥဒ္ဓံ ယာဝ ဘဝဂ္ဂါ စ၊ အဓော ယာဝ အဝီစိတော။
သမန္တာ စက္ကဝါဠေသု၊ ယေ သတ္တာ ပထဝီစရာ။
၁၄။ အဗျာပဇ္ဇာ နိဝေရာ စ၊ နိဒ္ဒုက္ခာ စ’ နုပဒ္ဒဝါ။
သဗ္ဗေ သတ္တာ အဝေရာ စ၊ သဟ သဗ္ဗေဟိ ဉာတိဘိ။

---

## ပဌဝီဇယမန္တန် ၁၄-ဂါထာအနက်

၁။ အနေကအန္တရာယိကံ၊ တပါးမက များလှသွယ်သွယ် အန္တရာယ်ကို ပြုတတ်သော။ ပဌဝီဇယသဗ္ဗံ၊ မြေအပြင်၌ အောင်မြင်ဘွယ်ဟူသမျှ တစ မကြွင်း ရန်ခပင်းကို။ ဩဃ—ကောင်းကျိုးလျှမ်းတောက် ချမ်းသာရောက် အောင် မျက်မှောက်ထင်ထင် အောင်မြင်ပါစေသတည်း။ ပစ္စေကဗုဒ္ဓါ စ၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည်လည်း။ မေ၊ အကျွန်ုပ်အား။ (နော၊ အကျွန်ုပ်တို့အား။) ဇယံ၊ အောင်ဆုကို။ ဒဒန္တု ပေးတော်မူကြပါစေကုန်သတည်း။ မဟာသာဝကာ စ၊ မြတ်သော သီလက္ခန္ဓစသည်ကို ရှာတော် မူကုန်ပြီးသော ပညာဓိက,သဒ္ဓါဓိက, ဝီရိယာဓိက, ဘုရားသခင်, အရှင်ဒေဂ္ဂသာဝက, မဟာ သာဝက, ပကတိသာဝက ရဟန္တာမြတ်တို့သည်လည်း။ ပရိ၊ ယက်ဝန်းကျင် အကြွင်းမရှိသောအားဖြင့်။မေ၊အကျွန်ုပ်အား။(နော၊ အကျွန်ုပ်တို့အား။) ဇယံ၊ အောင်ဆုကို။ ဒဒန္တု၊ ပေးတော်မူကြပါစေကုန်သတည်း။

၂။ ဟာရော၊ ဟာရမည်သောနတ်သည်၎င်း။ ဟာရိဒေဝေါ၊ ဟာရိမည်သော နတ်သည်၎င်း။ မေ၊ အကျွန်ုပ်အား။ (နော၊ အကျွန်ုပ်တို့အား။) ဇယံ၊ အောင်ဆုကို။ ဒဒန္တု၊ ပေးကြပါစေကုန်သတည်း။ဗြဟ္မာ၊ ဗြဟ္မာသည်၎င်း။ ဓတရဋ္ဌော၊ ဓတရဋ္ဌ နတ်မင်းသည်၎င်း။ မေ၊ အကျွန်ုပ်အား။ (နော၊ အကျွန်ုပ်တို့အား။) ဇယံ၊အောင်ဆုကို။ဒဒန္တု၊ ပေးကြပါစေကုန်သတည်း။ နာဂေါ စ၊ မဟာနာဂ နတ်မင်းသည်၎င်း။ ဝိရူဠှော စ၊ ဝိရူဠှက နတ်မင်း သည်၎င်း။ ဝိရူပက္ခော စ၊ ဝိရူပက္ခ နတ်မင်းသည်၎င်း။ စန္ဒိမာပိ၊ လ–နတ် သားသည်၎င်း။

၃။ ဝိဏှုန္ဒော စ၊ အထူးထူးသောနတ်တို့ကို အစိုးရသော သိကြားမင်း သည်၎င်း။ ဝေနတေယျော စ၊ ဝိနတာ အမည်ရှိသော နတ်သမီး၏သား ဖြစ်သော နတ်မင်းသည်၎င်း။ ကုဝေရော စ၊ ကုဝေရ နတ်မင်းသည်၎င်း။ ၎ရုဏောပိ စ၊ ဝရုဏ နတ်မင်းသည်၎င်း။ အဂ္ဂိ စ၊ မီးနတ်သားသည်၎င်း။ ဝါရဏော စ၊ လေနတ်သားသည်၎င်း။ ပဇ္ဇုန္နော စ၊ မိုးနတ်သားသည် ၎င်း။ ကုမာရော စ၊ ကုမာရနတ်သည်၎င်း။ စတုပါလကော စ၊ လောက ပါလ နတ်သား လေးယောက်သည်၎င်း။ မေ။၊ အကျွန်ုပ်အား၊ (နော၊

အကျွန်ုပ်တို့အား။) ဇယံ၊ အောင်ဆုကို။ ဒဒန္တု၊ ပေးကြပါစေကုန်သတည်း။

၄။ သုခိတာ၊ ချမ်းသာအောင်ဆောင်နိုင်ကုန်သော။ အဋ္ဌာရသမဟာဒေဝါစ၊ တဆယ့်ရှစ်ယောက်ကုန်သော နတ်မင်းကြီးတို့သည်၎င်း။ ပသိဒ္ဓိယော၊ အထူးထူးအပြားပြား စီးပွားချမ်းသာကို ပြီးစေတတ်ကုန်သော။ အသီတိမဟာသာဝကာစ၊ ရှစ်ကျိပ်သော မဟာသာဝက ရဟန္တာအရှင်မြတ်တို့သည်၎င်း။ မေ၊ အကျွန်ုပ်အား။ (နော၊ အကျွန်ုပ်တို့အား) သဗ္ဗဇယံ၊ အောင်ဆုဟူသမျှကို။ ဒဒန္တု၊ ပေးတော်မူကြပါစေကုန်သတည်း။

၅။ ဓမ္မောစ၊ ဆယ်ပါးသော တရားတော်သည်၎င်း။ သံဃောစ၊ သမ္မုတိ, ပရမတ်နှစ်ရပ်သော သံဃာတော်သည်၎င်း။ ဇယော၊ ရန်ဟူသမျှကို အထူး အောင်မြင်တော်မူပေ၏။ ဒသဗလောစ၊ ကာယ, ဉာဏ်တော် အားဆယ်ဖော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား သခင်သည်လည်း။ ဇေယျကော၊ ရန်မျိုးဥဿုံအလုံးစုံကိုချက်ကုံကြွင်းမဲ့တိဂဦးဖျက်ခြေအထူး အောင်မြင်တော်မူပေ၏။ တေန သစ္စဝဇ္ဇေန၊ ဤသို့ဆိုငြား မှန်ကန်သော သစ္စာစကားကြောင့်။ ဇယော၊ရန်အပေါင်းကိုအထူးအောင်မြင်ခြင်းတို့သည်၎င်း။ သုခါ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းတို့သည်၎င်း။ မေ၊ အကျွန်ုပ်အား။ (နော၊ အကျွန်ုပ်တို့အား။) ဘဝန္တု၊ ဖြစ်ပါစေကုန်သတည်း။

၆။ နရာစ၊ လူတို့သည်၎င်း။ ဒေဝါစ၊ နတ်တို့သည်၎င်း။ ဗြဟ္မာနောစ၊ ဗြဟ္မာတို့သည်၎င်း။ ယက္ခာစ၊ ဘီလူးတို့သည်၎င်း၊ နာဂါစ၊ နဂါးတို့သည်၎င်း။ ဂရုဠာစ၊ ဂဠုန်တို့သည်၎င်း။ တေပိ၊ ထိုလူ, နတ်, ဗြဟ္မာ, ဘီလူး နဂါး ဂဠုန်တို့သည်လည်း။ မံ၊ အကျွန်ုပ်ကို။ (နော၊ အကျွန်ုပ်တို့ကို။) ဒိသွာ၊ မြင်သည်ရှိသော်။ မယှံ၊ အကျွန်ုပ်အား။ (နော၊အကျွန်ုပ်တို့အား) ပိယာ၊ မြတ်နိုးချစ်ခင်ကြကုန်သည်။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။ ပုတ္တံ၊ မိမိတို့၏သားကို။ သိနေဟာ ဣဝ၊ ချစ်ခင်ကြ ကုန်သကဲ့သို့။ မမ၊ အကျွန်ုပ်အား။ (နော၊ အကျွန်ုပ်တို့အား။) ပိယာ၊ မြတ်နိုးချစ်ခင်ကြကုန်သည်။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။

၇။ ဗုဒ္ဓါစ၊ မြတ်စွာဘုရားတို့သည်၎င်း။ ပစ္စေကဗုဒ္ဓါစ၊ ပစ္စေကဗုဒ္ဓါတို့သည်၎င်း။ အရဟာစ၊ ရဟန္တာတို့သည်၎င်း။ အဂ္ဂသာဝကာစ၊ အဂ္ဂ

သာဝကတို့သည်၎င်း။ သဗ္ဗေ၊ အလုံးစုံကုန်သော ဘုရား, ပစ္စေက ဗုဒ္ဓါ, ရဟန္တာ, အဂ္ဂသာဝကတို့သည်။ မေ၊ အကျွန်ုပ်အား။ (နော၊ အကျွန်ုပ်တို့အား။) မေတ္တံ၊ ချစ်ခြင်းမေတ္တာကို။ ကရောန္တု၊ ပြုတော်မူပါစေကုန်သတည်း။ သဗ္ဗေ၊ အလုံးစုံကုန်သော ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာ, အဂ္ဂသာဝကတို့သည်။ မေ၊ အကျွန်ုပ်၏။ (နော၊ အကျွန်ုပ်တို့၏။) မတ္ထကေ၊ ဦးခေါင်းထက်၌။ တိဋ္ဌန္တု၊ ရပ်တည်တော်မူပါစေကုန်သတည်း။

၈။ တေသံ၊ ထိုဘုရား, ပစ္စေက ဗုဒ္ဓါ, ရဟန္တာ, အဂ္ဂသာဝကတို့၏။ မေတ္တာနုဘာဝေန၊ မေတ္တာ၏ အာနုဘော်တော်ကြောင့်။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ရောဂါ၊ ကိုးဆယ့်ခြောက်ဖြာ အနာရောဂါတို့သည်။ သုသီတလာ၊ အလွန်ငြိမ်းအေးကြကုန်သည်။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။ သဗ္ဗေ၊ အလုံးစုံကုန်သော၊ ဘယာ၊ ကြောက်မက်ဘွယ် ဘေးမျိုးတို့သည်။ ဝိနဿန္တု၊ ပျောက်ကွယ်ကြပါစေကုန်သတည်း။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဥပဒ္ဒဝါ၊ ကပ်၍ နှိပ်စက်တတ်ကုန်သော ဥပဒ္ဒဝေါတို့သည်။ နဿန္တု၊ ပျက်စီးကြပါစေကုန်သတည်း။

၉။ ဣမသ္မိံ စက္ကဝါဠေ၊ ဤစကြဝဠာ၌။ ဗဟူ၊ များစွာကုန်သော။ အနန္တပါဏိနော စ၊ အဆုံးအပိုင်းအခြားမရှိကုန်သော သတ္တဝါအပေါင်းတို့သည်၎င်း။ အနန္တစက္ကဝါဠေ၊ အဆုံးအပိုင်းအခြားမရှိသော စကြဝဠာတိုက်အပေါင်း၌။ ဗဟူ၊ များစွာကုန်သော။ အနန္တပါဏိနော စ၊ အဆုံးအပိုင်းအခြားမရှိကုန်သော သတ္တဝါအပေါင်းတို့သည်၎င်း။

၁၀။ ဣမေသတ္တာ၊ ဤဆိုအပ်ကုန်ပြီးသောသတ္တဝါအပေါင်းတို့သည်။ အညမညံ၊ အချင်းချင်းတယောက်သည် တယောက်အား။ အဝေရာ၊ ရန်မရှိကြကုန်သည်ဖြစ်၍။ ပိယာ စ၊ မြတ်နိုးချစ်ခင်ကြကုန်သည်လည်း။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။ ဣမေသတ္တာ၊ ဤဆိုအပ်ကုန်ပြီးသော သတ္တဝါအပေါင်းတို့သည်။ အညမညံ၊ အချင်းချင်းတယောက်သည်တယောက်အား။ အဝေရာ၊ ရန်မရှိကြကုန်သည်ဖြစ်၍။ သုခါ စ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းနှင့်ပြည့်စုံကြကုန်သည်လည်း။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။

၁၁။ နေရယိကာ စ၊ ငရဲသားတို့သည်၎င်း။ တိရစ္ဆာနာ စ၊ တိရစ္ဆာန်တို့သည်၎င်း။ ပေတာ စ၊ ပြိတ္တာတို့သည်၎င်း။ အသုရကာ စ၊ အသုရကာယ်

တို့သည်၎င်း။ ယမာ စ၊ ငရဲသနင်း ယမင်းတို့သည်၎င်း။ ယထာ၊ အကြင် သို့သောအခြင်းအရာအားဖြင့်။ ဇာတာ၊ ဖြစ်ကုန်သော။ သဗ္ဗေ၊ အလုံးစုံ ကုန်သော။ ဣမေသတ္တာ၊ ဤဆိုအပ်ကုန်ပြီးသော သတ္တဝါ အပေါင်း တို့သည်။ သန္တိ၊ ရှိကြကုန်၏။ တတ္တကာ၊ ထိုမျှလောက်ကုန်သော သတ္တဝါ အပေါင်းတို့သည်။ ဒုက္ခာ၊ ဆင်းရဲအပေါင်းမှ။ မုစ္စန္တု၊ ကင်းလွတ်ကြပါစေ ကုန်သတည်း။

၁၂။ ဒသကောဋ္ဌိဒကဇာ စ၊ ရေနေဆယ်ကုဋေသောသတ္တဝါအပေါင်း တို့သည်၎င်း။ ထလဇာနဝကောဋိယော စ၊ ကုန်းနေကိုးကုဋေသောသတ္တဝါ အပေါင်းတို့ သည်၎င်း။ သံသေဒဇာဗပါတိကာ စ၊ အညှိ၌ဖြစ်သော သတ္တဝါ,ကိုယ်ထင်ရှားဖြစ်ပေါ်သော သတ္တဝါအပေါင်းတို့သည်၎င်း။ တေ၊ ထိုဆိုအပ်ကုန်ပြီးသော သတ္တဝါအပေါင်းတို့သည်။ ဒီဃာယုကာ၊ အသက် ရှည်ကြကုန်သည်။ ဘဝန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

၁၃။ သမန္တာ၊ ထက်ဝန်းကျင်အရပ်မှ။ စက္ကဝါဠေသု၊ အဆုံးအပိုင်း အခြားမရှိကုန်သော စကြဝဠာတိုက်အပေါင်းတို့၌။ ဥဒ္ဓံ၊ အထက်၌။ ယာဝ ဘဝဂ္ဂါ စ၊ နေဝသညာနာသညာယတန ဘဝဂ်ဘုံတိုင်အောင်၎င်း။ အဓော၊ အောက်၌။ ယာဝအဝီစိတော စ၊ အဝီစိငရဲဘုံတိုင်အောင်၎င်း။ ယေသတ္တာ၊ အကြင်သတ္တဝါအပေါင်းတို့သည်။ ပထဝီစရာ၊ မြေရေနှစ်ပြင် ထက်ကောင်း ကင်၌ ကျင်လည်လှည့်သွားကျက်စားကြကုန်၏။

၁၄။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေ သတ္တာ၊ ထိုသတ္တဝါအပေါင်း တို့သည်။ သဗ္ဗေဟိ၊ အလုံးစုံကုန်သော။ ဥဒ္ဒါတိဘိ၊ အဆွေအမျိုးတို့နှင့်။ သဟ၊ တကွ။ အဗျာပဇ္ဇာ စ၊ စိုးရိမ်ကြောင့်ကြ မရှိကြကုန်သည်၎င်း။ နိဝေရာ စ၊ အပရန်မရှိကြကုန်သည်၎င်း။ နိဒ္ဒုက္ခာ စ၊ ဆင်းရဲဒုက္ခ မရှိကြ ကုန်သည်၎င်း။ အနုပဒ္ဒဝါ စ၊ ဥပဒ္ဒဝေါမရှိကြကုန်သည်၎င်း။ အဝေရာ စ၊ အတွင်းရန်မရှိကြကုန်သည်၎င်း။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

နာညတြဂါထာတော်....

၁။ နာညတြ ဗောဇ္ဈတပသာ၊ နာညတြိန္ဒြိယသံဝရာ။
နာညတြ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိံ ပဿာမိ ပါဏိနံ။

ဘဝေဝါဟံဂါထာတော်....

၂။ ဘဝေဝါဟံ ဘယံ ဒိသွာ၊ ဘဝဥ္စ ဝိဘဝေသိနံ။
ဘဝံ နာဘိဝဒိံ ကိဉ္စိ၊ နန္ဒိဉ္စ နဥပါဒိယိံ။

သံရှစ်ချက်ဂါထာတော်....

၃။ သံသာရစက္က ဝိဒ္ဓံသံ၊ သံသုဒ္ဓမဿ ဩရသံ။
သံဆိန္နကံ ဘဝေ အာသံ၊ သံဃံ သပိ သုမာနသံ။

ကိုးချက် ဂါထာတော်....

၄။ ကေစိတ္တံ ဝိစိနေ္တတွာ၊ ကေခမ္မံ သုနိဿတိ။
သေတော သေမော လောကော၊ ကေရာဇာတိ ပါကဋ္ဌော။
သေတိ သမ္မာ သမ္ဗုဒ္ဓံ၊ သေတိ ဓမ္မမုတ္တမံ။
သေတိ မဂ္ဂမုဂ္ဂယှ၊ သေတိ ပန တေ နမော။

**သတိပြုရန်**....၎င်းဂါထာများကို .အက္ခရာ ပီသစွာ ရွတ်ဖတ်ပါ။ အဖျင်းဆုံး သုံးခေါက်စီ ထို့ထက်ပိုင်နိုင်လျှင် ၇-ခေါက်စီရွတ်ပါလေ၊ အလွန်ကျေးဇူးများ၏။ အစိမ်းသူရဲတို့လည်း လွန်စွာကြောက်၏။

---

နာညတြ ဂါထာအနက်....

၁။ ဗောဇ္ဈတပသာ၊ ဗောဇ္ဈင်ခုနစ်ပါး တရားအကျင့်ကို။ အညတြ၊ ကြဉ်ထား၍။ ပါဏိနံ၊ သတ္တဝါတို့၏။ သောတ္ထိံ၊ ချမ်းသာရာ ချမ်းသာခွင့်ကို။ အဟံ၊ သင်တို့ဆရာ ငါဘုရားသည်။ နပဿာမိ၊ မြင်တော်မမူ။ ဣန္ဒြိယသံဝရာ၊ ဣန္ဒြိယ သံဝရ ခြောက်ပါး မြတ်တရားကို။ အညတြ၊ ကြဉ်

ထား၍။ ပါဠိနံ၊ သတ္တဝါတို့၏။ သောတ္ထိ ။ ချမ်းသာရာ ချမ်းသာခွင့်ကို။ အဟံ၊ သင်တို့ဆရာ ငါဘုရားသည်။ နပဿာမိ၊ မြင်တော်မမူ။ သဗ္ဗနိဿဂ္ဂံ၊ အလုံးစုံ တပ်နှစ်သက်ခြင်းကင်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာကို။ အညတြ၊ ကြဉ်ထား၍။ ပါဠိနံ၊ သတ္တဝါတို့၏။သောတ္ထိ ၊ချမ်းသာရာချမ်းသာခွင့်ကို။ အဟံ၊ သင်တို့ဆရာ ငါဘုရားသည်။ နပဿာမိ၊ မြင်တော်မမူ။

ဘဝေဝါဟံ ဂါထာအနက်....

၂။ အဟံ၊ ငါသည်။ ဘဝေ၊ ဘဝသုံးဖြာ သံသရာ၌။ ဘယံ၊ ဇာတိစသည် များလှသောင်းသောင်း ဘေးအပေါင်းကို။ ဒိသွာဧဝ၊ ဟုတ်တိုင်းမှန်ရာ ကောင်းစွာ မြင်သောကြောင့်သာလျှင်။ ဘဝဉ္စ၊ ကာမ, ရူပ, အရူပ ဟူသော ဘဝသုံးဖြာ သံသရာကိုရင်း။ ဝိဘဝေသိနဉ္စ၊ ဘဝကောင်းမည်ရှာကြံစည်လည်း ဆိုလည်နွားမျှနစ်မွန်းကြသူသတ္တဝါဟူသမျှကိုရင်း။ဒိသွာ၊ အတပ်သေချာ ကောင်းစွာမြင်၍။ ကဉ္စိဘဝံ၊ သုံးဖြာဘဝ သုံးလောကတွင် တစုံတခုဘဝ စိုးစဉ်းမျှကို။ နာဘိဝဒိံ ၊ တဏှာဒိဋ္ဌိ ကပ်ငြိစွဲလမ်း မယူမှန်း။ နန္ဒိဉ္စ၊ ဘာသုံးဖြာ တွယ်တာတတ်လှ ဘဝတဏှာ ယုတ်မမွာကိုလည်း။ နဥပါဒိယိံ ၊ နှစ်သက်ယူမှန်း မစွဲလမ်း။

သံရှစ်ချက်ဂါထာအနက်....

၃။ သံသာရ စက္ကဝိဒ္ဓံသံ၊ သံသရာစက် ဝဲဂယက်ကို ချိုးဖွဲ့ဖျက်ဆီးတော်မူတတ်ထသော။ သံသုဒ္ဓံ၊ ညစ်ကျုယုတ်မာ များစွာသော ကိလေသာမှ ဖြတ်တောတ်ပယ်ချွေ ဖြူစင်လေပြီးသော စိတ်ရှိတော်မူထသော။ အဃ၊ ထိုသုံးလူထွတ်ထား မြတ်ဘုရား၏။ ဩရသံ၊ ရွှေရင်တော်နှစ် သားတော်စစ်ဖြစ်တော်မူထသော။ ဘဝေ၊ ဘဝသုံးထပ် ဘုံသုံးရပ်၌။ အာသံ၊တွယ်တာခြင်းအာသာ ယုတ်တဏှာကို။သံဆိန္နကံ၊ ပယ်လှန် ဖြတ်တောက်တော်မူပြီးထသော။ သုမာနသံ၊ အံ့ချီးခြင်းငှာ မစွမ်းနိုင်ရာ လွန်စွာကောင်းသောရွှေနှလုံးတော်ရှိထသော။သံဃံအပိ၊ ရှစ်ဘော်အရိယာ မြတ်သံဃာကိုလည်း။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒာမိ၊ လက်စုံမိုး၍ ရှိခိုးပါ၏,မြဘ်နိုးပါ၏ဘုရား။

ကိုးချက်ဂါထာအနက်....

၄။ သေတော၊ နိဗ္ဗာန်ရောက်စာတ် ကောင်းမြတ်လှစွာ ကြောင်းခြင်းရာကို မပြတ်ရှာမှီးတတ်သောသူအား။ သေမော၊ နေ့မလပ် ညဥ့်မခြား မပြတ်ရှာမှီးအပ်သော သဘောရှိထသော။ လောကေ၊ လောကသုံးထပ် ဘုံသုံးရပ်၌။ ကေရာဇာတိ၊ ပြိုင်ဘက်မပြု တဆူတည်းသော တရားမင်းဟူ၍။ ပါကဋ္ဌော၊ အောက်ထက်နှံ့သိ ကျော်စောခြင်း ရှိတော်မူထသော။ ယော၊ အကြင်သုံးလူထွတ်ထား မြတ်ဘုရားသည်။ ကေစိတ္တံ၊ နိဗ္ဗာန်ရောက်ကြောင်း ပျော့ပျောင်းဖြူစင် လွန်ကြည်လင်သော စိတ်သဘော တခုကို။ ဝိစိန္တေတွာ၊ အထူးသဖြင့်သိတော်မူ၍။ ကေဓမ္မံ–ကေဓမ္မံငေ၊ ပူရဏကဿပ စသည်သောင်းသောင်း တိတ္ထိပေါင်းတို့ ကြံကောင်းကြံရာ ဟောမှာသည်နှင့် မတူကွဲပြား နိဗ္ဗာန်ရောက်ကြောင်း တရားကောင်း တခုကို သာလျှင်။ သုနိဿတိ၊ ကောင်းမွန်လှစွာ ဆောင်နိုင်ဟော်မူပေ၏။ တံသမ္မာသမ္ဗုဒ္ဓံ၊ ထိုမြတ်စွာဘုရားသခင်ကို။ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ သေတိ၊ ရွှေပြည်နိဗ္ဗာန် ဝင်စံလိုလှ မြတ်ဆန္ဒဖြင့် မပြတ်ရှာမှီးလေ့ရှိပေ၏။ တဿ၊ ထိုမြတ်စွာဘုရားသခင်၏။ ဓမ္မံ၊ မဂ်လေးဝ ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ်ဟူ ဆယ်ဆူသော တရားတော်မြတ်ကိုလည်း။ သေတိ၊ ရွှေပြည်နိဗ္ဗာန် ဝင်စံလိုလှ မြတ်ဆန္ဒဖြင့် မပြတ်ရှာမှီးလေ့ရှိပေ၏။ တဿ၊ ထိုမြတ်စွာဘုရားသခင်၏။ ဥတ္တမံ၊ ရင်နှစ်သည်းချာ အရိယာရှစ်ဘော် မြတ်သံဃာတော်ကိုလည်း။ သေတိ၊ ရွှေပြည်နိဗ္ဗာန် ဝင်စံလိုလှ မြတ်ဆန္ဒဖြင့် မပြတ်ရှာမှီးလေ့ရှိပေ၏။ ဥဂ္ဂယှ၊ ငြိုငြင်စရာ မတွယ်လာအောင် ကြံဆောင် မြှောက်ချီး မိမိစိတ်ကို ထားပြီး၍။ တဿ၊ ထိုမြတ်စွာဘုရားသခင်၏။ မဂ္ဂံ၊ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်း လမ်းမှန်ကိုလည်း။ သေတိ၊ ရွှေပြည်နိဗ္ဗာန် ဝင်စံလိုလှ မြတ်ဆန္ဒဖြင့် မပြတ်ရှာမှီးလေ့ရှိပေ၏။ တာဒိသေ၊ ထိုသို့သဘောရှိသော။ သေတိ၊ ဤသို့များစွာ မဟာအသခ်တခေတ် ရောက်လိုလတ်သည့် မြတ်ဆန္ဒဖြင့် မပြတ်ရှာမှီးလေ့ရှိသော ပုဂ္ဂိုလ်၌။ တေ၊ ခန္ဓာငါးဝ ပေါင်းထသမုတ် သင့်ကိုယ်ရုပ်၏။ နမော၊ ခြေရင်းဝပ်တွား ထိငါးပါးဖြင့် လက်စုံမိုး၍ ရှိခိုးခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

# ရာဇ္ဇပါဒ် (၂၅)

## အရှင်မဟာရဋ္ဌသာရဆုံးမစာ

၁။ လက်သစ်တောင်တာ၊ ယူဇနာပေါင်း၊ တာပြန်လောင်းသော်၊ ရှစ်သောင်းလေးထောင်၊ အမြင့်ဆောင်သား၊ တောင်မြင်းမိုရ်ရှိ၊ ဂုဏ်ကြီးဘိသည်၊ မွေးမိဘခင်၊ ကျေးဇူးရှင်နှင့်၊ ထို့ပြင်တခြား၊ ဘိုးနှင့်ဘွားကို၊ ဘုရားတဆူ၊ ဂူတလုံးသွင်၊ စိတ်ကထင်လျက်၊ ဦးတင်လက်ထား၊ အစားအဝတ်မလွတ်ရစေ၊ ရေပူရေအေး၊ လိုရာပေး၍၊ မွေးကျွေးကြပေ၊ တထွေမှတ်သား၊ အခါးအချို၊ သူတို့ဆိုလည်း၊ ဘိုးဘွားမိဘ၊ ဆရာစသည်၊ ပြုသဆိုထွေ၊ မျိုတတ်စေ။

၂။ အစ်ကိုကြီးအား၊ ညီငယ်များလည်း၊ စကားနှုတ်ဆက်၊ ဘက်၍မဆိုရိုသေကြစေ၊ ကိုကြီးအမ၊ သည်နှစ်ဝကို၊ မိဘကဲ့သို့မှတ်ပါလေ။

၃။ ဆွေကြီးမျိုးကြီး၊ အဘကြီးနှင့်၊ ဦးကြီးသားချင်း၊ ဘထွေးရင်းက၊ ဟူသမျှကို၊ ဂုဏဝုဍ္ဎ၊ ပစာယန၊ စိတ်ကသိစေ၊ ဖြစ်မှားမိက၊ မသင့်ချေ။

၄။ ပေါက်ဘော်သားချင်း၊ တဝမ်းဘွင်းမှ၊ အချင်းအနှစ်၊ ဘွေစိစစ်၍အပြစ်စုပုံ၊ မခြားတုံသည်၊ အစုံဖြစ်က၊ ချစ်ဘွဲလေ။

၅။ သေတူရှင်ဘက်၊ ဆောင်ရွက်မကင်း၊ အချင်းချင်းတွင်၊ အခင်းကြီးငယ်၊ ရှိခါဝယ်လည်း၊ မဖယ်မသွေ၊ ညီညာကုန်း၍ ရုန်းကြလေ။

၆။ ဈေးကစွန့်ကြဲ၊ ကံရင်းနဲ၍၊ ဆင်းရဲခဲ့တုံ၊ ကိုယ်မလုံ၍၊ သူ့ဂုဏ်ပိုင်ပိုင်၊ မဆပ်နိုင်သော်၊ ကိုယ်တိုင်သူ့အိမ်၊ ရောက်ခဲ့ကြိမ်က၊ မထိမ်မမြှူး၊ (ဘ)ရားဖူးသို့၊ ကျေးဇူးရှိထွေ၊ သိတတ်စေ။

၇။ တယောက်စကား၊ တယောက်နားမှာ၊ မခါးရအောင်၊ သတိဆောင်၍၊ မောင်တို့ဆိုလေ၊ ပျားသကာသို့၊ ချိုလှစေ။

၈။ မတွေ့ခိုက်ရန်၊ မကျူးလွန်နှင့်၊ မျက်မာန်ဒေါသ၊ မထွက်ရအောင်၊ မာန်မာနကို၊ ချုပ်ကြလေ။

ကာယသုခ 22 (ဒုတိယအကြိမ်)

၉။ သေနှင့်အရက်၊ စီးပွားဖျက်ကို၊ တစက်ကယ်မျှ၊ မသောက်ကြနှင့်၊ ရှောင်ကြပါလေ၊ ရှင်တော်ဟောသည့်၊ အဆိပ်ရေ။

၁၀။ ကိုယ်နှင့်လည်းစာ၊သတ္တဝါကို၊ ကြင်နာလှစေ၊သူ့သက်ကိုလည်း၊ ချစ်ပါလေ။

၁၁။ သူ၏ဥစ္စာ၊သူ့ဘဏ္ဍာကို၊မေတ္တာမရှေး၊သူမပေးက၊ဆေးတအိုးမျှ မယူကြနှင့်၊ ရှောင်ကြပါလေ၊ ကာမေမိစ္ဆာ၊ သူ့အိမ်ရာကို၊ မြင်ကာခဏ၊ သူသတ်ကြူးသည့်၊ ဘီလူးမသို၊ စိတ်ကမသွေ၊ ထင်မိစေ။

၁၂။ သူ့ကိုမမှား၊ မလှည့်စားနှင့်၊ စကားစမြည်၊ မြွက်သည်စစ၊ ပြောသမျှကို၊ မှန်လှစေ။

၁၃။ အပါယ်လေးပါး၊ လားမည့်အကြောင်း၊ မကောင်းမှုမှ၊ စပ်သမျှကို၊ ရှောင်ကြပါလေ၊ ဘေ့စီစစ်၍၊ အပြစ်စုံ၊ မခြားတုံသည်၊ သေလှုံ ထုတ်ချောက် ငရဲရောက်မည်၊ ရှုံ့ကြောက်ကြ။

၁၄။ ဘုရားတရား၊ မြတ်ဖျားသံဃာ၊ အရိယာတို့၊ မကွာနေ့ည၊ ဟတ္ထအဉ္ဇလီ၊ မြှောက်ပင့်ချီသည်၊ ကိုယ်စီနေ့ည၊ ကိုးကွယ်ကြ။

၁၅။ အနိစ္စနှင့်၊ ဒုက္ခအနတ္တာ၊ လက္ခဏာသုံးပါး၊ ဤတရားကို၊ ဖွားဖွားနှုတ်ဝယ်၊ သရဇ္ဈာယ်၍၊ ကိုးကွယ်စောင့်ရှောက်၊ ဆောက်တည်ကြလေ၊ လည်တွင်ဆွဲသည့်၊ ပုလဲကွဲသို့ မြဲလှစေ။

၁၆။ စာတတ်စာသင်၊ ရှင်သာမဏေ၊ ထွေထွေကောင်းမှု၊ ပုံတခုကို၊ ပြုစုကြစေ၊ မသွေမဘောက်၊ ကြီးရာရောက်သော်၊ လျှောက်လျှောက် ပတ်ပတ်၊ သူတော်မြတ်၏၊ ကျင့်ဝတ်ပီထွေ၊ ကိုယ်ကိုထိမ်း၍၊ သိမ်းဆည်းလေ။

၁၇။ ဖုန်းတောင်းယာစကာ၊ ခံရောက်လာသော်၊ သဒ္ဓါသုံးဝ၊ ထက်လှစေ၊ ပေးစွန့်ကြသည်၊ လှူရဲစေ။

၁၈။ နောင်သံသရာ၊ ရိက္ခာအတူ၊ ကံကျေးဟူသည်၊အလှူဆိုက၊မဆုတ်ကြနှင့်၊ ရဲလှပါစေ၊ တံစက်အောက်တွင်၊ ခံသောက်ရေအိုး၊ ကျဖန်များက၊ ပြည့်ငြားသည်သာ၊ တုံးဟောင်းစာကို၊ ထောက်ပါလေ။

၁၉။ သူတော်ကောင်းနှင့်၊ ပေါင်းဘော်ယှဉ်တွဲ၊ သူမိုက်မဲကို၊ ရှောင်လွှဲပါလေ၊ ဤသူအမြတ်၊ ဤသူလတ်ဟု၊ ညစ်ပတ်ကြမ်းကြုတ်၊ ဤသူယုတ်ဟု အဟုတ်အမှန်၊ မသွေလျှန်သည်၊ ကေန်ဆတ်ဆတ်၊ လူသုံးရပ်ကို၊ သိတတ်စေ။

၂၀။ ကဲ့ရဲ့သဂြိုဟ်၊ ဆိုလည်းမထိ၊ မသတိအောင်၊ ဟိရိဩတ္တပ်၊ စောင့်ကြပ်မဆို၊ မိမိကိုယ်ကို၊ ပစ္စုဒ္ဒိုရ်ရလျှင်၊ ဖြစ်လိုဖြစ်စေ၊ ငါမထေဟု၊ သရေမဆောင်၊ လူမှုန်းအောင်လျှင်၊ မောင်တို့ မကျင့်ကြလေနှင့်။

၂၁။ ငြိမ်သက်ဣန္ဒြေ၊ တည်ကြည်ထွေဖြင့်၊သန္တေကောင်းမွန်၊တော်လွန်မှန်လျက်၊ စိတ်မှာမနှောင့်၊ နှုတ်လက်စောင့်သည်၊ သူကောင်းသွေးရေ ပီလှစေ။

၂၂။ ရပ်သူရွာသား၊ သူကောင်းများနှင့်၊ နားမှာမဆံ့၊ မခံ့မလေး၊ သူမုန်းဆေးလျှင်၊ ဆဲရေးညစ်ညမ်း၊ ကိုယ်လက် နွမ်းအောင်၊ မသွမ်း မကျင့်ကြလေနှင့်။

၂၃။ မုန်းဘွယ်လည်းတတ်၊ မျောက်မျက်စိကို၊ မျက်စဉ်းခပ်သို့၊ လျှပ်လျှပ်ပေါ်ပေါ်၊ လော်လော်လည်လည်၊ မတည်မျောက်နှယ်၊ စက်ဆုပ်ဘွယ်ဟု၊ သည့်နှယ်မဆိုရစေနှင့်။

၂၄။ ကွယ်ရာမရွေး၊ မျက်နှာဝေးက၊ တွေးလေကြံဘိ၊ မိမိသဘောသို့ကျင့်သောဟု၊ ပြောရလူချင်း၊ မေတ္တာကင်းအောင်၊ သတင်း မပုပ်ပါစေနှင့်။

၂၅။ အရောင်းအဝယ်၊ အသွယ်သွယ်လျှင်၊ လိုဘွယ်ရရန်၊ ဘိုးထိုက်တန်လျှင်၊ မှန်သည်ကိုလိုက်၊ လောဘတိုက်၍၊ လူမိုက်မဆိုရစေနှင့်။

၂၆။ နှလုံးသည်းခြေ၊ သန္တေလည်းတန်၊ မမှန်စကား၊ လူဖြစ်မှားဟု၊ အများမဆိုရစေနှင့်။

၂၇။ မခြောင့်မသား၊ မတရားကို၊ လားလားဤသူ၊မပြုဟူ၍၊ဗိုလ်လူခပ်သိမ်း၊ မေတ္တာလိမ်းသည်၊ ချီးမွမ်းဆိုထွေ၊ ရတတ်စေ။

၂၈။ အတည်အကျွေး၊ အပေးအကမ်း၊ သေခမ်းရှင်ခမ်း၊လူတို့တမ်းကို၊ အော်အမ်းနိုင်ထွေ၊ လောကဝတ်ကို၊ သိတတ်စေ။

၂၉။ ရဟန်းသံဃာ၊ အရိယာသူတော်ကောင်း၊ အပေါင်းစည်းဝေး၊ ပြောရေးဆိုတမ်း၊ ပွဲလမ်းကြုံငြား၊ အသွားအလာ၊ လှူဒါန်းခါလည်း၊ လက်ျာဘက်က၊ အင်္ကျီလက်ကို၊ တဘက်ချလျက်၊ ကပ်ထအပေါ်း၊ ဝပ်လျှိုး သွား၍၊ ကျောင်းသားပီထွေ၊ ယဉ်ကျေးစေ။

၃၀။ ကြီးသူတဖြာ၊ ပညာရှိအား၊ သူတော်ကောင်းများနှင့်၊ စကားထွေလာ၊ ပြောသောခါလည်း၊ ဗျာဗျာကျွန်ုပ်၊ ပုဆစ်တုပ်လျက်၊ ဖုံးအုပ်ခြေလက် လွန်ငြိမ်သက်သည်၊ ကျောင်းထွက်လူပေ၊ ဆိုရစေ။

၃၁။ အဌာရသ၊ သိပ္ပမကြွင်း၊ နှလုံးသွင်း၍၊ အခင်းအရာ၊ ရှိသော ခါလည်း၊ နှုတ်ပါလက်ရေး၊ ဇယ်ထောင်သောင်းကို၊ ဒိုးကောင်းပြေးသို့၊ လူရေးလူရာ၊ ပီလှစေ၊။

၃၂။ အပေါ်အလွှင်၊ ပျော်ရွှင်မပါး၊ လောင်းစားကြက်ငှက်၊ မလေ့ ကျက်နှင့်၊ အသက်မွေးမှု၊ တခုခုကို၊ လုပ်မှုဆောင်ခင်း၊ မပျင်းမရိ၊ မိမိတို့တွင်၊ အကြင်လက္ခဏာ၊ လူမှုသာလျှင်၊ ဥစ္စာရကြောင်း၊ အရောင်း အဝယ်၊ ကုန်စလယ်သွား၊ မနေနားဘဲ၊ ပျားပိတုန်းတူ၊ ဝတ်ရက်ယူသို့၊ လူစဉ်မှီအောင်၊ ကြိုးစားလေ။

၃၃။ အသုံးအဆောင်၊ အိမ်ထောင်ခမ်းနား၊ အပါးပါးကို၊ ပြန့်ပွား လေအောင်၊ ကြောင်-ပုဇွန်စား၊ ကျွတ်ကျွတ်ဝါးသို့၊ ယောကျ်ားပီထွေ၊ ဝီရိယနှင့်၊ လုံ့လကိုလည်း၊ ရှိလှစေ။

၃၄။ သူ၏စီးပွား၊ ငါ့စီးပွားကို၊ ထောက်ထားမိစေ၊ ကြီးလေဘကို မျှတစေ။

၃၅။ မမွှေမနှောက်၊ မကောက်မကျစ်၊ မလိမ်လစ်ဘဲ၊ မစဉ်းလဲနှင့်၊ စိတ်ထဲဖြောင့်စေ၊ သူ့ကျင့်ကိုလည်း၊ သိတတ်စေ။

၃၆။ ဟုတ်သောအကြံ၊ မှန်သောအကျင့်၊ သင့်သောအယူ၊ ဖြူသော နှလုံး၊ သူတော်ထုံးကို၊ စွဲသုံးသောထွေ၊ မှန်လှစေ။

၃၇။ ကျိုးကြောင်းစကား၊ ပြောဆိုငြားသော်၊ လျင်လျားဆွေးနွေး၊ ဆိုရေးလိမ္မာ၊ ပညာရှိအား၊ ကိုယ်တိုင်သွား၍၊ စကားလိုက်လျော၊ စစပြော၍၊ နှိုးနှောလေ။

၃၈။ ငါ၏စိတ်တွင်၊ ထင်၏မလွဲ၊ လိပ်ခဲတည်းလည်း၊ဟုတ်အည်းကေန်၊ အာမသန်နှင့်၊ မှန်သည်တစေ၊ မရှိချေက၊ မှတ်ဘွယ်မှတ်ရာ၊ ထိုထိုစာကို၊ ရှာ၍မပြတ်၊ အိမ်တွင်ဘတ်။

၃၉။ ဘတ်ပြန်သော်ကား၊ ဘတ်ဖန်များက၊ သားမယားပင်၊ မိုက်မှား ခဲ့စွာ၊ မလိမ္မာလည်း၊ စာပေစကား၊ နေ့တိုင်းကြားက၊ ထူးခြားလိမ္မာ၊ ရှိသည်သာတည့်၊ နားမှာမဝင်၊ မသိမြင်က၊သမင်ကျွဲနွား၊တောင်သူလားသို့၊ မပွားပညာ၊ မလိမ္မာဘဲ၊ မိစ္ဆာစိတ်ခိုင်း၊ သူထိုင်းမှိုင်းသည်၊ ရိုင်းစိုင်း တောင်သူ၊ မိလက္ခူနှင့်၊တူလိမ့်မည်။

၄၀။ ရင်ဝယ်ဖြစ်ငြား၊ မွေးသည့်သားကိုမယ်ဘွားမိခင်၊ ဆုံးမသင်သို့၊ အကြင်ဆရာ၊တို့သူငါကို၊ လိမ္မာစေကြောင်း၊ ကောင်းပါစေလို၊ သို့ပါသမျှ၊ ဩဝါဒကို၊ နားမျှမထောင်၊ မကြားယောင်သို့၊ မောင်တို့ပြုက၊ယခုပစ္စုပ္ပန်၊ နောင်သံသရာ၊ ဆက်များစွာ၌၊ ချမ်းသာမည့်ရေး၊ အလွန် ဝေးသည်၊ သေဘေးမလွဲ၊ ဝဋ္ဋဆင်းရဲမှ၊ ရွှေခဲဘယ့်နှယ်၊ အသွယ်သွယ်ကို၊ လွဲဖယ် ကြံစည်၊ လွတ်ပါမည်။

၄၁။ နားလည်စေကြောင်း၊ သို့ကျင့်ကောင်းစွ၊ သောင်းပြောင်းနှံ့စပ်၊ သည်တိုင်းမှတ်ဟု၊ ထေရ်မြတ်ဆရာ၊ ရဋ္ဌသာလျှင်၊ပညာရကြောင်း၊ ဉာဏ်နှင့် လောင်း၍၊ ရုံးပေါင်းဆင်ခြင်၊ ဆုံးမသင်သည်။ ။ဤတွင် တခန်း ပြီး၏သော်။

ရှင်မဟာရဋ္ဌသာရဆုံးမစာပြီး၏။

---

# ဣန္ဒိပါဒ် (၂၆)

## ရှင်မဟာသီလဝံသဆုံးမစာ

၁။ တိလောကဟု၊ မရနိုင်းတူ၊ ဘက်မပြုသည်၊ သုံးဆူရတနာ၊မာတာ ပိတ၊ ဆရာစသား၊ အရှင်များကို၊ပြစ်မှားမဆို၊ ရိုသေကြစေ၊ သာမဏေက၊ သူငယ်စသား၊ တပည့်များတို့၊ မှတ်သားကြပ်ကြပ်၊ မပြတ်သို့ပင်၊ ဆုံးမ သင်သည်၊ဝမ်းတွင်အမြဲသွတ်။

၂။ ဂယောက်ဂယက်၊ကျက်ကျက်ပျောက်ပျောက်၊စားသောက်အိပ်နေ၊ မရှိစေနှင့်၊ သေသေသပ်သပ်၊စိတ်ယူစွဲ၍၊အမြဲမှတ်။

၃။ ဆရာသမား၊ မိဘအားကို၊ နှိုးကြားမပြတ်၊ မျက်သစ်ဒန်ပူ၊ လုံ့လ ကူသည်၊ ယူ၍မပြတ်၊ နေ့တိုင်းကပ်။

၄။ ဘုရားခြေရင်း၊ ကျောင်းတလင်းတွင်၊ မြက်သစ်ပင်ကို၊ မြင်လျှင် မဖွယ်၊ မတင့်တယ်သော်၊ လှည့်ဖယ်မပြတ်၊ တံမြက်ခတ်။

၅။ သုံးဆောင်ရေနှင့်၊သောက်ရေအိုးတွင်၊ ရေနည်းမြင်သော်၊ခေါ်ငင် ညီညွတ်၊ သွား၍ခပ်။

၆။ ခရခပ်သွားလည်း၊ ကစား၍သာမနေနှင့်၊ ကစား၍သာ၊ ရေမှာ ကြာသော်၊ သဲဒဏ်,ရေဒဏ်၊ ပေးရမှန်သည်၊ ခံမည်သာ ကြံလော၊ မင်းတို့ကျော။

၇။ နေ့ညနံနက်၊ ကိန်းစက်မွေရာ၊ သင်ဖြူးဖျာကို၊ ခင်းကာယူငြား၊ ခေါက်သွင်းထား။

၈။ သင်္ကန်းသပိတ်၊ ပရိက္ခရာ၊ ကြွသွားခါသော်၊ ယူရာသည်မျှား၊ ပြင်၍ထား။

၉။ ခရီးပန်းပင်၊ လာသည်မြင်သော်၊ အလျင်လှမ်းယူ၊ ဝတ်သင်္ကန်းကို၊ ချွေးစွန်းမူကား၊ နေပူဖြန့်လှန်း၊သွင်းခေါက်ထား။

၁၀။ ရေချမ်းကပ်လျက်၊ ခြေလက်ဆုပ်နယ်၊ မူကြီးငယ်ကို၊ လွဲဖယ် မသွား၊ ယပ်လေခပ်၍၊ နေထံပါး။

၁၁။ ကိုယ်လက်ဖိန်း၍၊ ကျိန်းစက်သောခါ၊ တစာစာနှင့်၊ ပြာပြာ လောင်လောင်၊တဟောင်ဟောင်သည်၊ခေါင်ခေါင်ကြမ်းကို၊ မနင်းနှင့်။

၁၂။ ရှိုင်းစိုင်းနီးကပ်၊မကိုင်းညွတ်ဘဲ၊ မတ်ဘတ်တိုး၍၊ မသွားနှင့်။

၁၃။ စားဘွယ်စားရာ၊ ကပ်သောခါလည်း၊ ချဉ်းလာနီးစေ၊ ခြေစုံ နေ၍၊ ရိုသေကိုင်းညွတ်၊ ချဉ်း၍ကပ်။

၁၄။ ဘုဉ်းပေးဆိုတမ်း၊ ရဟန်းတို့အား၊ စားမည်လားဟု၊ စကား သည့်နှယ်၊ မမေးနှင့်။

၁၅။ မိဦး,ဘဦး ဆရာ့ဦးကို၊ ခူး၍အလျင်၊ မစားနှင့်။

၁၆။ မိဘဆရာ၊ ထားသည့်ဟာကို၊ မျက်နှာကွယ်လျှင်၊ မယူငင်နှင့်၊ လိုချင်သောအား၊ စားချင်ငြားက၊ ဝပ်တွားခယ၊ တောင်းပါကြ။

၁၇။ သပိတ်ဆွမ်းခွက်၊ ဆောင်ရွက်မပြတ်၊ ဆွမ်းဟင်းဗျပ်ကို၊ ပွတ်တိုညစ်ကြေး၊ မှုမှေးမတင်၊ စင်အောင်ဆေး။

၁၈။ ကျောင်းတွင်,အိမ်တွင်၊ မသန့်စင်၍၊ မြင်သည့်ရှိသော်၊ ယူငင်သိမ်းဆည်း၊ အထည်းသိုငြား၊ ကောင်းကောင်းထား။

၁၉။ အမှုနည်းများ၊ ခန့်ထားရှိသော်၊ တခွန်းသော်က၊ ကြားသော်ခဏ၊ ချဉ်းကပ်ကြ။

၂၀။ ကိစ္စရှိငြား၊ သွားသည်များကို၊ လျင်လျားစွာ၊ လာပါကြ။

၂၁။ ဖျားနာကျောင်းတွင်၊ ရှိခဲ့လျှင်သော်၊ ကြင်ကြင်နာနာ၊ ညီညာဖြဖြ၊ ဆေးဝါးပေး၍၊ လုပ်ကျွေးကြ။

၂၂။ သီတင်းသုံးချင်း၊ ချစ်ဟုန်ပြင်းသည်၊ ပဥ္စင်းနှင့်ရှင်၊ ညီတွင်အစ်ကို၊ လွန်ကြည်ညိုသည်၊ ငါတို့အဘ၊ မှတ်ပါကြ။

၂၃။ အသက်ကြီးငယ်၊ ဝါကြီးငယ်ကို၊ လွှဲဖယ်မသွေ၊ နှိမ့်ချလေ။

၂၄။ ရှိသေတုပ်ကွ၊ ဆည်းကပ်ကြလျက်၊ နေ့ညကြည်ဖြူ၊ နည်းခံယူ၍၊ ကြီးသူခေါ်က၊ ကြွကြွလည်းလာ၊ ဗျာဗျာကျွန်ုပ်၊ ပုဆစ်တုပ်လျက်၊ ဖုံးအုပ်ခြေလက်၊ လွန်ငြိမ်သက်သည်၊ ကျောင်းထွက်သူပေ၊ဆိုရစေ။

၂၅။ တရားပေစာ၊ ဟောသောခါလည်း၊ နှုတ်မှာမစောင့်၊ တထောင့်စကား၊ တဟားဟားသည့်၊ ရိုင်းကားမိုက်မဲ၊ မပြောနှင့်။

၂၆။ လှူဘွယ်ဒါန်းဘွယ်၊ ကြီးငယ်တည်တည်၊ ရောက်လာသည်ကို၊ လှယ်ကာခဏ၊သူ့ခွက်ယောက်ကို၊မပျောက်နေ့ည၊ ပေးလိုက်ကြ။

၂၇။ ကွမ်း, ဆေး, မီးလျှင်၊ ညှော်သည်မြင်သော်၊ အလျင်ခဏ၊ တည်ပါကြ။ ။(ဘုန်းကြီးရဟန်း ပယောဂ မပါစေရ)

၂၈။ မင်းသွား–ငါသွား၊ ငြင်းခုံပွားအောင်၊ စကားတောက်ဆတ်၊ မဆိုအပ်။

၂၉။ မပြတ်မချာ၊ သူလည်းလာ၍၊ ငါ၏ထံပါး၊ စေစားရ၍၊ နေပါကြ။

၃၀။ ရဟန်းသဃ်၁၊ တည်းခိုလာသော်၊ သင့်ရာအထူး၊ သင်ဖြူးဖျာနှင့်၊ လာ၍ဖြပြ၊ ခင်းကုန်ကြ။

၃၁။ ပရိသတ်လည်း မပြတ်ကျောင်းတွင်၊ ရှိလျှင်တထွေ၊ တပည့်တွေကို၊ တပြည်တရွာ၊ သွားသောခါလည်း၊ ညီညာလျှောက်ပတ်၊ လက်ကတော့ကို၊ ကောင်းကောင်းထိုးကုန်လတ်။

၃၂။ မလျှပ်မပေါ်၊ ခေါ်လျှင်လည်းရ၊ ထကြွမွေ့သိမ်၊ ဣန္ဒြေနှင့်၊ ငြိမ်ငြိမ်နေဘိ၊ မျက်စိမငြိမ်းနားမငြိမ်းသည့်၊ ဟိန်းဟဲ့မဆိုရစေနှင့်။

၃၃။ မျက်မှောက်ကောင်းငြားပြင်တပါးမှုတခြားမကျင့်ကြလေနှင့်။

၃၄။ မတင့်တယ်ငြား၊ ရန်စကားဖြင့်၊ ထွေပြားပွေလီ၊ တစီစီနှင့်၊ တဟီဟီသည်၊ ကျီစား၍လည်း၊ မနေနှင့်။

၃၅။ ဟီနနုတ္တ၊ မဆဲကြနှင့်၊ ကြီးက-ငယ်သည်၊ နင်-ဟယ်ကိုမျှ၊ မဆိုကြနှင့်၊ ရန်စချုပ်ချည်၊ ရှောင်လွှဲဖည်၍၊ သတ်မည်ကိုထား၊ လက်ဖျားနှင့်မျှ၊ မတို့ကြနှင့်၊ ချစ်ခင်ရိုသေ၊ အချင်းချင်းကို၊ သင့်တတ်စေဟု၊ မအေ,ဘရင်း၊ တဝမ်းတွင်းသို့၊ သားရင်းတူကွ၊ မှတ်ကုန်ကြ။

၃၆။ သင်္ကန်းအဝတ်၊ ချွတ်သားပစ်ခလေ၊ မရှိသေ၍၊ ကလေကဝ၊ စုတ်ရှလတ်လည်း၊ သူ့အဝတ်ကိုမဝတ်နှင့်။

၃၇။ တယောက်ကိစ္စ၊ ကိုင်တွယ်ကြသော်၊ ခြေကြွလက်သာ၊ မနေရာသည်၊ တတ်ပါသမျှ၊ ညီညာကြ။

၃၈။ ဆရာ့နေခင်း၊ အင်ပျဉ်းညောင်စောင်း၊ လည်းလျှောင်းဘုံလျှို၊ ထိုထိုထက်မှာ၊ မနေရာသည်၊ မြင့်ရာမသင့်၊ မထိုင်နှင့်။

၃၉။ ရှေ့က စူးစူး၊ ဒူးလက်ကို ထောင်၊ ထိုင် ဆောင့်ကြောင့်နှင့် ပေါင်ထောင်လက်ကား၊ အပါးကြုပ်ကြုပ်၊ မနေအပ်။

၄၀။ ရှင်နှင့်သူငယ်၊ သောက်ရေအိုးကို၊ တခြားတယ်၊ သုံးဘွယ်မသင့်၊ ကျောင်းဦးရေကို၊ မသောက်နှင့်။

၄၁။ ကြီးသားငယ်သူ၊ ရှင်လူကစ၊ ဟူသမျှလည်း၊ မိဘဆရာ၊ ဘယ်မှာမမှတ်၊ ယုတ်မြတ်မသိ၊ ကျိုးမရှိဘဲ၊ မိမိကိုသာ၊ ဝေဒမနာလျက်၊ ဆတက်လွန်စွာ၊ တို့သူငါကို၊ မပါမည်လား၊ ဘယ်ခံ့ညားဟု၊ တုတုပပ၊ ပြစ်မှားကြလျှင်၊ မိဒဏ်,ဘဒဏ်၊ ဆရာ့ဒဏ်ကို၊ ခံရလိမ့်မည်၊ မယှဥ်းခွ။

၄၂။ ရဟန်းသင်္ဃာ၊ အရိယာကို၊ လူသာမကောတို့၊ ကြို့ကြို့ငွဲငွဲ၊ ကဲ့ရဲ့ကျီစား၊ လှည့်စားမပြု၊ တုဘက်မဆို၊ ရှိသေကြစေ၊ မြွေပွေးမြွေဟောက်၊ မထိစောက်သို့၊ ရှောင်ကြောက်စေ။

၄၃။ မွေ့တော်ခေတ်တော်၊ရုပ်တုတော်ကို၊ဖူးမြော်မပြတ်၊ ရွှေကျောင်းဦးမှာ၊ဖြည့်ကြဝတ်တက်၊နံနက်မိုးသောက်၊ချိန်ခါရောက်သော်၊ဝတ်လျှောက်မပျက်၊ လက်အုပ်တင်ထား၊ ဘုရားတရားသင်္ဃာ၊ ရတနာသုံးပါး၊ဂုဏ်တော်များကို ကြိုးစားလုံ့လ၊ ဆောက်တည်ကြ။

၄၄။ ငါကားသည်စာ၊ သည်ဂါထာကို၊ မြဲစွာကြပ်မတ်၊ ဆရာအပ်သော်၊ တတ်လှစေချင်၊ ငါ့ကိုသင်ဟု၊ ထိပ်တင်လည်းရွတ်၊ လျှင်လျှင်ရအောင်၊ ကြိုးစားကျက်။

၄၅။ အချိန်တန်၍၊ စာအံဆိုလျှင်၊ မရွှင်မျက်နှာ၊ မသာမချို၊ ထိုထိုအကြံ၊ ကြီးစွာဘန်၍၊ မအံတခါ၊ အံဘာခါနှင့်၊ မျက်နှာဘပါး၊ စာတခြားလည်း၊ စကားပြောဟော၊တသောသောသည်၊ ရယ်မော၍လည်း၊မနေနှင့်။

၄၆။ မပြတ်အသံ၊ တညံညံသည်၊ စာအံစာဘတ်၊ ကြပ်ကြပ်မြဲမြဲ၊ 'သည်'လည်း'ညသတ်'၊ ပြတ်ပြတ်သားသား၊ စကားဆိုထွေ၊ ပီလှစေ။

၄၇။ သင်ပုန်ထန်းရွက်၊ပေထက်စီကာ၊ရေးသောခါလည်း၊အက္ခရာကို၊ သေချာလှစေ၊ စားလုံးကိုလည်း၊ လှလတ်စေ။

၄၈။ မပျင်းမရိ၊ လုံ့လရှိ၍၊ သတိအထဲ၊ အရိုးစွဲအောင်၊ တဖောင်ဖောင်လျှင်၊ သန်းခေါင်ညဥ့်နက်၊သင်ကျက်သမျှ၊စကုန်စေ၊နေ့ကိုအလွတ်၊ ရွတ်နိုင်စေ။

၄၉။ ရဟန်းမောင်ရှင်၊ သူငယ်သွင်သို့၊ မသင်မရွတ်၊ မဘတ်စာပေ၊ မရေမရာ၊ နေ့သာကုန်ငြား၊ ရက်သာများအောင်၊ စကားဖောင်ဖွဲ့၊ တို့လှဲ့ကျယ်ပွား၊ စကားပြောဟော၊ တသောသောသည်၊ ရယ်မော၍လည်း မနေနှင့်။

၅၀။ တယောက်တခြား၊ စကားမဆို၊ ကိုယ်စီကိုယ်င၊ သင်ပုန်းပေမှား လက်မကွာအောင်၊ စာရေးကြ။

ကာယသုခ 23၂ (ဒုတိယအကြိမ်)

၅၁။ နွားပန်းဆံနှင့်၊ နောက်ဆံလည်းထား၊ ဖြူထွားခေါင်းပေါင်း၊ နွားဒေါင်းဝတ်ကာ၊ ပန်းပန်ကာနှင့်၊ သီကာမြူးရှင်၊ ရွှေငွေဆင်၍၊သင်တို့သည့်နှယ်၊ မကျင့်နှင့်။

၅၂။ သက်နှိုးမှာလဲ၊ ပိန္နဲအပြင်၊ လှစေချင်၍ လွှင်လွှင်ပပ၊ ပြုကြမသင့် နန္ဒင်းဆိုးနှင့်၊ တိမ်းညက်ဆိုးကို၊ မဝတ်နှင့်။

၅၃။ ဒသသီဆယ်ပါး၊ ဘုရားမုခပါဠ်၊ရှင်ကျင့်ဝတ်ကို၊စောင့်ကြမြဲထွေ ညီလှစေ။

၅၄။ ရှေးဆရာမွန်၊ သီလဝံသ၊ ထေရ်ဂုဏ၏၊ နှံ့မျှအကျော်၊ မိန့်တော် နှုတ်ထွက်၊ဆုံးမချက်ကို၊ သက်သက်သာသာ၊ပါဠ်ဂါထာနှင့်၊လက်ာမဟုတ်၊ ကျမ်းရိုးထုတ်ကို၊ နှုတ်ဖြင့်မှတ်မည်၊ ခက်လှသည်ကြောင့်၊ ရမည်မှန်စွာ၊ လွယ်ပါစေကြောင်း၊ စိတ်ဖြင့်ကြံ၍၊ဉာဏ်ဖြင့်လောင်းသည်၊ကောင်းကောင်း ကျက်မှတ်ကြလေကုန်။

၅၅။ ဗဟုသုတ၊ တတ်ပချင်လျှင်၊ သင်သာခိုက်ကို၊ သင်လိုက်ကြ။

၅၆။ သို့ပင်တစေ၊ မနေရသာ၊ ကျောင်းက ခွာသော်၊ နောင်ခါ နောင်တ ရှိတတ်စွ။

၅၇။ အတတ်ပညာ၊တတ်မှသာလျှင်၊ ကျောင်းမှာနေကျိုးနပ်မည်ပ။

၅၈။ ဆုံးမစကား၊ ဆိုသည်များကို၊ မှတ်သားငမ်းထဲ၊ စိတ်မစွဲလျှင်၊ သဲဒဏ်ရေဒဏ်၊ ပေးရမှန်သည်၊ ခံမည်သာကြံလော၊ မင်းတို့ကျော။

၅၉။ ယခုအခါ၊ သာသနာမူ၊ လူဖြစ်မည်မျှ၊ ရခဲလှ၏၊ လူမှသာမဏေ ဖြစ်ပေမြတ်ခြင်း၊ ပဉ္စင်းသဃ်ာ၊ ဖြစ်ပြန်ပါမူ၊ လိုရာမရှိ၊ မြတ်ခေါင်ထိပ်ဟု၊ သိကြပါစေ၊ သည့်ထက်သည်သာ၊ မြတ်ရာသို့သာ၊ လှမ်းပါလေ။

၆၀။ ရှင်သီလဝံသ၊ထေရ်ဂုဏ၏၊ဆုံးမစကား၊ မနာကြားက၊ လားလိမ့် ပါယ်ရပ်ရွာ။

၆၁။ ပစ္စုပ္ပန္န၊ ခုဘဝ၊ နေရကိုယ်ထိးသာ။

၆၂။ ပညာမရ၊ လျှပ်ပေါ်လှ၊ သူများနောက်လိုက်သာ။

၆၃။ နောက်လိုက်ဝန်ထမ်း၊ လူညစ်နွမ်း၊ ဝမ်းမျှမဝပါ။

၆၄။ မျက်နှာညှိုးပါး၊ လူ့ငနွား၊ အများစေစားရာ။

၆၅။ စေစားလေလေ၊ ပိုးမသေ၊ ခြေနှင့်ကျောက်စရာ။

၆၆။ ခြေကျောက်ပါးတီး၊ လူမိုက်ကြီး၊ နှုတ်သီးတစာစာ။
၆၇။ ဘယ်ငှာကိုမျှ၊ စွဲမရ၊ တလွှရှုံဘွယ်သာ။
၆၈။ ဝတ်ရာတောင့်တ၊ ဝမ်းမဝ၊ ချေးရသူ့ဥစ္စာ။
၆၉။ ရကာသော်ကား၊ ငတောင်းစား၊ ရှောင်ရှားနေလေပါ။
၇၀။ တောမှာပုန်းအောင်း၊ မိုးလေခေါင်း၊ ပြောင်းရွှေ့ရပ်ဝေးစွာ။
၇၁။ ရပ်ရွာတပါး၊ ရောက်တုံငြား၊ လားလားမလုပ်ပါ။
၇၂။ ပမာသွင်သွင်၊ တွေ့လေမြင်၊ ကိုင်ငင်ထိုးတွန်းကာ။
၇၃။ ကျင်နာရိပ္ပွပ်၊ တလျှပ်လျှပ်၊ ရက်ပြတ်ငတ်ဘို့ပါ။
၇၄။ ရှာဘွေချေးငှား၊ မရငြား၊ သွားချခိုးလေပါ။
၇၅။ ခိုးခါမိလေ၊ ထိုးခုတ်သေ၊ ကျလေပါယ်ရပ်ရွာ။
၇၆။ ဤစာရွေကျမ်း၊ ဆုံးမခန်း၊ ရဟန်းလူရှင်၊ လွန်ကြည်လင်၊
ထင်လိမ့်ယခုခါ။
၇၇။ ဝါယာလုံ့လ၊ ကြိုးပမ်းက၊ ရလိမ့်ဉာဏ်ပညာ။
၇၈။ လိမ္မာသိတတ်၊ လောကဓာတ်၊ တတ်လိမ့်များဂုဏ်အင်။
၇၉။ သိမြင်ကျမ်းဂန်၊ သူ့ထက်လွန်၊ ဂုဏ်မွန်အများထင်။
၈၀။ ရှင်လူအများ၊ လွန်ခံ့ညား၊ သိကြားနတ်အသွင်။
၈၁။ ရှင်ရှင်လန်းလန်း၊ ပွင့်သစ်ပန်း၊ မန္တမ်းမျက်နှာမြင်။
၈၂။ မြင်မြင်သမျှ၊ ကြည်ညိုကြ၊ သိပ္ပဂုဏ်မြတ်ရှင်။
၈၃။ လိုအင်ပြည့်စုံ၊ ရောက်လာပုံ၊ ဂုဏ်ကြောင့်လွန်ပေါ်ထင်။
၈၄။ ရပ်ခွင်တပါး၊ ပြောင်းလည်သွား၊ ဘိုးများကျောက်အသွင်။
၈၅။ ကောင်းကင်မိုးဝ၊ ရောင်ထွန်းပ၊ လပြည့်ဝန်းအသွင်။
၈၆။ သံသရာဘဝ၊ ပြောင်းလှည့်ကြ၊ ဒေဝနတ်ဘုံတွင်။
၈၇။ များဖြင်နတ်ပေါင်း၊ ရံသိန်းသောင်း၊ လောင်းဘော်နတ်အသွင်။
၈၈။ ပဥ္စင်ငါးမည်၊ နတ်တို့စည်၊ မြည်သည်မဆုံးအင်။
၈၉။ ဒေဝကညာ၊ ဆင်းကလျာ၊ ရပ်လာပတ်ကုံးအင်။
၉၀။ ပျော်ရွှင်စံစား၊ လွန်ရှည်လျား၊ ဘုရားမိတေတွင်။
၉၁။ အလျင်လက်ဦး၊ သူ့ထက်ထူး၊ ဖူးရမချွတ်ပင်။
၉၂။ ပဥ္စင်းညီနောင်၊ လူနတ်မြောင်၊ အောင်လိမ့်နိဗ္ဗာန်ခွင်။

၉၃။ ပြီးပေစသတ်၊ ဆုံးမအပ်သည်၊ ကျမ်းမြတ်လင်္ကာ၊ ထေရ်မဟာလျှင်၊ မိန့်မှာသည့်တိုင်း၊ အားသန်လှိုင်း၍၊ နေ့တိုင်းလို့လ၊ ထုတ်ကောင်းကြသည်၊ များလှဖြာဖြာ၊ သိသာတပည့်၊ မမေ့စေရ၊ နှုတ်ထည်းကလျှင်၊ ထုတ်ပြသချာ၊ အရာရာကို၊ စိတ်မှာမှတ်ထား၊ ယူတုံငြားမှ၊ မခြားနိဗ္ဗူ၊ မှာကမ်းငူသို့၊ လွယ်ကူရောက်ကြောင်း၊ မြတ်ရေလောင်းသည်။ ။အပေါင်းသိသာ၊ မှတ်ကုန်ကြ။

ရှင်မဟာသီလဝံသဆုံးမစာ ဤတွင်ရွှေပြီးပြီ။

---

# ဣဒ္ဒိပါဒ်(၂၇)

## တောင်ဘီလာဆရာတော်ဆုံးမစာ

### ဖျက်စု-၂၀

၁။ စေတီမှန်းထား၊ မြတ်ဘုရား၊တည်ထားကောင်းလျက်၊ညောင်ပင်ဖျက်သည်။

၂။ မြစ်မ ရေနက်၊ သောင်ပြင်ဖျက်သည်။

၃။ မင်း,ကောင်းပါလျက်၊ အမြောင်ဖျက်သည်။

၄။ လက်စုံစား၊ မယားကောင်းလျက်၊ အပြောင်ဖျက်သည်။

၅။ မောင်းသွင်းခူနင်း၊ ရေလျှင်သွင်း၊ပျိုးခင်းကောင်းလျက်၊မြောင်တောင်ဖျက်သည်။

၆။ လက်ဆက်တကူ၊ လှေ,မူခိုင်လျက်၊ မီးပိုးဖျက်သည်။

၇။ လက်တီးကြမ်းပြင်၊ ဆင်ဝင်ကောင်းလျက်၊ ဝလင်းဖျက်သည်။

၈။ ဣတ္ထိယမူ၊ ရုပ်ကောင်းလျက်၊ ဆံထုံးဖျက်သည်။

၉။ ဓမ္မသတ်တရား၊ ရှိပါငြားလည်း၊ တိမ်းပါးငဲ့ကွက်၊ လက်ဆောင်ဖျက်သည်။

၁၀။ ရဟန်းတရား၊ ကျင့်ပါငြားလျက်၊ အစားဖျက်သည်။

၁၁။ သီလငါးပါး၊ ကျင့်သူအားကို၊ စီးပွားရမက်၊လောဘဖျက်သည်။

၁၂။ သုခမိန်ဟူ၊ ကျော်ရှိန်နှံ့သိ၊ ပညာရှိ၊ ကြီးဘိအမျက်၊ ဒေါသ ဖျက်သည်။

၁၃။ တိုက်နှင့်ကျီကျ ထုပ်လျှောက်စသည်၊ ခိုင်လှပေလျက်၊ပေါင်းကွပ် ဖျက်သည်။

၁၄။ ပြည်ရွာတိုင်းကား၊ စည်ပင်ငြားလည်း၊ ခေါင်းပါးခေါင်လျက်၊ စပါးဖျက်၏။

၁၅။ ပဋ္ဋင်တူရိယာ၊ နှဲခရာ၊ သာယာပေလျက်၊ လင်းကွင်းဖျက်သည်။

၁၆။ လက်သင်လျှော်ကား၊ လှော်ပေငြားလည်း၊ အသွားကောင်း လျက်၊ လှေပွဲဖျက်သည်။

၁၇။ ဘောဇဉ်ငါးပါး၊ ပျားအရသာ၊ ကောင်းပါပေလျက်၊ ဆားငန် ဖျက်သည်။

၁၈။ ဆီမီးတန်ဆောင်၊ ဝင်းပြောင်ပေလျက်၊ လေဆိုးဖျက်သည်။

၁၉။ ဣတ္ထိယမူ၊ ရှုပလက္ခဏာ၊ ကောင်းပါပေလျက်၊ ရောဂါနှိပ်စက်၊ အနာဖျက်သည်။

၂၀။ သူကောင်းဖြစ်ငြား၊ မူထားကောင်းလျက်၊အပေါင်းဖျက်သည်။

• ခက်ဂု - ၂၄

၁။ တင်ပေဘူးသည့်၊ ကျေးဇူးရှိလျက်၊ အဆပ်ခက်။

၂။ မယားရှိလျက်၊ အလှည့်ခက်။

၃။ ညှော်သည်ညစ်နှက်၊ အအိပ်ခက်။

၄။ ပစ်ခွါခဲ့လျက်၊ အပြန်ခက်။

၅။ လာခဲ့ခေါ်လျက်၊ အနှင်ခက်။

၆။ ပေးပါပြီးလျက်၊ အယူခက်။

၇။ ချောင်းရေလျှံတက်၊ အကူးခက်။

၈။ ရင်ဆိုင်တွေ့လျက်၊ အပြေးခက်။

၉။ သံသာချိုမြက်၊ စကားခက်။

၁၀။ ကြောက်လန့်ပြေးတက်၊ အဆင်းခက်။

၁၁။ ကန့်ကူကျောက်ထွက်၊ အရေးခက်။

၁၂။ မျဉ်းတန်ကောက်လျက်၊ အသားခက်။

၁၃။ သန္ဓေပြည့်နှက်၊ ဆေးကုခက်။
၁၄။ ခရီးညွန့်ထက်၊ အသွားခက်။
၁၅။ တံတားကျိုးပျက်၊ အလျှောက်ခက်။
၁၆။ ရေအိမ်ပြိုပျက်၊ အပြင်ခက်။
၁၇။ သွားမြေးဆိုးလျက်၊ အစွန့်ခက်၊
၁၈။ ထွေးပြန်ပြီးလျက်၊ အမျိုခက်။
၁၉။ မြတ်သည့်သုံးပါး၊ မှန်းထားပြီးလျက်၊ အသုံးခက်။
၂၀။ ဆူး,ခြောင့်,တွင်းကျင်း၊ကျုံးတွင်းပြည့်နှက်၊ အဝင်ခက်။
၂၁။ အသွားမည်းနက်၊ အဆင်ခက်။
၂၂။ ဆိုးသည့်သတင်း၊ သွားချင်းရှိလျက်၊ အပြောခက်။
၂၃။ ပက်ပယ်လှေဖျက်၊ အတိုက်ခက်။
၂၄။ ကွဲပြားအယူ၊ နားကင်းထူ၊ သုံးလူရှင်လျက်၊ အပေါခက်။

ခဲစု -၁၀

၁။ လူအဖြစ်ကို၊ စင်စစ်မလွဲ၊ ရမည်ခဲ။
၂။ ရလှည့်ပါလည်း၊ အင်္ဂါပြည့်ဝ၊ ပုရိသဟု၊ မုချမလွဲ၊ရမည်ခဲ။
၃။ ပုရိသစစ်၊ ဖြစ်လင့်ကစား၊မြတ်တရားကို၊တိုးပွားနက်နဲ၊သိမည်ခဲ။
၄။ သိငြားသော်လည်း၊ ပျက်ချော်မလွဲ၊ တော်မည်ခဲ။
၅။ တော်ငြားပါလည်း၊ ရှေ့နောက်စိတ်ထဲ၊ တတ်မည်ခဲ။
၆။ ဂတိလေးပါး၊ ထိုတရားကို၊ စွန့်စားရှောင်လွှဲ၊ ကျင့်မည်ခဲ။
၇။ မိစ္ဆာယူမှား၊ အပါယ်လားသော်၊ တရားမစွဲ၊ ကျွတ်မည်ခဲ။
၈။ အရှင်မင်းက၊ မှူးမတ်စသည်၊ ပြည်မလူများ မတရားက၊ တိုင်းကားပြည်ထဲ၊စည်မည်ခဲ။
၉။ ဝေဘူတောင်ဖျား၊ ပတ္တမြားကို၊ စွန့်ထားညွှန်ပေါ်၊ နှစ်တို့သော်လည်း၊ တေဇော်ညွှန်ထဲ၊ နစ်မည်ခဲ။
၁၀။ ပညာလွန်ကြူး၊ ဂုဏ်အထူးနှင့်၊ ကျေးဇူးရှိမူ၊ ထိုသသူအား၊ ခေါင်းပါးဆင်းရဲ၊ ရှိမည်ခဲ။

မမြိုရ-၆

၁။ ရှုပလက္ခဏာ၊ ကိုယ်ခန္ဓာ၊ များစွာဖောက်လှဲ၊ တည်မမြဲ။
၂။ လောကီဥစ္စာ၊ ရတနာကို၊ များစွာသိမ်းဆဲ၊ နေမမြဲ။
၃။ ပုထုဇန်လူ၊ မောဟထူကို၊ အယူစွပ်စွဲ၊ မှတ်မမြဲ။
၄။ သူယုတ်တို့အား၊ ချစ်သနား၍၊ ချီးစားမြှောက်ကဲ၊ ရာမမြဲ။
၅။ သစ်ကိုင်းခက်မြိုင်၊ ကမ်းမနိုင်၊ ပြိုင်ယိုင်ရေထဲ၊ တည်မမြဲ။
၆။ ငါ့တကားဟု၊ ကြိမ်းဝါးမောင်းမဲ၊ မှတ်မမြဲ။

---

# ဇလ္ဒိပါဒ်(၂၈)

## ဘိုးသူတော်ဦးနုစကားပုံ

မြန်ဇမ္ဗူပေါ်၊ ဉာဏ်ယူမျှော်သည်၊ သူတော်ကျွန်ုပ် နား၏တန်ဆာ၊ နားဝင်သာအောင်၊ လက်ာပုဒ်ဖြင့်၊ အာလုပ်ချိုမျှ၊ စကားပုံသရုပ်၊ တမျိုးထုတ်ပြီးလျှင်၊ အချုပ်တမျိုးပြခဲ့မည်။

၁။ ဗုဒ္ဓဆာယာကိုတွယ်ရမည်၊ရုပ်လှတာကိုပယ်ရမည်။ဗုဒ္ဓဆာယာကို တွယ်မှ၊ မြဲရာသည်၊ ရုပ်လှတာကိုပယ်မှ၊ ဘေးပကွာမည်။

၂။ သေရည်ကိုမသောက်နှင့်၊ ရေကြည်ကိုမနှောက်နှင့်၊ သေရည်ကို သောက်က၊ အပါယ်ဘုံသို့ကျတတ်သည်၊ ရေကြည်ကိုနှောက်က၊ အနယ်အမှုန်တို့ ထတတ်သည်။

၃။ ထင်တိုင်းလည်း နှိုပ်၍မဆိုနှင့်၊ ဝင်တိုင်းလည်းသိပ်၍ မမျိုနှင့်၊ ထင်တိုင်းနှိုပ်၍ဆိုက ရန်အသွယ်သွယ် ပွားတတ်သည်၊ ဝင်တိုင်း သိပ်၍မျိုက၊ အန္တရာတ်များတတ်သည်။

၄။ ဂေါဏမံသကိုလည်း မစားနှင့်၊ ကောခြေရှံကိုလည်း မပွားနှင့်၊ ဂေါဏမံသကိုစားက မိဘသဘွယ်ဖြစ်ချေသည်၊ ကောခြေရှံကို ပွားက၊ အထိကရသဘွယ်နှစ်ချေသည်။

၅။ အယုတ်တရားကို၊ အလိုမရှိနှင့်၊ မဟုတ်စကားကို မဆိုဘိနှင့်၊ အယုတ်တရားကိုအလိုရှိက၊ ဘဂဝါ၏စကားကို ပယ်ရာကျချေ

သည်၊ မဟုတ်စကားကို ဆိုဘိက သမာဓိတရားတို့ ကွယ်ပ,ရ လေသည်။

၆။ မြူသလိုပုံနှင့်ကလေးကိုမစနှင့်၊လူကိုယုံသဖြင့်အကြွေးကိုမချနှင့်၊ မြူသလိုပုံနှင့် ကလေးကိုစက၊ ကလေးအမိုက်မို့ ဆဲတတ်သည်၊ လူကိုယုံသဖြင့် အကြွေးကိုချက၊ အရေးမစိုက်သဖြင့်မွဲတတ်သည်။

၇။ အမျိုးယုတ်သူ အဆင်းလှလျှင် သတိထား၊ တန်ခိုးနုတ်သူ ထမင်းဝလျှင်မကြည်စားနှင့်၊ အမျိုးယုတ်သူ အဆင်းလှက၊ စာဂတန်တတ်သည်၊ တန်ခိုးနုတ်သူထမင်းဝက၊ မာနထန်တတ်သည်။

၈။ အဟုတ်အမှန်ကိုလည်းသိမှ၊ အလုပ်အကြံလည်းရှိမှ၊ အဟုတ်အမှန်ကိုသိမှ၊ သံသရာဘေးပၡ်အနေကျယ်ကြမည်၊ အလုပ်အကြံရှိမှ၊ ဆန်ရှားရေးလှ၍၊ အခြေတယ်ကြမည်။

၉။ သူဌေးလို ကြွယ်သော်လည်း မာန်စွယ်မထနှင့်၊ မြေပွေးကိုယ်သော်လည်းအလမ္ပယ်မပြနှင့်၊ သူဌေးလိုကြွယ်သည်ဟု မာန်စွယ်ထက၊အရှိအသေနဲ၍၊ ပြေမုန်းတတ်သည်၊ မြေပွေးကိုယ်သည်ဟု အလမ္ပယ်ပြက၊ ထိုမြွေခဲလို့ မကြာခဏ သေဆုံးတတ်သည်။

၁၀။ မတော်ဘဲမဝယ်နှင့်၊ မခေါ်ဘဲမလည်နှင့်၊ မတော်ဘဲဝယ်လေက သပြာခနရှုံးတတ်သည်၊ မခေါ်ဘဲလယ်ချေက၊ မကြာခဏ မုန်းတတ်သည်။

၁၁။ မတော်တာကို မမြိုးမစားနှင့်၊ အဖော်မပါလျှင် ခရီးမသွားနှင့်၊ မတော်တာကို မြိုးစားက၊ ဘေးရလို့ ရောဂါပွား တတ်သည်၊ အဖော်မပါဘဲ ခရီးသွားက အရေးမလှသမို့ သောကများတတ်သည်။

၁၂။ ခရီးကိုလည်း အပြင်းမသွားနှင့်၊ မီးကိုလည်း အကြွင်းမထားနှင့် ခရီးကိုအပြင်းသွားက မှားတတ်သည်၊ မီးကိုအကြွင်း ထားက ပွားတတ်သည်။

၁၃။ ဆရာပြောသမျှကိုအပြီးမမှားလေနှင့်၊ အနာရောဂါကိုမကြီးပွားစေနှင့်၊ ဆရာပြောသမျှကို အပြီးမှားက၊ မုချမှောက်တတ်သည်။

အနာရောဂါကိုကြီးပွားစေကာ၊ ဒုက္ခရောက်တတ်သည်။

က။ **စကား** စကား ပြောဖန်များက၊ စကားထဲက ဇာတိပြ၍၊ မာန တံခွန်ထူတတ်သည်။

ခ။ ဘုရား တရား ဟောဖန်များက၊ တရားထဲက ပါဠိရ၍၊ ဒါန အလှူနှင့်လှူတတ်သည်။

ဂ။ အမျိုးမြတ်၍ အရိုး ကြံရသည်၊ တန်ခိုး လျှပ်မှ အဘိုးတန်ပါသည်။

သံသရာလောက၊ နှစ်ဝအကျိုး၊ ပွားတိုးစေမှု၊ အာရုံပြုလျက်၊ "ဦးနု" မည်ခေါ်၊ ငါသူတော်လျှင်၊ နာပျော်ဘွယ်ရာ၊ ဆုံးမစာကို၊ ဒါယကာ, ဒါယိကာမ၊ မှတ်သားကြ၍၊ နေ့ည လေ့ကျက်ကြကုန်လော့။

---

# ဣဒ္ဓိပါဒ် (၂၉)

ဣဒ္ဓိပါဒ် ၄–ပါး

၁။ (၁) ဆန္ဒိဒ္ဓိပါဒ် ပြင်းပြသောဆန္ဒဓာတ်။
(၂) ဝီရိယိဒ္ဓိပါဒ် ဇွဲလုံ့လဝီရိယဓာတ်။
(၃) စိတ္တိဒ္ဓိပါဒ် တည်ငြိမ်ထွန်းပသောစိတ်ဓာတ်။
(၄) ဝီမံသိဒ္ဓိပါဒ် ဉာဏ်ယှဉ်သောပညာ။

အစိန္တေယျ အနန္တဇိန သဗ္ဗညုတ ဗုဒ္ဓမြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည် သတ္တဝါဝေနေယျအပေါင်းတို့အား မဟာကရုဏာတော်မြတ်ဖြင့် (၄၅)ဝါတို့ ကာလပတ်လုံး နိဗ္ဗူခေမာ ပြည်အမတာသို့ ကယ်ယူတင်ပို့ တော်မူပြီး၍ ဂိဇ္ဈကုဋ္ဌတောင်တွင် သီတင်းသုံးနေတော်မူခဲ့လေသည်။

၂။ ဗုဒ္ဓ မြတ်စွာဘုရားနှင့် အတူ အရှင် အာနန္ဒာလည်း ရှိတော်မူဆဲတနေ့သော အခါသမယ၌၊ အရှင်အာနန္ဒာအား ခေါ်တော်မူ၍ မိန့်တော်မူသည်မှာ "ချစ်သားအာနန္ဒာ၊ ငါဘုရားသည် သတ္တဝါဝေနေယျတို့ ကယ်ချွတ်ဖွယ်လည်း များစွာကျန်ရှိပေသေးသည်။ ဤဂိဇ္ဈကုဋ္ဌတောင်တွင်လည်း ငါဘုရားမွေ့လျော်တော်မူ၍၊ ငါဘုရားသည်အကယ်၍ ဣဒ္ဓိပါဒ် ၄–ပါးကို

ပွားရ၍နေခဲ့သော်၊ အာယုကပ် ပတ်လုံးသော်၎င်း၊ အာယုကပ်ထက်ဝက် သော်၎င်း ငါဘုရားနေနိုင်သည်''ဟူ၍ မိန့်တော်မူရာ မိစ္ဆာမာရ်နတ်သည် အရှင်အာနန္ဒာ၏ စိတ်တော်၌ဝင်၍ ဖိစီးဖုံးလွှမ်းလေသဖြင့်၊ ''မှန်ပါအရှင် ဘုရား''ဟူ၍သာ ပြန်လည်၍လျှောက်ထားပြီးဆက်လက်လျှောက်ထားခြင်း မပြုနိုင်အောင် မာရ်နတ်သည်ပိတ်ပင်ခဲ့လေသည်။

၃။ အရှင် အာနန္ဒာအားဤသို့ လမ်းကြောင်းရ၍ မိန့်တော်မူခြင်း ပြု ရာတွင် အရှင်အာနန္ဒာက ပြန်၍လျှောက်ထားသင့်သော စကားများမှာ ''ဗုဒ္ဓသဗ္ဗညုတ မြတ်စွာဘုရား.... ...အရှင် မြတ်ဘုရားသည် မဟာကရုဏာ တော်ဖြင့် ကြွင်းကျန်သေးသော သတ္တဝါဝေနေယျအများတို့အား ကယ်ယူ တော်မူရန် အာယုကပ်ပတ်လုံး ဤဂိဇ္ဈကူဋတောင်တော်တွင် သီတင်းသုံး နေတော် မူပါဘုရား''ဟု လျှောက်ထားရမည် ဖြစ်လေသည်။ အရှင် အာနန္ဒာအား မာရ်နတ်သည် ပိတ်ပင်အပ်သည်ဖြစ်၍ ထိုကဲ့သို့ မလျှောက် ထားဖြစ်ခဲ့ပေ။

၄။ ရက်အတန် ကြာမြင့်ခဲ့ပြီးနောက် ညချမ်းအခါတွင် ဗုဒ္ဓမြတ်စွာ ဘုရားသည် အရှင်အာနန္ဒာအား ရှေးကကဲ့သို့ပင် ထပ်မံမိန့်တော်မူပြန်သော် မာန်နတ်သည် ပိတ်ပင်တားမြစ်အပ်သည်ဖြစ်၍ တောင်းပန် လျှောက်ထား မိခြင်း မဖြစ်ပြန်ပေ။ဤသို့ဖြင့်နောက်ဆုံး တတိယအကြိမ် ရက်အတန်ကြာမှ တဖန်ထပ်မံ၍ အရှင်အာနန္ဒာအား မိန့်တော်မူပြန်ပါသော်လည်း ရှေးက ကဲ့သို့ပင် မာရ်နတ်သည် ပိတ်ပင်အပ်သည်ဖြစ်၍ လျှောက်ထားသင့်သလို မလျှောက်ထားဘဲ''မှန်ပါအရှင်ဘုရား''ဖြင့်ပင် ပြီးစီးပြန်လေသည်။

၅။ ယင်းသို့ တတိယအကြိမ် လျှောက်ထားပြီးသောည၌ သန်းခေါင် ကျော်လတ်သော် မာရ်နတ်သည် ဗုဒ္ဓမြတ်စွာဘုရားအား ချဉ်းကပ် လျှောက် ထားသည်မှာ ''အရှင်မြတ်ဘုရားသည် ယခုသက်တော် ၈၀-ရှိပြီဖြစ်၍ ရှေးရှေးသော ဗုဒ္ဓဘုရားတို့၏ အစဉ်အလာအတိုင်း လူတို့၏အသက်တမ်း၏ ၅-ပုံ၊၄-ပုံ သာ နေတော်မူခွင့် ရှိပါသဖြင့် အချိန်ရောက်ပြီဖြစ်၍ ပရိနိဗ္ဗာန် စံဝင်တော်မူပါဘုရား''ဟု လျှောက်ထား ပန်ကြားလေသည်။

၆။ ထိုအခါ ဗုဒ္ဓမြတ်စွာဘုရားက "အချင်း မာရ်နတ် ငါဘုရားသည် နောင် ၃–လလွန်သော် ပရိနိဗ္ဗာန်ပြုတော်မူမည်" ဟု ကတိပေးတော်မူလိုက်လေသည်။ ယင်းသို့ ကတိပေးပြီးတော် မူပြီး ကြောင်းကိုလည်း နံနက်မိုးသောက်သော် အရှင်အာနန္ဒာအား မိန့်တော်မူသောအခါမှ အရှင်အာနန္ဒာသည် မြတ်စွာဘုရားအား လျှောက်ထားသင့်သော စကားကို လျှောက်ထား၍ တားမြစ်လေရာ "အရှင်အာနန္ဒာ ငါဘုရား ပြောကြားစဉ်ကပင် သင် လျှောက်ထားသင့်ပေသည်။ သုံးကြိမ်စေ့ပြီဖြစ်၍ သင် မလျှောက်ထားသဖြင့် မာရ်နတ်၏ လျှောက်ကြားချက်ကို လက်ခံတော်မူပြီးဖြစ်ကြောင်း မိန့်တော်မူသဖြင့် အရှင်အာနန္ဒာသည် သည်းစွာငိုယိုတော်မူကြောင်း ပါဠိတော်၌လာလေသည်။

၇။ ဤယခုဖော်ပြခဲ့သည့်အချက်တို့တွင် ဠဒ္ဒိပါဒ် ၄–ပါးတို့၏ဂုဏ်သတ္တိစွမ်းရည်ကို ဖော်ထုတ်၍ သုံးစွဲနိုင်သူတိုင်းတို့အား ကြီးစွာသောအကျိုးကျေးဇူးကိုရရှိကြစိမ့်သောငှာ ဠဒ္ဒိပါဒ် ၄–ပါးတို့၏ ဂုဏ်ကိုထင်ပေါ်စေရန် ဟောတော်မူရင်း ဖြစ်လေသည်။ သို့ဖြစ်၍ ဠဒ္ဒိပါဒ် ၄-ပါးဟူသည် ကြီးစွာသော တန်ခိုးသိဒ္ဓိပြီးမြောက်ခြင်းပင်လျှင် ဠဒ္ဒိပါဒ်ဖြစ်ပါသည်။

၈။ ဗုဒ္ဓသဗ္ဗညုတ မြတ်စွာဘုရားသည် ဤသို့ဟောတော်မူသော ဓမ္မဒေသနာစကတော်ကို အရှင်ဥပဂုတ္တမထေရ်မြတ်သည် သာသနာသက္ကရာဇ် ၁၀၇–ခုနှစ်တွင်စတင်၍ လက်တွေ့ကျင့်သုံးတော်မူခဲ့ရာ ယနေ့တိုင်အောင်ပင် တောင်သမုဒ္ဒရာတွင် ကြေးပြာသာဒ်ဖြင့်သီတင်းသုံးနေတော်မူဆဲဖြစ်ပြီးလျှင် အန္တရကပ် ၁၂–ကပ်မြောက်လူတို့၏သက်တမ်း (၈၀၀၀၀) ရှစ်သောင်းတမ်းတွင် အရိမေတ္တေယျ ဗုဒ္ဓဘုရား ဖြစ်ပွင့်တော်မူ၍ မြတ်စွာဘုရား သခင်အား ကိုယ်တိုင်ထင်ထင် ဖူးမြင်ပြီးမှသာလျှင် ပရိနိဗ္ဗာန်စံဝင်ရန်ဖြစ်လေသည်။

၉။ အရှင်ဥပဂုတ္တမထေရ်မြတ်သည် မြတ်စွာဘုရား၏ ဓမ္မရသာအမြိုက်နိဗ္ဗာန်ကို သဥပါဒိသေသနိဗ္ဗာန် ခံစံရပါသော်လည်း ဗုဒ္ဓဘုရားသခင်အား ထင်လင်းစွာစက္ခုအမြင်ဖြင့် မဖူးမမြင်ရခြင်းကြောင့် ဘုရား၏တရားတော်ကို သိပါလျက် ဓမ္မာသာမိတရားမင်းမြတ်ကို မဖူးမြင်ရကင ါပရိနိဗ္ဗာန်မပြုသေး၊ အရိမေတ္တေယျဘုရားရှင်ကိုကော်ပင်နှင့် ရွှေပလ္လင်၌ ဖြစ်ပွင့်တော်မူသောအခါ ထင်လင်းစွာ ဖူးမြင်ပြီးမှသာ ငါပရိနိဗ္ဗာန်ပြုအံ့ဟူသော....

(၁) ပြင်းပြသောဆန္ဒတော်ဓာတ်အာရုံစိုက်တည်ထားခြင်း။
(၂) ဝီရိယတော်မပြတ်ပြု၍သမာပတ်ဝင်စား မွေ့လျော်ခြင်း။
(၃) စင်ကြယ်သဖြင့် တည်ထွန်းပသော သမာဓိ သမာပတ်တရား ဖြစ်စေခြင်းစိတ်တော်မြတ်။
(၄) ဉာဏ်ယှဉ်သောပညာ မဂ်ပညာ ဖိုလ်ပညာတို့ဖြင့် ဉာဏဒဿန ဂုဏ်တော်၌ တည်ငြိမ်ခံစား နိဗ္ဗာန်၌ နိရောဓ သမာပတ် ဝင်စားမွေ့လျော်ခြင်း။

တို့ကိုသာသနာတော်အရေး သတ္တဝါများတို့၏အရေး အကျိုးတော်တို့ကို မရွက်ဆောင်တော်မူဘဲ ဣဒ္ဓိပါဒ် ၄-ပါးတို့၌သာ ထာဝစဉ်ပွားများနေတော်မူခြင်းဖြင့် ဗုဒ္ဓဘုရားသခင်၏ စကားတော်ကို အရှင်ဉပဂုတ္တမထေရ်မြတ်သည် လက်တွေ့ကျင့်သုံး အကျိုးခံစားနေခြင်းကိုသက်သေခံ တရပ်အနေဖြင့် ဖော်ပြအပ်ပါသည်။

၁၀။ ဣဒ္ဓိပါဒ် ၄-ပါးတို့ကို အကြင်သူသည် အဆုံးတိုင် အရှင်ဉပဂုတ္တမထေရ်ကဲ့သို့လက်တွေ့ကျင့်သုံးအံ့၊ အရှင်ဉပဂုတ္တမထေရ်ကဲ့သို့ပင် အဆုံးတိုင် အကျိုးကျေးဇူးကို ခံစားရလေသည်။မည်သူမဆိုတို့သည် ဣဒ္ဓိပါဒ် ၄-ပါး တို့ကို အနည်းငယ်မျှသာ လက်တွေ့ကျင့်သုံးနိုင်၏၊ မုချအနည်းငယ် ခံစားရပေမည်။ ပို၍များစွာ အားထုတ်ပါက ပို၍များစွာ အကျိုးခံစားရပေမည်။ မိမိတို့၏ယုံကြည်မှု၏ ပမာဏ အတိုင်းအတာ အတိုင်း ဣဒ္ဓိပါဒ် ၄-ပါးကို ပွားများ အားထုတ်သူသည် ယင်းအားထုတ်သူ ယောဂီ၏ အားထုတ်မှု ပမာဏနှင့်အညီ မုချအကျိုးခံစားကြရ နိုင်လေသည်-ဟူသော အချက်ကို အလေးအနက်ပြုသင့်ကြပေသည်။

၁၁။ ဤကဲ့သို့ဗုဒ္ဓဘုရားသခင်၏ စကားတရားတော်တို့ကို မည်သူမဆိုတို့သည် တရားတော်မြတ်၏ ဂုဏ်တော်ခြောက်ပါး၏ အာမခံချက်တော် အတိုင်းခံစားရမည်သာဖြစ်လေသည်။အချည်းနှီးဟူ၍လည်းမဖြစ်အဆုံးတိုင် အားမထုတ် မပေါက်ရောက်၍အကျိုးမပေး ဟူလည်းမဖြစ် အကြင်သူသည် တပြည်ခန့်ပမာဏ ဣဒ္ဓိပါဒ် ၄-ပါးကို ပွားများအားထုတ်၏၊ ထိုသူ၌မုချ တပြည်ခန့်ပမာဏအတိုင်းအကျိုးကျေးဇူးရရှိမည်သာမှန်၏။

၁၂။ သို့ဖြစ်၍ ပညာကောင်းကျိုး ချမ်းသာ လိုလား ကြကုန်သော အမျိုးကောင်းသားသမီး ပညာပါရမီရှင်အပေါင်းတို့သည်။ ဤအချက်ကို လေးနက်စွာခံယူပိုက်မိကြခြင်းဖြင့် ဣဒ္ဓိပါဒ် ၄-ပါးကိုစွဲမြဲသော ယုံကြည်မှု သဒ္ဓါတရား လက်ကိုင်ထားခါ သတိသမ္ပဇဉ်ယှဉ်၍ အစဉ်ကြိုးစားကြခြင်း အားဖြင့်လောကီကောင်းကျိုး ချမ်းသာအပေါင်း ဘုန်းကြီး၍ သက်ရှည် ပြီးလျှင် ဘေးဒုက္ခအပေါင်း ကင်းဝေး ချမ်းသာမည်သာ ဖြစ်ကြောင်းနှင့် လောကုတ္တရာ ကောင်းကျိုးချမ်းသာ လိုရာဆန္ဒ ဣစ္ဆာသယ ဓာတ်ကြီးဖြစ် ပါကြောင်းကို အလေးအနက် ရဲဝံ့စွာအာမခံအပ်ပါသည်။

ဣဒ္ဓိပါဒ်အပေါင်းပြည့်ဝချမ်းသာပါစေ။

ဣဒ္ဓိပါဒ် ၂၉-ပြီး၏။

ဤတွင် ဣဒ္ဓိပါဒ် စာအုပ် ပြီး၏။

# နိဂုံး

## ကျေးဇူးတင်ပါသည်

ဝီရိယေနဒုက္ခံအစ္စေတိ၊ဆင်းရဲဒုက္ခဟူသမျှတို့ကိုလုံ့လဝီရိယဖြင့်လွန်မြောက်အောင်မြင်နိုင်သည်– ဟူသည်နှင့်အညီဘဝကို ရကြသူဟူသမျှတို့သည်ဘဝ၏မှုချမလွဲတွေ့ကြုံရမည့် ဆင်းရဲခြင်းအဖုံဖုံတို့ကို တွေ့ထိခံစားကြရာတွင်အသိပညာဉာဏ်ဖြင့် ယှဉ်သောလုံ့လဝီရိယဖြင့်ကြံ့ကြံ့ခံ၍ လောကဓံအပေါင်းတို့ကိုတိုက်ခိုက် ကျော်လွှားသွားကြခြင်းအားဖြင့် အတွေ့အကြုံ ရင့်ကျက်သည့်ထက်ရင့်ကျက်၍ လာရပြန်လေသည်။ ယင်းသို့အတွေ့အကြုံ ရင့်ကျက်သည်နှင့်အမျှလည်း ဗောဓိဉာဏ်ရင့်သန်တိုးပွားလာစေရန်လွန်စွာမှ လိုအပ်သောအဓိကအချက်ကြီးဖြစ်လေသည်။ ဗောဓိဉာဏ်ရင့်ကျက်လာမှသာလျှင်ဘဝအတွေ့အကြုံ တွင်လည်း ပုံမှန်ခံယူချက်ဖြင့် လက်တွေ့ သဘောတရားရေးပါမှန်ကန်သောအသိပညာသို့ရောက်ရမည်ဖြစ်ပါသည်။ ဤ(ဣဒ္ဓိပါဒ်) စာအုပ်ပါ ဗုဒ္ဓ၏သာသနာ ဓမ္မစက်ဒေသနာ ဟူသမျှတို့သည်လည်း ကျင့်သုံးသူပါရမီရှင်တို့အားမုချအကျိုးကျေးဇူးကို ဖြစ်စေမည်ဖြစ်ပါသဖြင့် ပညာရှိအား ချဉ်းကပ်သည် မည်ပါသည်။ နယသာဂရ နည်းကောင်းနှင့် မိတ်ကောင်းဖြစ်လျက် စိတ်ကောင်းသဒ္ဓါဖြင့် အမှီကောင်းပါ ပြည့်စုံပြီးလျှင်ပါရမီရှင်၏ရည်သန်သောမျှော်မှန်းချက်ပြည့်ဝကုံလုံမည်ဖြစ်ကြောင်း လုံ့လဝီရိယထုတ်၍ မှန်မှန် ကျင့်သုံးသွားပါရန် သတိသမ္ပဇဉ် ဖြစ်ပါစေကြောင်းဖြင့် နိဂုံးချုပ်မေတ္တာစကားမှာကြားအပ်ပါသည်။

"အမှန်တရားကိုသိမြင်၍အမှန်အလုပ်လုပ်လျှင်အမှန်တရားစစ်စစ်ဖြစ်သည်"

လက်တွေ့သဘောတရားအမှန်သည်အမှန်တရားကိုဖြစ်စေသည်။

ဗုဒ္ဓဂုဏ်တန်ခိုးဖြင့် ချမ်းသာကြပါစေ

ညောင်ရမ်းဇေယျပဏ္ဍိတ။